# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဘဝကိုတန်ဖိုးရှိအောင်နေထိုင်**

လောက၌ လူအဖြစ်ကိုရခြင်းသည်လည်းကောင်း၊ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည်လည်းကောင်း၊ သူတော်ကောင်းတရားကို နာကြားရခြင်းသည်လည်းကောင်း၊ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်ခြင်းသည် လည်းကောင်း ခဲယဉ်းလှပါပေ၏။ (လူ့ဘဝကိုရ၍ အသက်ရှင်ခြင်းကို ရရှိကြသူတိုင်းသည် မိမိဘဝတန်ဖိုးရှိအောင် ပြုမူနေထိုင်ရာ၏။)

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်၊ အင်္ဂါနေ့။ Tuesday , 8 November 2016 (၈၇၃၉)


# ခန္တီးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းတွင်းမြစ်ကူးတံတား(ခန္တီး) တည်ဆောက်လျက်ရှိ





ချင်းတွင်းမြစ်ကူးတံတား(ခန္တီး) တည်ဆောက်ရေးလုပ်ငန်းများကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၇

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပုံ၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ခန္တီးမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူလူငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ မိမိဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ကျောင်းသား ကျောင်းသူများအနေဖြင့် ကြိုးစားသင်ကြားကြစေလိုကြောင်းမှာကြားပြီး သင်တန်းကျောင်းအိပ်ဆောင်များနှင့် စားရိပ်သာတို့ကို ကြည့်ရှုသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့



ဓာတ်ပုံ - သန်းဝေ(တောင်ကြီး)

## တောင်ကြီးတန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာဖွင့်လှစ်

**တောင်ကြီး နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲကို အဝေရာကုန်း မီးပုံးပျံကွင်း၌ နိုဝင်ဘာ ၆ ရက် ညနေ ၅ နာရီခွဲက ပြုလုပ်ခဲ့သည်။ **(ဓဲပုံ)**

အခမ်းအနားတွင် တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် မီးပုံးပျံပြိုင်ပွဲဖွင့်/ပိတ်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းတို့က တန်ဆောင်တိုင်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ထို့နောက် ရှမ်းပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကိန္နရီ/ကိန္နရာအကနှင့် ဓားသိုင်းအကတို့ဖြင့် ကပြဖျော်ဖြေခြင်း၊ ရှမ်းပြည်နယ် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက အရောက်လှမ်းခဲ့ပါ တန်ဆောင်တိုင်သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က တန်ဆောင်တိုင်ပွဲတော်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ စက်ခလုတ်နှိပ်ပြီး မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ စိန်နားပန် မီးပုံးပျံအကြီး နှစ်လုံး လွှတ်တင်ခြင်း၊ MIKKO COFFEE MIX မှ မီးပုံးပျံငယ်အလုံး ၁၅၀၀ နှင့် မြဝတီဘဏ်မှ မီးပုံးပျံငယ် အလုံး ၂၀၀ ကို တစ်ပြိုင်တည်း လွှတ်တင်၍ ၂၀၁၆ ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲဖွင့်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ကြသည်။

တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်မီးပုံးပျံများမှာ ညမီးကြီး အလုံး ၈၀၊ စိန်နားပန် ၃၆ လုံး၊ နေ့လွှတ် ၂၈၇ လုံးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

**သတင်းမီဒီယာသမားများအနေဖြင့် လွတ်လပ်ခွင့်တစ်ခုတည်းပြောဆိုမနေဘဲ ကျင့်ဝတ်နှင့်အညီရေးသားပြောဆိုနိုင်ရန် ကြိုးစားအားထုတ်**

သတင်း စာမျက်နှာ - ၅




ကြေးမုံ

# ပိုမိုကောင်းမွန်သော မူဝါဒများဖြင့် ရွှေ့ပြောင်းအလုပ်သမားများဘဝကို မြှင့်တင်

အာဆီယံဒေသအတွင်း လူဦးရေ ၆၁၅ သန်းခန့်ရှိရာ အလုပ်လုပ်ကိုင်သူဦးရေ သန်း ၃၅၀ ခန့်ရှိသည်။ ထိုအထဲတွင် အာဆီယံနိုင်ငံများမှ ရွှေ့ပြောင်းအလုပ်သမားဦးရေမှာ ၁၅ သန်းဝန်းကျင်ခန့်ရှိကြောင်းသိရသည်။ အာဆီယံ ၁၀ နိုင်ငံတွင် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားဦးရေ သုံးသန်းကျော်ပါဝင်ရာ စာရင်းမကောက်ယူထားသော တရားမဝင်ရွှေ့ပြောင်းအလုပ်သမားလည်း ရှိနေဦးမည်ဖြစ်သည်။

ရွှေ့ပြောင်းအလုပ်သမားဟူသည်မှာ မိမိနေရင်းအရပ်ကိုစွန့်ခွာ၍ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများရှိရာအရပ်သို့ သွားရောက်လုပ်ကိုင်နေကြသူများဖြစ်သည်။ နေရင်းအရပ်တွင် အလုပ်အကိုင်ရှိသော်လည်း ရရှိသည့်လုပ်ခလစာဝင်ငွေထက် ပိုမိုရရှိနိုင်သော အလုပ်များရှိရာသို့ သွားရောက်လုပ်ကိုင်ကြသူများနှင့် နေရင်းအရပ်တွင် အလုပ်အကိုင်မရှိသဖြင့် အလုပ်အကိုင်ရှိရာအရပ်သို့ စွန့်စားသွားလာလုပ်ကိုင်ကြသူများလည်းရှိသည်။

တရားဝင်လုပ်ကိုင်သူများအနေဖြင့် ရွှေ့ပြောင်းလုပ်ကိုင်ရာအရပ်တွင် အလုပ်အကိုင်အဆင်ပြေပါက ရေရှည်လုပ်ကိုင်ကြပြီး အလုပ်အကိုင်အဆင်မပြေပါက နေရင်းအရပ်ကိုပြန်ကြသည်။ တရားမဝင်လုပ်ကိုင်ကြသူများအနေဖြင့်မူ အလုပ်အကိုင်အဆင်မပြေပါက ဒုက္ခမျိုးစုံကြုံတွေ့ကြရသည်။ ယင်းအခြေအနေများကို ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ နိုင်ငံအချင်းချင်းဆွေးနွေးညှိနှိုင်းခြင်းသည် ထိုအလုပ်သမားများအတွက် အထောက်အပံ့ကောင်းကိုဖြစ်စေသည်။

၂၀၀၇ ခုနှစ် ဇူလိုင်လက အာဆီယံဝန်ကြီးများအစည်းအဝေးမှ အာဆီယံရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေး ကြေညာချက်ကို ထုတ်ပြန်ထားသည်။ ထုတ်ပြန်ချက်အရ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုကာကွယ်စောင့်ရှောက်မှုများမှတစ်ဆင့် ၎င်းတို့၏နေထိုင်မှုဘဝ တိုးတက်ကောင်းမွန်လာစေရေး ဦးတည်ချက်နှင့်အညီ ကာကွယ်စောင့်ရှောက်နိုင်မည့် အခွင့်အလမ်းများရှိပြီးဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ပိုမိုကောင်းမွန်ပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်မှုအဆင့် ရရှိစေရန်အတွက် မွေးရပ်ဇာတိကို စွန့်ခွာသွားလာနေကြသော ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများအတွက် သင့်တင့်ကောင်းမွန်သည့်နေထိုင်မှုအဆင့်ကိုပေးနိုင်သည့် အလုပ်လုပ်ကိုင်စေခြင်းသည် နိုင်ငံတကာရွှေ့ပြောင်းသွားလာခြင်း၏ အဓိကရည်မှန်းချက်တစ်ရပ်အဖြစ် သတ်မှတ်ထားသည်။

ထိုနေရာတွင် ပုံမှန်မဟုတ်သော တရားမဝင်ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းများသည် ရောထွေးနေပြီး စီးပွားရေးအကျပ်အတည်း၏ နောက်ဆက်တွဲပြဿနာများကြောင့် ရွှေ့ပြောင်းအလုပ်သမားများသည် စီးပွားရေး၊ လူမှုရေးအခြေအနေအရပ်ရပ်တွင် ဒုက္ခသုက္ခများနှင့်ခံစားခံများ သဖွယ် ဖြစ်လာကြသည်ကို မြင်တွေ့ကြားသိနေရသည်။

ထို့ကြောင့် နိုင်ငံတကာရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းမှ ချမှတ်ထားသော ဦးတည်ချက်၊ ရည်မှန်းချက်များနှင့်အညီ ကူညီစောင့်ရှောက်ပေးနိုင်ရေးကို ပိုမိုအလေးထားကာ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် အထူးလိုအပ်လာသလို ကာလတိုအတွင်း ပိုမိုကောင်းမွန်သော ဦးစားပေးဆောင်ရွက်ရန် မူဝါဒများ၊ အလုပ်သမားဥပဒေများ ခေတ်နှင့်အညီဖြစ်စေရေး၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်မှုကဏ္ဍမြှင့်တင်ရေး၊ အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလုပ်သမားအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပြန်လည်လုပ်ကိုင်လာကြသည်ကို မြင်တွေ့ရသည်မှာ အားတက်ဖွယ်ဖြစ်သည်။

ပြည်ပရောက်ရွှေ့ပြောင်းအလုပ်သမားများအား ကူညီစောင့်ရှောက်ရေးလုပ်ငန်းများမှာ အပြောလွယ်သလောက် လက်တွေ့တွင် အခက်အခဲများ ရှိနေဆဲဖြစ်ပြီး လက်ငင်းအားဖြင့် သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသိတရားနှင့် သတိထားလုပ်ကိုင်ဆောင်ရွက်ကြရန်သာလိုသည်။ မြန်မာနိုင်ငံတွင် ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်း ၂၅၀ ကျော်ရှိသည့်အနက် ၉၀ ကျော်သာ သတ်မှတ်ထားသောစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်နေပြီး သက်ဆိုင်ရာဌာနအနေဖြင့် ပိုမိုကောင်းမွန်သော မူဝါဒအသစ်များရေးဆွဲပြီး ဆက်လက်ဆောင်ရွက်သွားမည်မှာ ကောင်းမွန်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် ပြည်ပမှပြန်လည်ရောက်ရှိလာသော အလုပ်သမားများအား မိမိတို့၏ပြည်တွင်းမှာပင် အခြေချလုပ်ကိုင်နိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်၍ ကာလတိုအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် စီးပွားရေးလုပ်ငန်းသစ်များတွင် နေရာချထားပေးနိုင်မည့် မူဝါဒများ လိုအပ်နေပြီဖြစ်ပါသည်။ ။



ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်တို့ ပြည်နယ်နေ့ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြစဉ်။

# (၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနား ကျင်းပ

**ဘားအံ နိုဝင်ဘာ ၇**

(၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ အစိုးရအဖွဲ့ရုံးရှေ့မြက်ခင်းပြင်တွင် ပြုလုပ်ရာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကရင်ပြည်နယ် အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် ၂၀၁၆ ခုနှစ် (၆၁) နှစ်မြောက် ကရင်ပြည်နယ်နေ့သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဖတ်ကြားသည်။ ဆက်လက်၍ (၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ပြည်နယ်ဂုဏ်ဆောင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ရာ တက်ရောက်လာကြသော ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကရင်ပြည်နယ်အတွင်း ၂၀၁၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့စာစီစာကုံးပြိုင်ပွဲ(ဗဟိုအဆင့်၊ ပြည်နယ်အဆင့်)ဆု၊ သင်ထောက်ကူသေတ္တာ (ဗဟိုအဆင့်)ဆုနှင့် Electronic Teaching Aids (ဗဟိုအဆင့်)ဆုရ ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ (၂၂)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရရှိသူများအား လည်းကောင်း၊ စွမ်းဆောင်ရည်ထူးချွန်ဆုရ ရဲတပ်ဖွဲ့ဝင်များအားလည်းကောင်း၊ ပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးထူးချွန်ဆုများကို လည်းကောင်း အသီးသီးချီးမြှင့်ကြသည်။

ယင်းနောက် နံနက် ၈ နာရီတွင် ပြည်နယ်နေ့ ကျင်းပရာ သီရိကွင်း၌ (၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့မုခ်ဦးကို ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းနှင့် မြို့မိမြို့ဖ ဦးစောအောင်ပွင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်နေ့ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ (၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲပြိုင်ပွဲတွင် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ စိုက်ပျိုးရေးစိတ်ပါဝင်စားသူတောင်သူများက ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်အမယ်ပေါင်း ၄၀ ကျော် လာရောက်ယှဉ်ပြိုင်ကြရာ ဆုရရှိသူများအား ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဆုများချီးမြှင့်သည်။

ညပိုင်းတွင် ကရင်ပြည်နယ်နေ့ အထင်ကရဖြစ်သော ကရင်တိုင်းရင်းသားတို့၏ ရိုးရာဒုံးအကပြိုင်ပွဲကို ကရင်ပြည်နယ်အတွင်းရှိ ဒုံးအဖွဲ့ ၁၇ ဖွဲ့က နိုဝင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ထိုက်တန်စွာ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ပြည်နယ်နေ့ကျင်းပရာ သီရိကွင်းအတွင်း၌ မြန်မာ-ထိုင်းရိုးရာလက်ဝှေ့၊ ရိုးရာခြင်းအလှခတ်၊ တိုင်းရင်းသားရိုးရာအကပဒေသာ၊ အငြိမ့်နှင့် စင်တင်တေးဂီတဖျော်ဖြေပွဲများ၊ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်များဖြင့် (၆၁) နှစ်မြောက် ကရင်ပြည်နယ်နေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ရဲတပ်ဖွဲ့မိသားစုဝင်များ အခြေခံစစ်ပညာသင်တန်းပေး

**နေပြည်တော် နိုဝင်ဘာ ၇**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့ရှိ အိမ်ထောင်စုဝင်မိသားစု များ၏ အခြေခံစစ်ရေးပြသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက် ၈ နာရီတွင် ရွှေတွင်းကုန်းမြို့မရဲစခန်းတွင် ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ရဲတပ်ဖွဲ့မိသားစုဝင်အင်အား ၂၂ ဦး တက်ရောက်ခဲ့ပြီး စစ်ရေးပြလေ့ကျင့်မှုနှင့်ပတ်သက်၍ လက်နက်ခဲယမ်းများအား ကျွမ်းကျင်စွာ အသုံးပြုနိုင်ပြီး ရဲတပ်ဖွဲ့၏ အရန်အင်အားများဖြစ်အောင် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ကိုကိုနေ)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဩဂုတ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

❐ **ရွှေဖုံးမှ**

ယင်းနောက် ဒုတိယသမ္မတသည် အစိုးရစက်မှုလက်မှုသိပ္ပံ (ခန္တီး)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ အလုပ်ရုံများတွင် လက်တွေ့လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုပြီး ဆရာ ဆရာမများအား ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းလူငယ်များ ပညာတတ်မြောက်ပြီး တစ်ဦးချင်းဝင်ငွေတိုးလာစေရေးအတွက် လေ့ကျင့်သင်ကြားပေးရန်မှာကြားသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ (ခန္တီး)ကို ၂၀၀၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး AGTI ဒီပလိုမာ သုံးနှစ်သင်တန်းအဖြစ် အထူးပြုဘာသာရပ်လေးခု သင်ကြားပို့ချလျက်ရှိသည်။ အစိုးရနည်းပညာအထက်တန်းကျောင်းကို ၂၀၀၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်နှစ်သင်တန်းအဖြစ် အထူးပြုဘာသာရပ်များအပြင် ဒေသနှင့်ကိုက်ညီသည့် ကျွမ်းကျင်မှုသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ခန္တီးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအားတွေ့ဆုံရာ ကျောင်းအုပ်ကြီးက နှစ်အလိုက်အောင်မြင်မှု အခြေအနေ၊ ကျောင်းသားနှင့် ဆရာအရေအတွက်၊ ကျောင်းဆိုင်ရာ အချက်အလက်များကို တင်ပြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ ကျောင်းမထွက်စေရေးနှင့် မူလတန်းပညာရေးအဆင့် ပြီးမြောက်အောင် ကြိုးစားသင်ကြားပေးကြစေလိုကြောင်း၊ ဆရာ ဆရာမများ အရည်အချင်းရှိမှသာ ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးမှာလည်း ကောင်းမွန်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနအနေဖြင့် ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်အပေါ် မူတည်ပြီး တာဝန်ချထားပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းများ၏ လိုအပ်ချက်များကိုလည်း အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဒုတိယသမ္မတက မိမိတို့အနေဖြင့် ခန္တီးဒေသ၏ ပညာရေး၊ ကျန်းမာရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် နာဂဒေသ မြို့နယ်သုံးခုတွင် ကာကွယ်ဆေးထိုး ဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရေးမူဝါဒကော်မရှင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အရေးကြီးသည်မှာ ပညာတတ်များ များပြားလာရန် ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ဘတ်ဂျက်ပိုမိုသုံးစွဲလျက်ရှိကြောင်း၊ ထို့ပြင် ဆရာ ဆရာမများ အရည်အသွေးမြင့်မားစေရေးအတွက် သင်တန်းများပေးနိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ခန္တီးဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆရာ ဆရာမများအနေဖြင့် ပညာတတ်လူငယ်များ ပေါ်ထွန်းလာစေရန် ကြိုးစားသင်ကြားပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက ခန္တီးမြို့ အခြေခံပညာမူလတန်းကျောင်းများအတွက် ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူးထံပေးအပ်ပြီး သိပ္ပံလက်တွေ့စာသင်ခန်း၊ ရူပဗေဒနှင့် ဓာတုဗေဒ လက်တွေ့စာသင်ခန်း၊ အိမ်တွင်းမှုလက်တွေ့စာသင်ခန်း၊ ကွန်ပျူတာခန်းနှင့် စာကြည့်တိုက်တို့ကို လိုက်လံကြည့်ရှုသည်။

ဒုတိယသမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ချင်းတွင်းမြစ်ကူးတံတား(ခန္တီး) တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိရာ တည်ဆောက်ရေး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက တံတားတည်နေရာ၊ စီမံကိန်းတန်ဖိုး၊ ရန်ပုံငွေရရှိမှု၊ တံတားဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက သိလိုသည်များကိုမေးမြန်းပြီး စံချိန်စံညွှန်း အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန်မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းဆောင်မှ ကြည့်ရှုသည်။

ချင်းတွင်းမြစ်ကူးတံတား(ခန္တီး)ကို ခန္တီး-ဆင်သေ-လဟယ် လမ်းပေါ်တွင် တည်ဆောက်လျက်ရှိပြီး တံတားအရှည် ၄၄၉ ဒသမ ၅ မီတာ၊ အကျယ် ၈ ဒသမ ၅ မီတာ၊ ပင်မတံတား သံမဏိသံပေါင်နှင့် တံတားအောက်ထည် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်း ၂၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်ကအားထားရသည့် အုပ်ချုပ်ရေးဌာနကြီးအဖြစ် ကြိုးပမ်းသွားကြရန်

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မှာကြား



နေပြည်တော်၌ကျင်းပသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လှုပ်ရှားဆောင်ရွက်မှုပြခန်းအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၇**

အစိုးရ၏မူဝါဒများ အောင်မြင်စွာဆောင်ရွက်ရေးအတွက် အဓိကလိုအပ်ချက်သည် အမျိုးသားရေးတည်ဆောက်ရန်၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်တို့ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

နေပြည်တော် Hotel Max ၌ ယနေ့ ညနေ ၅ နာရီတွင် ကျင်းပသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဒုတိယသမ္မတက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ဆက်လက်၍ အမျိုးသားရေးတည်ဆောက်ရန် အခြေခံအုတ်မြစ်သည် အမျိုးသားညီညွတ်ရေးပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုတစ်ခုတည်းမှ ပြည်ထောင်စုသားများ ဟူသည့် စိတ်ဓာတ်များ ဖြစ်ပေါ်လာရန် ညီညွတ်ရေးကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ စစ်မှန်သည့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေး ခြေလှမ်းတစ်ရပ်အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံကို ကျင်းပခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည် နိုင်ငံတော်အဆင့်မှ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ တာဝန် ထမ်းဆောင်လျက်ရှိသည့်အတွက် နိုင်ငံတော်၏ မူဝါဒများ အောင်မြင်ရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိရေးတို့တွင် ဒေသအသီးသီးရှိ တိုင်းရင်းသား ပြည်သူများ ဝိုင်းဝန်းကူညီပါဝင်လာစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ဒုတိယသမ္မတက ထိရောက်ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုစနစ်ဖြစ်ပေါ်စေရေးနှင့် ပြည်သူ့ဝန်ဆောင်မှု (People Service) လုပ်ငန်းများ ထိရောက်အောင်မြင်စွာဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ဝန်ထမ်းများသည် သော့ချက်ဖြစ်ပြီး အစိုးရအုပ်ချုပ်ရေးနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကမောင်းနှင်အားများဖြစ်ပါကြောင်း၊ တာဝန်ယူ၊ တာဝန်ခံမှုရှိသည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops) ၁၁၆ ရုံးကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်သူများကို ဝန်ဆောင်မှုပေးခြင်းဖြင့် ပြည်သူလူထု အားကိုးယုံကြည်ရသည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်က အားထားရသည့် အုပ်ချုပ်ရေးဌာနကြီးအဖြစ် ဆက်လက်ရပ်တည်သွားနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ခဲ့ကြသည့် ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးများအား ဆုများပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်တို့က ဗဟိုဝန်ထမ်းတက္ကသိုလ်နှင့် အုပ်ချုပ်မှုပညာ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်းနှင့် လုပ်ငန်းစွမ်းဆောင်မှု မှတ်တမ်း Video Clip ကို ပြသသည်။

ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လှုပ်ရှားဆောင်ရွက်မှုပြခန်းများအား လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတသည် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်သည်။

၁၉၈၈ ခုနှစ် နောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် (၄/၈၈) ဖြင့် "အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန" ကို ၁၉၈၈ ခုနှစ် နိုဝင်ဘာ ၇ ရက်မှစတင်၍ ပြန်လည်ဖွဲ့စည်းကြောင်း ကြေညာခဲ့သည့်အတွက် ယနေ့ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် (၂၈)နှစ်ကာလ ရောက်ရှိခဲ့ပြီဖြစ်သည်။ **(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၇ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၃)ကော်လံ(၅)ပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ သတင်းမှ **ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ** အစား **ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# နိုင်ငံတကာရဲတပ်ဖွဲ့၏ အထွေထွေညီလာခံ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ဖွင့်လှစ်

**နူဆာဒူယာ နိုဝင်ဘာ ၇**

နိုင်ငံတကာရဲတပ်ဖွဲ့ (အင်တာပိုလ်)၏ (၈၅)ကြိမ်မြောက် အထွေထွေညီလာခံကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ နိုဝင်ဘာ ၇ ရက်တွင် ဖွင့်လှစ်လိုက်ကြောင်း၊ အဆိုပါညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၆၇ နိုင်ငံမှ ရဲချုပ်များနှင့် ကိုယ်စားလှယ်များတက်ရောက်ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

လေးရက်ကြာကျင်းပမည့် အင်တာပိုလ် အထွေထွေညီလာခံကို ကမ္ဘာလှည့်ခရီးသွားများအတွက် အပန်းဖြေကျွန်းဖြစ်သော ဘာလီကျွန်း၌ ကျင်းပလျက်ရှိရာတွင် လုံခြုံရေးကိုတင်းကျပ်ထားပြီး ရဲတပ်ဖွဲ့ဝင် ၃၈၀၀ ကို ဖြန့်ကြက်ထားသည်။

အင်တာပိုလ် အထွေထွေညီလာခံသို့ အစ္စရေးနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ တက်ရောက်ခွင့်ပြုခြင်းအတွက် သဘောထားတင်းမာသောအုပ်စုများ၏ ဝေဖန်မှုများပေါ်ထွက်ခဲ့သည်။ ကုလသမဂ္ဂအထွေထွေညီလာခံပြီးလျှင် ကိုယ်စားလှယ်အရေအတွက် ဒုတိယအများဆုံး တက်ရောက်သည့် အစည်းအဝေးကြီးဖြစ်သဖြင့် လုံခြုံရေးကိုအထူးတင်းကျပ်ထားကြောင်း အင်ဒိုနီးရှားအမျိုးသားရဲတပ်ဖွဲ့က ပြောကြားသည်။

အိုင်အက်စ်အဖွဲ့နှင့်ဆက်နွယ်မှုရှိသောအုပ်စုများ သို့မဟုတ် ဆန်တိုဆိုအဖွဲ့ဝင် နောက်လိုက်များက အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာခြင်းမရှိစေရေးအတွက် လုံခြုံရေးကိုတင်းကျပ်ထားသည်။ ဆန်တိုဆိုအဖွဲ့ဝင်များသည် ပါလူးကျွန်း၏ တောအတွင်း ပုန်းခိုလျက်ရှိသည်ဟု ယူဆရသည်။ အဖွဲ့ဝင် ၁၉၀ နိုင်ငံပါဝင်သော အင်တာပိုလ်အဖွဲ့၏ အဖွဲ့ဝင် ၁၆၇ နိုင်ငံက အထွေထွေညီလာခံတက်ရောက်ရန် အတည်ပြုခဲ့ကြသည်။

ယခုနှစ်၏ အထွေထွေညီလာခံတွင် ပါလက်စတိုင်းအား အဖွဲ့ဝင်အဖြစ်သတ်မှတ်ရေးကိစ္စ၊ အိုင်အက်စ်အဖွဲ့၏ လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများ စသည့်အကြောင်းရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။ **ရိုက်တာ။**



# နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲလုပ်ငန်းအဖွဲ့ထူထောင်ရန် အိန္ဒိယနှင့် ဗြိတိန်ဝန်ကြီးချုပ်တို့ သဘောတူညီ

**နယူးဒေလီ နိုဝင်ဘာ ၇**

နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့တစ်ဖွဲ့ ထူထောင်ရေးကိစ္စကို ဗြိတိန်ဝန်ကြီးချုပ် ထရီစာမေနှင့် သဘောတူညီမှုရရှိကြောင်း၊ ကုန်ပစ္စည်းဆိုင်ရာ ကုန်သွယ်မှုသာမက ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုပေါ်တွင် အလေးပေးမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက နိုဝင်ဘာ ၇ ရက်တွင် ပြောကြားလိုက်သည်။

ဗြိတိန်ဝန်ကြီးချုပ် မေသည် မြို့တော်နယူးဒေလီရှိ ဟိုက်ဒြာဘတ်အိမ်တော်တွင် ဝန်ကြီးချုပ် မိုဒီအား တွေ့ဆုံခဲ့သည်။

ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်ပြီးချိန်အထိ မစောင့်ဆိုင်းဘဲ အိန္ဒိယနိုင်ငံနှင့်ကုန်သွယ်ရေး ဆက်ဆံမှု မြှင့်တင်သွားလိုကြောင်း ဝန်ကြီးချုပ်မေက ပြောကြားသည်။

ဗြိတိန်နိုင်ငံသည် အိန္ဒိယ ကျောင်းသား ကျောင်းသူများကိုသာမက စီးပွားရေးလုပ်ငန်းရှင်များကိုပါ ဖိတ်ခေါ်ပါကြောင်း မေက ဆက်လက်ပြောကြားသည်။

ဝန်ကြီးချုပ်မေသည် အစိုးရအဖွဲ့၏ အကြီးအကဲအဖြစ် ဇူလိုင်လတွင် အာဏာရရှိလာခဲ့ပြီးချိန်နောက်ပိုင်း အိန္ဒိယနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်သည်။ မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးသည် အကန့်အသတ်မရှိကြောင်း၊ အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအတွက် ပြည်ဝင်ဗီဇာအမြန်ဆုံးနှင့်အလွယ်ကူဆုံး ထုတ်ပေးမည့် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မေက ပြောကြားသည်။

နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကိစ္စကို ဝန်ကြီးချုပ်မိုဒီနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြောင်း ဝန်ကြီးချုပ်မေက နယူးဒေလီ၌ ကျင်းပသော အိန္ဒိယ-ဗြိတိန် နည်းပညာဆိုင်ရာဆွေးနွေးပွဲတွင် ပြောကြားသည်။ **ရိုက်တာ။**

# ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေး ပိတ်ပင်ခြင်းမပြုရန် ဝန်ကြီးချုပ် ထရီစာမေက အမတ်များကို သတိပေး

**လန်ဒန် နိုဝင်ဘာ ၇**

ဥရောပသမဂ္ဂ(အီးယူ)မှ နုတ်ထွက်ရန် ဗြိတိန် ပြည်သူများ၏ မဲပေးဆုံးဖြတ်ချက်ကို ပါလီမန်က လက်ခံရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ ဆုံးဖြတ်ချက်သည် တရားဥပဒေနှင့် ညီညွတ်သဖြင့် အီးယူမှ မိမိ၏နိုင်ငံနုတ်ထွက်ရေးကိစ္စကို အစိုးရအဖွဲ့က အပြည့်အဝဆောင်ရွက်ခွင့် ရှိသင့်ကြောင်း ဝန်ကြီးချုပ် ထရီစာမေက နိုဝင်ဘာ ၆ ရက်တွင် ပြောကြားလိုက်သည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေး လုပ်ငန်းစဉ်ကို ပါလီမန်၏ ခွင့်ပြုချက် မရယူဘဲ စတင်လုပ်ဆောင်ခွင့်မရှိဟု ဗြိတိန်တရားရုံးချုပ်က ဆုံးဖြတ်ခဲ့ပြီးနောက် ဝန်ကြီးချုပ်မေက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

တရားရုံးချုပ်၏ နိုဝင်ဘာ ၃ ရက် ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အယူခံဝင်သွားမည်ဟု ကွန်ဆာဗေးတစ်အစိုးရအဖွဲ့က ပြောကြားခဲ့သည်။ မိမိသည် အီးယူမှ ဗြိတိန်နုတ်ထွက်ရေးနှင့် ပတ်သက်၍ ယင်းဆုံးဖြတ်ချက်ကို အခိုင်အမာ ထုချေနိုင်မည်ဟု ယုံကြည်ကြောင်း ဝန်ကြီးချုပ် မေက ပြောကြားသည်။

အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ခြင်းဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များ ဖြေလျှော့နိုင်စေရေးအတွက် အီးယူတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်လက်ရှိနေစေလိုသော အမတ်များ ရှိနေချိန်တွင် တရားရုံးချုပ်၏ ဆုံးဖြတ်ချက် ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အီးယူမှ နုတ်ထွက်ရန် လိုလားသူများကမူ ယင်းဆုံးဖြတ်ချက်နှင့်ပတ်သက်၍ မကျေမနပ် ဝေဖန်ပြောကြားခဲ့ကြသည်။

အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ခြင်းကို ကန့်ကွက်ကြသည့် အမတ်များအား ဝန်ကြီးချုပ်မေက တုံ့ပြန်သည့် ဆောင်းပါးတစ်ပုဒ်ကို နိုဝင်ဘာ ၆ ရက်ထုတ် ဆန်းဒေးတယ်လီဂရပ်သတင်းစာတွင် ဖော်ပြထားသည်။

ပြည်သူတို့အနေဖြင့် အီးယူမှ ဗြိတိန်နုတ်ထွက်ရန် ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူ့ဆန္ဒနှင့်အညီ ဆက်လက်လုပ်ဆောင်ရမည်မှာ အစိုးရအဖွဲ့၏ တာဝန်ပင်ဖြစ်ကြောင်း ဝန်ကြီးချုပ်မေက ရေးသားသည်။ **ရိုက်တာ။**



# သမ္မတပတ်အား ပါတီမှ နုတ်ထွက်ရန် တောင်းဆိုမှုများ မြင့်တက်လျက်ရှိ

**ဆိုးလ် နိုဝင်ဘာ ၇**

မကြာသေးမီက ထွက်ပေါ်လာသော အရှုပ်တော်ပုံနှင့်ပတ်သက်ပြီး သမ္မတပတ်ဂွန်ဟေးအား လက်ရှိအာဏာရ ဆာနူရီပါတီမှ နုတ်ထွက်ရန် တောင်းဆိုမှုများမှာ လက်ရှိကာလတွင် မြင့်တက်လျက်ရှိကြောင်း သတင်းများအရသိရသည်။

နိုဝင်ဘာ ၆ ရက်တွင် သမ္မတပတ်ဂွန်ဟေးက ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် သူ၏ရွေးချယ်မှုနှင့်ပတ်သက်ပြီး လက်ရှိအာဏာရပါတီနှင့် အတိုက်အခံပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

သမ္မတပတ်ဂွန်ဟေးက ကင်ဗျောင်ဂျူးအား ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ရန် ရွေးချယ်ထားသည်။ ကင်ဗျောင်ဂျူးသည် သမ္မတဟောင်း ရိုမိုဟောင်လက်ထက်တွင် ထိပ်တန်းအရာရှိတစ်ဦးဖြစ်ခဲ့သည်။ သို့သော်အတိုက်အခံပါတီက သမ္မတပတ်၏ ဝန်ကြီးချုပ်ရွေးချယ်တင်သွင်းမှုကို ပယ်ချခဲ့ပြီး သမ္မတပတ်သည် သူ၏ တစ်ဖက်သတ်ကျသော ဝန်ကြီးချုပ်ရွေးချယ်မှုအဆိုကို မဆိုင်းမတွ ပြန်လည်ရုပ်သိမ်းသင့်ကြောင်းနှင့် ပါတီမှနုတ်ထွက်ရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆာနူရီပါတီယခင်ဥက္ကဋ္ဌ ကင်မိုဆန်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် သမ္မတပတ်အနေဖြင့် ၎င်း၏ အရှုပ်တော်ပုံနှင့်ပတ်သက်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့်အနေဖြင့် ပါတီမှနုတ်ထွက်သင့်သည်ဟု ပြောကြားခဲ့သည်။ ကင်မိုဆန်သည် သမ္မတပတ်ကို ရှုတ်ချသည့် ပါတီဝင်များအနက် တစ်ဦးအပါအဝင်ဖြစ်သည်။

လွှတ်တော်အမတ်များက သမ္မတပတ်အား ယခုလအစောပိုင်းတွင် ၎င်း၏ အရှုပ်တော်ပုံနှင့်ပတ်သက်ပြီး မေးခွန်းများမေးမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် ဒီမိုကရေစီစနစ်စတင်ကျင့်သုံးခဲ့သည့် ၁၉၈၇ ခုနှစ်မှစပြီး သမ္မတငါးဦးအနက် လေးဦးသည် အရှုပ်တော်ပုံအမျိုးမျိုးထွက်ပေါ်ကာ ၎င်းတို့၏ပါတီများမှ နုတ်ထွက်သွားခဲ့ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# အမေရိကန် သမ္မတရွေးကောက်ပွဲ ကျင်းပချိန် တောင်ကိုရီးယား တပ်မတော်ကို တပ်လှန့်ထား

**ဆိုးလ် နိုဝင်ဘာ ၇**

နိုဝင်ဘာ ၈ ရက် အမေရိကန်သမ္မတ ရွေးကောက်ပွဲကျင်းပချိန်ကာလအတွင်း မြောက်ကိုရီးယားနိုင်ငံက တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်တစ်လုံးကို စမ်းသပ်ပစ်ခတ်ဖွယ်ရှိသဖြင့် တောင်ကိုရီးယားတပ်မတော်ကို အမြင့်ဆုံးတပ်လှန့်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံသည် နိုင်ငံတကာ၏ အရေးယူပိတ်ဆို့မှုများရှိနေသည့်ကြားမှ နျူကလီးယားနှင့်ဒုံးကျည် ဖွံ့ဖြိုးရေးအစီအစဉ်တို့ကို မစွန့်လွှတ်ဘဲ ဆက်လက်လုပ်ကိုင်သွားမည်ဆိုခြင်းနှင့်ပတ်သက်၍ အမေရိကန်သမ္မတသစ်ကို သတင်းစကားပါးလိုပုံရကြောင်း တောင်ကိုရီးယားစစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားကြသည်။

မြောက်ကိုရီးယား၏ ပန်ဂေးရီနျူကလီးယား စမ်းသပ်ရေးစခန်းနှင့် ဒုံးကျည်ပစ်လွှတ်နိုင်သော နေရာများကို မိမိတို့ အခါမလပ် စောင့်ကြည့်လျက်ရှိကြောင်း မြို့တော်ဆိုးလ်ရှိ ပူးတွဲစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **ရိုက်တာ။**

# သတင်းမီဒီယာသမားများအနေဖြင့် လွတ်လပ်ခွင့်တစ်ခုတည်းပြောဆိုမနေဘဲ ကျင့်ဝတ်နှင့်အညီရေးသားပြောဆိုနိုင်ရန် ကြိုးစားအားထုတ်

**ရန်ကုန်　　နိုဝင်ဘာ　　၇**

သတင်းမီဒီယာလွတ်လပ်ခွင့်တစ်ခုတည်းကိုချည်း ပြောဆိုနေ၍မပြီးဘဲ သတင်းမီဒီယာသမားများအနေဖြင့် ကျင့်ဝတ်နှင့်အညီ ရေးသားပြောဆိုနိုင်ရန်လည်း ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပသည့် ပဉ္စမအကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါညီလာခံကို ပြန်ကြားရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနည်းပညာနှင့် ယဉ်ကျေးမှုအဖွဲ့-ယူနက်စကိုနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာနိုင်ငံတွင် မီဒီယာနယ်ပယ်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ဦးတည်ပြီး မီဒီယာကွန်ဖရင့် ကျင်းပလာသည်မှာ ပဉ္စမအကြိမ် ရောက်ရှိလာပြီဖြစ်ပါကြောင်း။

**သိသာထင်ရှားသည့် တိုးတက်မှု**

မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ မီဒီယာကွန်ဖရင့်ကို ကျင်းပနိုင်ခြင်း၊ မီဒီယာနယ်ပယ် အသီးသီးတွင် စိန်ခေါ်မှုများ ဖြေရှင်းနိုင်ရန်နှင့် ကျော်လွှားနိုင်ရန်အတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခြင်းသည် မီဒီယာလောကအတွက် သိသာထင်ရှားသည့် တိုးတက်မှုတစ်ရပ်ဖြစ်ပါကြောင်း။



ပဉ္စမအကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံဖွင့်ပွဲ ကျင်းပစဉ်။　　(သတင်းစဉ်)



မြန်မာသတင်းပညာသိပ္ပံအမှုဆောင်ဒါရိုက်တာ ဦးသီဟစော

**မီဒီယာများ လွတ်လပ်ခွင့်ပိုမိုရှိလာ**

လွန်ခဲ့သည့် လေးငါးနှစ်နှင့်နှိုင်းစာပါက မီဒီယာများ လွတ်လပ်ခွင့်ပိုမိုရှိလာကြောင်း၊ ယင်းသို့ လွတ်လပ်သည့်ကြားကပင် သတင်းမီဒီယာသမားများအတွက် သတင်းရယူရာတွင် အကန့်အသတ်ဖြစ်နေခြင်းမျိုးများ ရှိနေဆဲဖြစ်ပါကြောင်း၊ မီဒီယာနှင့် ဆက်စပ်သူများအားလုံး တာဝန်ရှိသကဲ့သို့ အစိုးရပိုင်းကလည်း တာဝန်ရှိပါကြောင်း၊ မီဒီယာသမားအချင်းချင်းကြားတွင်လည်း သတင်းရရှိနိုင်မှုအခက်အခဲနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပါကြောင်း၊ ယခင်ကနှင့်နှိုင်းစာပါက တိုးတက်မှုရှိခဲ့ပါကြောင်း၊ မီဒီယာသမားများနှင့် သက်ဆိုင်သည့် မဏ္ဍိုင်များနှင့် ပိုမိုထိတွေ့နိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်တွင် ပြောရေးဆိုခွင့်ရှိသူများ ရွေးချယ်ထားပြီး သတင်းမီဒီယာများနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ သင်တန်းများ ပြုလုပ်လျက်ရှိပါကြောင်း၊ မီဒီယာမှ ထင်ရှားသူများနှင့် ဆက်သွယ်၍ သင်တန်းများပေးကာ ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြောရေးဆိုခွင့်ရှိသူများနှင့် မီဒီယာများတွေ့ဆုံပြီး နှစ်ဖက်သဘောတူညီချက်များ ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ တစ်ဦး၏ လုပ်ငန်းသဘာဝကို တစ်ဦးသိရှိပြီး သတင်းကိစ္စ ဆက်သွယ်ဆောင်ရွက်မှု ချောမွေ့လွယ်ကူတိုးတက်လာပါကြောင်း ပြောကြားသည်။

ပထမအကြိမ် မီဒီယာကွန်ဖရင့်တွင် မီဒီယာပြုပြင်ပြောင်းလဲရေး ဘယ်လိုလုပ်ကြမလဲဆိုသည်ကို အဓိကထား ဆွေးနွေးခဲ့ကြပြီး မလွတ်လပ်သေးသည့် မီဒီယာနှင့်ပတ်သက်သည့်ဥပဒေများရှိကြောင်း၊ ၂၀၁၂ ခုနှစ်ခန့်တွင် Censorship စနစ်ကို ဖျက်သိမ်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မီဒီယာပြုပြင်ပြောင်းလဲရေးကို အဓိကဆွေးနွေးခဲ့ပါကြောင်း။

ဒုတိယအကြိမ်မြောက် မီဒီယာကွန်ဖရင့်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အဓိကထား ဆွေးနွေးခဲ့ကြပါကြောင်း၊ တတိယအကြိမ်မြောက် မီဒီယာကွန်ဖရင့်တွင် လူမှုတာဝန်သိမှု မီဒီယာနှင့် မီဒီယာဥပဒေများအကြောင်းကို အဓိကဆွေးနွေးခဲ့ကြကြောင်း၊ မီဒီယာလွတ်လပ်ခွင့်များရှိလာသည်နှင့်အမျှ မီဒီယာများကလည်း တာဝန်သိသော မီဒီယာဖြစ်ရေးနှင့် မီဒီယာဥပဒေများအကြောင်းကို ဆွေးနွေးခဲ့ပါကြောင်း၊ စတုတ္ထအကြိမ်မြောက် မီဒီယာကွန်ဖရင့်တွင်လည်း မီဒီယာဥပဒေများအကြောင်း၊ မီဒီယာကဏ္ဍတွင် ကျား၊ မ တန်းတူရည်တူရှိမှုအကြောင်းကို အဓိကထား ဆွေးနွေးခဲ့ကြပါကြောင်း။

**အကြောင်းအရာခေါင်းစဉ်များ**

ယခုပဉ္စမအကြိမ်မြောက် မီဒီယာကွန်ဖရင့်တွင် မီဒီယာဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ သတင်းထောက်များ၏ လုံခြုံရေး၊ လွတ်လပ်ပြီး အမှီအခိုကင်းသည့်မီဒီယာများ ရေရှည်တည်တံ့ရေး၊ ကွန်မြူနတီ မီဒီယာများ၏အသံများ ခိုင်မာအားကောင်းရေး ဆိုသည့် အကြောင်းအရာခေါင်းစဉ်များကို ဆွေးနွေးသွားကြရန်ရှိပါကြောင်း။

ဥပဒေများနှင့်ပတ်သက်၍လည်း သတင်းမီဒီယာဥပဒေ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဆိုင်ရာ ဥပဒေများ ထွက်ပေါ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေကို ရုပ်သိမ်းနိုင်ခဲ့ပြီး ကောင်းမွန်သည့် အလားအလာဖြစ်ခဲ့ကြောင်း၊ အလားတူ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ၂၀၁၅ ခုနှစ် ဩဂုတ်လက ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါဥပဒေတွင် ပြင်ဆင်ချက်တချို့ ပြုလုပ်နေပြီး ပြင်ဆင်ချက်ပြီးပါက လွှတ်တော်ကိုတင်သွင်းသွားမည်ဖြစ်ပါကြောင်း၊ ယခုလည်း Right to Information Law ကို မူကြမ်းရေးဆွဲလျက်ရှိပါကြောင်း။

၂၀၁၇ ခုနှစ် ဧပြီလတွင် ကြားဖြတ်ရွေးကောက်ပွဲတစ်ရပ်ကျင်းပရန်ရှိနေပါကြောင်း၊ ထိုရွေးကောက်ပွဲတွင်လည်း သတင်းမီဒီယာသမားများ အဆင်ပြေစွာ သတင်းရယူနိုင်ရန်အတွက် ယခင် ရွေးကောက်ပွဲသတင်းရယူရာတွင် ကြုံတွေ့ခဲ့ရသည့်အခက်အခဲများကို ပြန်လည်သုံးသပ်ပြီး အဆင်ပြေချောမွေ့စွာ သတင်းရယူနိုင်ရေးကိုလည်း ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**စုပေါင်းဆောင်ရွက်သွားကြရမည်**

သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ရန်ကုန်၊ မန္တလေးစသည့် မြို့ကြီးများတွင် ဖွံ့ဖြိုးတိုးတက်နေရုံနှင့် မလုံလောက်ဘဲ တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ပြိုင်တည်း ဆောက်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နယ်များတွင် မီဒီယာလုပ်ငန်းများ ရှိသော်လည်း လုပ်ငန်းကြီးများ နည်းပါးပါကြောင်း၊ သို့ရာတွင် သတင်းရရှိနိုင်မှုနှင့် သတင်းပေးပို့နိုင်မှုတွင် မြို့ပြနှင့်နယ်များတွင် တစ်ပြေးညီဖြစ်အောင် ဆောင်ရွက်ရန် လိုအပ်သည်ဟု ယူဆပါကြောင်း၊ သတင်းထုတ်ပြန်ခွင့်၊ ရယူခွင့်အတွက် စုပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အလားတူ တိုင်းရင်းသားများ၏မီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားမီဒီယာများနှင့် ဆွေးနွေးခဲ့မှုများရှိသော်လည်း အားရလောက်အောင် တိုးတက်မှုမရှိသေးကြောင်း၊ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မီဒီယာကဏ္ဍသာမက တိုင်းရင်းသားစာပေများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း စဉ်းစားဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ စာပေဖွံ့ဖြိုးရေးဆောင်ရွက်သွားရန် ရှိကြောင်း၊ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများကျင်းပရန် ရှိကြောင်း၊ ယေဘုယျအားဖြင့် ၁၃၅ မျိုးသော တိုင်းရင်းသားများတွင် အက္ခရာစာပေရှိသော တိုင်းရင်းသားဘာသာစကားများရှိသကဲ့သို့ Roman အက္ခရာများဖြင့် ရေးသားသည့် တိုင်းရင်းသားစာပေများလည်းရှိကြောင်း၊ ယင်းတို့၏ တိုးတက်မှုကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**အထူးသတိပြုရေးသား**

သတင်းမီဒီယာသမားများကို အနည်းငယ်ဆွေးနွေးပြောကြားလိုသည်မှာ လူမျိုးရေး၊ ဘာသာရေး စသည့် ထိလွယ်ရှလွယ်ဖြစ်သော သတင်းများကို ရေးသားရာတွင် အထူးသတိပြုရေးသားကြရန်၊ သတင်းအရင်းအမြစ်ကို အသေအချာ အတည်ပြုရေးသားကြရန်နှင့် သတင်းမီဒီယာကျင့်ဝတ်များကို အတိအကျလိုက်နာကျင့်သုံးကြရန်၊ မိမိရရှိသည့်သတင်းသည် အခြေအမြစ် ခိုင်မာမှုရှိ၊ မရှိ လေ့လာစူးစမ်းပြီး တင်ပြရန်လိုကြောင်း၊ သတင်းဦးရန် အလေးထားသည်မှန်သော်လည်း မိမိသတင်းသည် အခြေခံအကြောင်းအရာအချက်အလက် မခိုင်မာမှုများကို သတင်းရေးသည့်အခါ အထင်အမြင်လွဲမှားမှုများ ဖြစ်တတ်ပါကြောင်း၊ အချို့သတင်းများသည် ယင်းသို့သော သတင်းများကို အများစိတ်ဝင်စားအောင် ရေးသားသည့် သတင်းများက အများပြည်သူကြား ပျံ့နှံ့သွားလေ့ရှိပါကြောင်း၊ သတင်းမီဒီယာသမားများအနေဖြင့် သတင်း၏ မှန်ကန်မှုသည် အရေးကြီးသည်ကို သိရှိပြီးဖြစ်သော်လည်း မှန်ကန်မှုရှိ၊ မရှိ စိစစ်ရန်လိုအပ်ပါကြောင်း၊ ထင်ရှားသည့် သတင်းများကို သေချာစွာအတည်မပြုဘဲ ရေးသားသည်ကို တွေ့ရပါကြောင်း၊ အချင်းချင်းလည်း သတိထားမိမည်ဖြစ်ပါကြောင်း၊ ပိုမိုတိကျအောင် စူးစမ်းဆောင်ရွက်ရန် လိုပါကြောင်း၊ သတင်းကို ထင်မြင်ချက်ဖြင့် ရောနှောရေးသားသည်ကို တွေ့ရပါကြောင်း၊ သုံးသပ်ချက်၊ မှတ်ချက်များနှင့် ရေးသားမှုကို ဂရုပြုစေလိုပါကြောင်း၊ အားလုံးမဟုတ်သော်လည်း အချို့၏သတင်းများသည် အနှောင့်အယှက်မဖြစ်စေလိုသည့်အတွက် ပြောကြားခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြသည့် မီဒီယာဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်း လိုပါကြောင်း။

**အာရုံစိုက်ဆောင်ရွက်ခဲ့**

မိမိတို့အစိုးရ တာဝန်ယူလာခဲ့သည်မှာ ခုနစ်လတာကာလအတွင်းကို ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ ထိုကာလအတွင်း နိုင်ငံအတွက် အရေးကြီးသည့် လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရရှိရေး၏ ခေါင်တိုင်ဖြစ်သည့် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက်ဆောင်ရွက်ခဲ့သကဲ့သို့ ဆက်လက်ပြီးလည်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မီဒီယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနည်းပညာနှင့် ယဉ်ကျေးမှုအဖွဲ့-ယူနက်စကို(မြန်မာ) အကြီးအကဲ Ms. Min Jeong Kim၊ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံအမတ်ကြီး H.E. Mr. Staffan Herrstrom တို့က အမှာစကား ပြောကြားပြီး မြန်မာသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ)၏ ပြောကြားချက်ကို ဗီဒီယိုဖိုင်ဖြင့် ဖွင့်လှစ်ပြသသည်။

မြန်မာသတင်းပညာသိပ္ပံ အမှုဆောင်ဒါရိုက်တာ ဦးသီဟစောက ညီလာခံနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

**ဦးဆောင်ဆွေးနွေး**

ယင်းနောက် ဆွေးနွေးပွဲများကိုကျင်းပရာ “မီဒီယာဥပဒေများနှင့် ၎င်းတို့၏ လစ်ဟာနေသောနေရာများကို ပြန်လည်သုံးသပ်ခြင်း”ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း နာယက ဦးကိုကိုက ဆွေးနွေးပွဲ ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင် ဦးမြင့်ကျော်၊ ဒီဗွီဘီ




ပဉ္စမအကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံဆွေးနွေးပွဲများ ကျင်းပစဉ်။　　(သတင်းစဉ်)

ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် Article 19 အာရှဒေသဆိုင်ရာအကြီးအကဲ Mr. Oliver Spencer တို့က ဦးဆောင်ဆွေးနွေးကြသည်။

“သတင်းသမားများ၏ လုံခြုံရေးနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသော ကျူးလွန်သူများ” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် မြန်မာဂျာနယ်လစ်ကွန်ရက် အထွေထွေအတွင်းရေးမှူး ဦးဇေယျာလှိုင်က ဆွေးနွေးပွဲညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံမီဒီယာ ရှေ့နေများကွန်ရက် အတွင်းရေးမှူး ဦးသန်းဇော်အောင်၊ နေပြည်တော် တရားလွှတ်တော်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ထွန်း၊ သျှမ်းသံတော်ဆင့် အကြီးတန်းအယ်ဒီတာ ဒေါ်နန်းဥမ္မာအောင် (ခ)ရှမ်းမလေးနှင့် IMS; IMS - Fojo Myanmar Media Development Programme ၏ Head of Asia Mr. Lars Heiberg Bestle တို့က ဦးဆောင်ဆွေးနွေးကြသည်။

**စာမျက်နှာ ၈ ကော်လံ ၃ သို့ ✪**

# မြတ်ဆရာများကို ကျေးဇူးဆပ်ပါ

## ဝေယံ

မြတ်စွာဘုရား၏ မင်္ဂလသုတ္တန်တွင် "ကတညုတ ကတဝေဒီ" မိမိအပေါ်တွင် ကျေးဇူးရှိသောသူ၊ မိမိကို ကျေးဇူးပြုထားသူတို့၏ ကျေးဇူးကို သိတတ်ခြင်း၊ ကျေးဇူးဆပ်ခြင်းသည် မင်္ဂလာပင် ဖြစ်ပါသည်။ လောကတွင် တစ်ပြိုင်တည်း တွေ့ရခဲသော ပုဂ္ဂိုလ်နှစ်ဦးရှိကြောင်း၊ ရှေးဦးစွာ ကျေးဇူးပြုတတ်သောပုဂ္ဂိုလ်နှင့် ကျေးဇူးသိပြီး ကျေးဇူးပြန်ဆပ်သော ပုဂ္ဂိုလ်တို့ပင်ဖြစ်ကြောင်း ဘုရားရှင်က မိန့်ကြားခဲ့ပါသည်။ မိမိထံမှ ဘာမျှော်လင့်ချက်မှမထားဘဲ၊ ပြန်လည်ရယူလိုစိတ်မရှိဘဲ ကျေးဇူးပြုသောသူကို ဆိုလိုခြင်းဖြစ်ပေရာ လူတစ်ယောက်၏ ဘဝတွင် လက်ချိုးရေတွက်နိုင်သော အရေအတွက်ပင် ဖြစ်ပါသည်။ ကျေးဇူးပြုသော လူပုဂ္ဂိုလ်ထဲတွင် လူတိုင်းအတွက် အတိုင်းအဆမရှိ ကျေးဇူးရှိသောသူများမှာ လူပုဂ္ဂိုလ်များတွင် မိဘ၊ ဆရာများ ဖြစ်ပေသည်။

သားသမီးအများစုသည် မိဘ၏ကျေးဇူးကို မေ့နေတတ်ကြပြီး မိဘများမရှိတော့ချိန်မှသာ မိဘကျေးဇူးကို ပေးဆပ်ရန် တမ်းတနေကြသည်။ စီးပွားရေး၊ ပညာရေး၊ လူမှုရေးများ လုံးပန်းနေရသောအချိန်တွင် မိဘများကို ပြုစုကျွေးမွေးစောင့်ရှောက်နိုင်မှု မဆောင်ရွက်နိုင်ခဲ့ကြပေ။ အခွင့်သာသောအချိန်တွင် မိဘများ မရှိကြတော့။ မိမိနှင့် အနီးစပ်ဆုံးထိတွေ့မှုရှိသော မိဘကျေးဇူးကို အသက်ရှိစဉ် ပေးဆပ်နိုင်သူနည်းပါက ကျေးဇူးရှင်ဆရာများ၏ ကျေးဇူးကို ပြန်လည်ပေးဆပ်နိုင်မှုသည်ကား ပို၍ရှားပါးလှပေမည်။

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ ဝတ်ငါးဖြာ" ဆိုသော မြတ်ဆရာများ၏ ကျေးဇူးကို တစ်ဦးချင်း ပေးဆပ်နိုင်မှု အခွင့်အရေးနည်းသော်လည်း တပည့်များ စုပေါင်း၍ အာစရိယပူဇော်ပွဲများကို အခြေခံမူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများ ၊ တက္ကသိုလ်၊ ကောလိပ်များတွင် ဆောင်ရွက်လာကြသည်မှာ ဆရာ့ကျေးဇူးကို အသိအမှတ်ပြု ပူဇော်ခြင်းဖြစ်ပါသည်။ ကျေးဇူးရှင် မြတ်ဆရာအား နှစ်စဉ် ပူဇော်ကန်တော့သည့်အပြင် ဆရာကြီး ဆရာမကြီးများ၏ ကျန်းမာရေးကိုပါ စောင့်ရှောက်ပေးသော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တောင်ဥက္ကလာပ ကျောင်းသား ကျောင်းသူဟောင်းများ၏ ကျေးဇူးဆပ်ခြင်း ဆောင်ရွက်မှုများသည် အတုယူစရာပင် ဖြစ်ပါသည်။ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တောင်ဥက္ကလာပ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၁၉၉၁ ခုနှစ်က စတင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီကိုတော့ ၂၀၀၃ ခုနှစ်တွင် စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ကြသည်။ အာစရိယပူဇော်ပွဲအတွက် ကျောင်းတွင် ဆရာအဖြစ် ဆောင်ရွက်ခဲ့သူ ဆရာ ဆရာမ အားလုံးကို ဖိတ်ကြားပြီး ပညာရည်နို့သောက်စို့ခဲ့ကြသော တပည့်ကျောင်းသား ကျောင်းသူဟောင်းများက နှစ်စဉ် ရှိခိုးပူဇော်ကျေးဇူးဆပ်ခဲ့သည်မှာ (၂၅) ကြိမ်မြောက် ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ရှိခိုးပူဇော်မှုမှတစ်ဆင့်တက်ကာ တပည့်ဆရာဝန်များက ဆရာဆရာမများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို မိမိတို့ပညာဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းသည် ပညာဖြင့် ကျေးဇူးဆပ်ခြင်းပင် ဖြစ်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီ ဖြစ်ပေါ်လာမှုနှင့် ပတ်သက်၍ တပည့်ဟောင်း ဒေါက်တာမြင့်သောင်းက ရှင်းပြရာတွင် အစနှစ်တွေတုန်းကတော့ မိမိတို့တတ်နိုင်သလောက် ဆရာ ဆရာမတွေကို ဆေးကုသပေးခဲ့သော်လည်း ကျယ်ကျယ်ပြန့်ပြန့် မလုပ်နိုင်ခဲ့ဘူး။ ကော်မတီတစ်ရပ်ဖွဲ့ဖြစ်သွားတဲ့ အခြေခံအကြောင်းကတော့ ၂၀၁၂ ခုနှစ် အာစရိယပူဇော်ပွဲကိုလာတဲ့ ဆရာတစ်ယောက် ရုတ်တရက် လေဖြတ်သွားတယ်။ ကျောင်းသားဟောင်း ကိုနေဇင်လတ်က ကျွန်တော့် ဆေးခန်းကို သူ့ကားနဲ့ အမြန်ခေါ်လာလို့ အချိန်မီ ကုသပေးနိုင်ခဲ့တယ်။ အဲဒီဆရာကတော့ နွမ်းပါးပြီး သားသမီး ထောက်ပံ့နိုင်မှု မရှိတဲ့အတွက် ကျန်းမာရေးဂရုမစိုက်နိုင်ခြင်းကြောင့် ဖြစ်ကြောင်း တွေ့ရှိရတဲ့အတွက် အခြားနွမ်းပါးတဲ့ ဆရာ ဆရာမများစွာလည်း ကျန်းမာရေးစောင့်ရှောက်မှု ခက်ခဲမှာပဲ၊ သူတို့ကို ဆေးကုပေးပါ။ ကုန်ကျစရိတ်ကို ကျွန်တော်ခံပါ့မယ်ဟု ကိုနေဇင်လတ်က စေတနာဖြင့် အစပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျင်းပသော (၂၅) ကြိမ်မြောက် အာစရိယပူဇော်ပွဲတွင် ဆရာ ဆရာမများကို တစ်နှစ်ပတ်လုံး ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီကို ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ ဆရာ ဆရာမများကို တပည့်ဆရာဝန်များကိုယ်တိုင် ဆေးကုသမှု ဆောင်ရွက်ပေးသောကျောင်းများတွင် တောင်ဥက္ကလာပရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသည် ပထမဦးဆုံးကျောင်းဖြစ်ကြောင်းဖြင့် ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ဆေးကုသမှုအတွက် ရန်ပုံငွေကို အာစရိယပူဇော်ပွဲက ပိုငွေကျပ်တစ်သိန်းတစ်သောင်းဖြင့် မတည်ဆောင်ရွက်ခဲ့ကြောင်း၊ ကိုနေဇင်လတ် အပါအဝင် စေတနာရှင် ကျောင်းသား ကျောင်းသူများ၏ မတည်လှူဒါန်းငွေများ၊ လစဉ်လှူဒါန်းငွေများ၊ စေတနာရှင်အိမ်များတွင် အလှူငွေ စုဘူးစနစ်ဖြင့် ဆောင်ရွက်ပါကြောင်း၊ ဆရာ ဆရာမများကပါ စေတနာဖြင့် ပါဝင်လှူဒါန်းလျက်ရှိပါကြောင်း၊ မြတ်သောအလှူဖြစ်သည့်အတွက် ချွေးနှဲစာပင်စင်လစာများဖြင့် ထည့်ဝင်လှူဒါန်းကြကြောင်း၊ ယနေ့ ၁၃ နှစ်ကျော် သက်တမ်းရောက်သည့်အချိန်တွင် ငွေပဒေသာပင်ကျပ်သိန်း ၂၀၀ နှင့် လှည့်ပတ်ငွေသိန်း ၅၀ အထိ တိုးတက်ခဲ့ကြောင်း၊ ဆေးကုသရက်ကို လစဉ်နောက်ဆုံးပတ် တနင်္ဂနွေနေ့ကို သတ်မှတ်ထားပါကြောင်း၊ ဆရာ ဆရာမ ၇၀ ကျော်ခန့် လာရောက်ကုသပြီး ဆေးဖိုးတစ်လ ရှစ်သိန်းကျော် ကုန်ကျပါကြောင်း၊ ဆေးကုသမှုအပိုင်းတွင် တပည့်ဆရာဝန် သုံးဦးက ဆေးကုသမှုဆောင်ရွက်ပေးပြီး စေတနာရှင် ကျောင်းသားများက ECG ရိုက်၊ သွေးချိန်၊ ပေါင်ချိန်၊ ယူရစ်အက်စစ် (ဂေါက်ရောဂါ) စစ်ဆေးခြင်း၊ ကိုလက်စထရော စစ်ဆေးခြင်း၊


အငြိမ်းစားဆရာမကြီးတစ်ဦးအား ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ပေးနေစဉ်။

ဆီးချိုစစ်ဆေးပေးခြင်းနှင့် ဝေယျာဝစ္စလုပ်ငန်းများ ကူညီဆောင်ရွက် ပေးကြကြောင်း၊ ဆေးခန်းလာပြသူ တစ်ဦးအတွက် တစ်လစာ စားဆေးပေးကြောင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ Ultra Sound ရိုက်ခြင်းများအတွက် ပြင်ပဆေးခန်းသို့ ပို့ဆောင်ပေးပြီး ကျသင့်ငွေကို ကျခံပေးခြင်း၊ မျက်လုံးခွဲပါက ကျပ်တစ်သိန်း၊ ကွယ်လွန်သွားပါက ကျပ်တစ်သိန်း ထောက်ပံ့ပေးခြင်း၊ ဆေးခန်းမဖွင့်သောကျန်ရက်များတွင် တပည့်ဆရာဝန်များ၏ ဆေးခန်းတွင် အခမဲ့ကုသပေးခြင်းများ ဆောင်ရွက်ပေးကြောင်း၊ ထို့အပြင် တရားစခန်းသို့ ဝင်ရောက်သော ဆရာကြီး ဆရာမကြီးများကိုလည်း ကျောင်းသားဟောင်းတစ်ဦး က မတည်အလှူငွေဖြင့် တစ်လကျပ်တစ်သောင်း ထောက်ပံ့မှုကိုလည်း ဆောင်ရွက်ပေးရာ အမြတ်ဆုံး


အငြိမ်းစားဆရာကြီးတစ်ဦးမှ ဆေးခန်းအတွက် အလှူငွေပေးအပ်နေစဉ်။

ဓမ္မအလှူကို ဖြည့်ဆည်းပေးနေကြောင်း ကြည်နူးဖွယ် ကြားသိရပါသည်။

စာရေးသူသည် စက်တင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့)တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ ဆေးခန်းသို့ ရောက်ရှိခဲ့ရာ ၃၅ပေ x ပေ ၄၀ အရွယ်ရှိ ဆေးကုသဆောင်တွင် ဆရာကြီး ဆရာမကြီးများကို မိဘသဖွယ် ကြင်နာယုယစွာ ဆေးကုသမှုပေးနေသော တပည့်ဆရာဝန်များ၊ ကျောင်းသား ကျောင်းသူဟောင်းများ၏ နွေးထွေးသော ဆက်ဆံမှုများကို မြင်တွေ့ခဲ့ရပါသည်။ ဆေးခန်း၏ ညာဘက်နံရံရှိ ဗီနိုင်းပေါ်တွင် တွေ့ရသော ဆရာဦးဆွေနွယ် (ဖျာပုံ မောင်ဆွေနွယ်)၏ ကဗျာသည် ကျောင်းဆေးခန်း၏ အနှစ်သာရကို ထင်ဟပ်နေပါသည်။

**ဒါလေးနဲ့ အသက်ရှည်**

**"အငြိမ်းစား". . . . . တဲ့ အငြိမ်းမစားရတဲ့**
**ဆရာကြီး ဆရာမကြီးတွေ အများကြီးပါ**
**အို နာ ယိုင် နဲ့ ဘာမျှော်လင့်ချက်မှ မရှိတော့တဲ့**
**ဆရာကြီး ဆရာမကြီးတွေ အများကြီးပါ**
**သားတပည့် ဆရာဝန် ဆရာဝန်မလေးတွေက**
**လစဉ် ကြည့်ရှုစမ်းသပ် လိုအပ်သမျှ ဆေးဝါးတွေပေး**
**"ဒါလေးနဲ့ အသက်ရှည်" "အာဟာရ" ဒါနကလဲ ပါသေး**
**ကဲ. . . . . ဘာလိုသေးလဲ ငါတို့ကျောင်း**
**ငါတို့ဆေးခန်း ငါတို့တပည့်တွေ**
**လူအား ငွေအား လုပ်အားတွေနဲ့ ဖြူစင်သန့်ရှင်း**
**မွန်မြတ်ခြင်းရဲ့ သင်္ကေတ "ထာဝရ"တည်တံ့အောင်**
**မင်းတို့ ငါတို့ ကြိုးစားကြရအောင်နော်. . . . . .**

ညာဘက်နံရံရှိ White Board ပေါ်တွင် ယင်းနေ့အလှူရှင် ဆရာမ ဒေါ်မြနှင်းဆီ (ခ) ဒေါ်ခင်ဆွေမြတ် မိသားစုက ကြက်သားပလာတာ၊ အချိုပွဲနှင့်ကော်ဖီ၊ ဆရာမ ဒေါ်ကြည်ကြည် မိသားစုက လက်ဖက်၊ အကြော်စုံဟု ရေးသားထားသည်။ ဆေးခန်းတွင် အကျွေးအမွေး အလှူရှင်များ မပြတ်ရှိနေပြီး အချို့အလှူရှင်များသည် လှူဒါန်းလိုသည့် ရက်ရရှိရန် စောင့်ဆိုင်း နေကြရသည်။

နှလုံးသွေးကြောပိတ်ဝေဒနာ ရုတ်တရက် ခံစားရသော ဆရာတစ်ယောက်သည် တပည့် ဆရာဝန်ထံ ဆက်သွယ်ကုသမှုကြောင့် အသက်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ရသည်။ ဆရာကြီးက တို့ကျောင်းဆေးခန်းက တပည့်များသည် အဝေးရောက် ကိုယ့်သားသမီးတွေထက် အားကိုးရတယ်ဟု မျက်ရည်ဝဲစွာဖြင့် ပြောသံကို ကြားရသည်။ သားသမီး ဆရာဝန်များရှိသော ဆရာ ဆရာမများသည်ပင် တပည့်ဆရာဝန်များ၏ ကုသမှုကိုသာ အားကိုးကြောင်းလည်း ကြားသိရသည်။

ဆေးခန်းနှင့်တွဲလျက်ရှိသော နားနေခန်း၌ ကျောင်းအုပ်ဆရာမကြီး အငြိမ်းစားတစ်ဦးနှင့်တွေ့ဆုံရာတွင် ဒီနေ့လေးဟာ ငါတို့ သက်ကြီးဆရာကြီး ဆရာမကြီးတွေအတွက် သိပ်ပြီး အဓိပ္ပာယ်ရှိတဲ့ နေ့လေးပဲ။ ကျန်းမာရေး ဆေးစစ်ရင်းနဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ တွေ့ရတယ်။ ဘာသာရေး၊ လူမှုရေး အမြင်ခြင်း ဖလှယ်ကြ၊ အခက်အခဲရှိသူကို အကြံကောင်း ဉာဏ်ကောင်းတွေ ပေးကြ၊ ဝိုင်းဝန်းကူညီဖြေရှင်းကြ၊ ရယ်ကြ၊ မောကြနဲ့ပေါ့။ တပည့်တွေ ချက်ပြုတ်ကျွေးတာလည်း အလွန်ကောင်းတာပဲ။ မနက် ၉ နာရီထဲကရောက်နေတာ။ ဒီနေ့ တစ်ရက်လုံး ဒီမှာ စိတ်ချမ်းသာစွာနဲ့ အချိန်ကုန်မှန်းမသိ ကုန်သွားတာပဲ။ တစ်လ တစ်ရက်ဆုံဆည်းရတာ အသက်ပိုရှည်တယ်လို့ ခံစားရတယ်။ တပည့်တွေကို ကျေးဇူးတင်လိုက်တာဟု ရင်တွင်းခံစားချက် အပြည့်နှင့် ဖြေသံကိုကြားခဲ့ရသည်။

ဤကဲ့သို့ မြတ်ဆရာများကို နှစ်စဉ် ပူဇော်ကန်တော့ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း၊ အကောင်းဆုံး ကျေးဇူးဆပ်ခြင်းဖြစ်သော တရားစခန်းများ ဝင်ရောက်နိုင်ရန် ပံ့ပိုးပေးခြင်းများသည် မြတ်စွာဘုရားရှင် မိန့်ကြားတော်မူခဲ့သော လောကတွင် တစ်ပြိုင်တည်း တွေ့ရသော ပုဂ္ဂိုလ်နှစ်ဦးသာမက ကျေးဇူးပြုသော မြတ်ဆရာများနှင့် ကျေးဇူးသိပြီးကာ မိမိတို့တတ်နိုင်သော ငွေအင်အား၊ ပညာအင်အား၊ လုပ်အားအင်အားတို့ဖြင့် စည်းလုံးညီညွတ်စွာ ပေးဆပ်သော တပည့်ကျောင်းသားဟောင်းများကို တစ်ပြိုင်တည်း တွေ့ရှိနေရပါတကားဟု ပီတိဖြစ်မိပါသည်။

ကျွန်ုပ်တို့သည် မြတ်ဆရာတို့၏ သွန်သင်ဆုံးမမှုကြောင့် လမ်းမှားမရောက်ဘဲ ဘဝကိုကောင်းမွန်စွာ လျှောက်လှမ်းနေကြသောသူများဖြစ်ရာ မြတ်ဆရာတို့၏ကျေးဇူးကို အထူးသိကာ ပြန်လည်ပေးဆပ်နိုင်သူများ ဖြစ်ကြပါစေ။ ။

**မြတ်စွာဘုရား၏ မင်္ဂလသုတ္တန်တွင် "ကတညုတ ကတဝေဒီ" မိမိအပေါ်တွင် ကျေးဇူးရှိသောသူ၊ မိမိကို ကျေးဇူးပြုထားသူတို့၏ ကျေးဇူးကို သိတတ်ခြင်း၊ ကျေးဇူးဆပ်ခြင်းသည် မင်္ဂလာပင် ဖြစ်ပါသည်။ လောကတွင် တစ်ပြိုင်တည်း တွေ့ရခဲသော ပုဂ္ဂိုလ်နှစ်ဦးရှိကြောင်း၊ ရှေးဦးစွာ ကျေးဇူးပြုတတ်သော ပုဂ္ဂိုလ်နှင့် ကျေးဇူးသိပြီး ကျေးဇူးပြန်ဆပ်သော ပုဂ္ဂိုလ်တို့ပင်ဖြစ်ကြောင်း ဘုရားရှင်က မိန့်ကြားခဲ့ပါသည်။ မိမိထံမှ ဘာမျှော်လင့်ချက်မှမထားဘဲ၊ ပြန်လည်ရယူလိုစိတ်မရှိဘဲ ကျေးဇူးပြုသောသူကို ဆိုလိုခြင်းဖြစ်ပေရာ လူတစ်ယောက်၏ ဘဝတွင် လက်ချိုးရေတွက်နိုင်သော အရေအတွက်ပင် ဖြစ်ပါသည်။ ကျေးဇူးပြုသော လူပုဂ္ဂိုလ်ထဲတွင် လူတိုင်းအတွက် အတိုင်းအဆမရှိ ကျေးဇူးရှိသောသူများမှာ လူပုဂ္ဂိုလ်များတွင် မိဘ၊ ဆရာများ ဖြစ်ပေသည်။**

# ကျွန်တော်နှင့် တက္ကသိုလ်

## တက္ကသိုလ်တင်ခ

ကျွန်တော်နှင့် တက္ကသိုလ်အမြဲ ဒွန်တွဲခဲ့ပါသည်။ တက္ကသိုလ် ဝေါဟာရကို နှစ်လိုသဘောကျသူလည်းဖြစ်ပါသည်။ ကျွန်တော်သည် တာမွေအစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင် ခဲ့သည်။ ထိုစဉ်က တက္ကသိုလ်ဝင်ရန် လွန်စွာခက်ခဲခဲ့ပါသည်။ အောင်ချက်ရာခိုင်နှုန်း ၂ ဒသမ ၂ သာရှိခဲ့ရာ ကျွန်တော်တို့ တစ်ကျောင်းလုံးမှ ရှစ်ဦးသာ အောင်မြင်ခဲ့ပါသည်။ “တက္ကသိုလ်”ကို ထိုစဉ်ကပင်ရောက်ချင်ဇောဖြစ်ခဲ့မိပါသည်။

ရန်ကုန်တက္ကသိုလ်ကိုတက်ရန် ထီးတန်းကောလိပ်မှ စတင်ဝင်ရောက်ရပါသည်။ ထီးတန်းကောလိပ်မှာ ဝိဇ္ဇာဘာသာသင်ယူသူများ တက်ရပါသည်။ ရန်ကင်းကောလိပ်တွင်မူ သိပ္ပံဘာသာယူသူများ တက်ရောက်ရပါသည်။ ဝိဇ္ဇာ/သိပ္ပံကို နှစ်လိုရာရွေးချယ်နိုင်ခွင့်ရှိပါသည်။ ရန်ကင်းနှင့် ထီးတန်းကောလိပ်ကို အစမ်းဝင်ရောက်တက်ခွင့်ရှိပါသည်။ ထိုသို့တက်ရောက်လေ့လာပြီးမှသာ ဝိဇ္ဇာ/သိပ္ပံ နှစ်သက်ရာပြောင်းလဲသင်ယူနိုင်ပါသည်။

ကျွန်တော်သည် တက္ကသိုလ်ကို ပိုနှစ်သက်သလို ဝိဇ္ဇာပညာရပ်ကိုပါ ရွေးချယ်သင်ယူရသော သဘောသဘာဝကို ပြောပြလိုပါသည်။ ရန်ကင်းကောလိပ်တွင် ကျွန်တော် သိပ္ပံဘာသာတွဲကို သင်ယူလေ့လာဖူးပါသည်။ သိပ္ပံပညာ ဆရာကြီး ဆရာမကြီးများက အင်္ဂလိပ်စာကျွမ်းကျင်မှု၊ သင်္ချာဘာသာတော်မှ သိပ္ပံဘာသာသင်ယူလိုက်နိုင်ကြောင်း ပြောပြနေသဖြင့် အစိုးရအထက်တန်းကျောင်းသားအဖို့ မဝံ့မရဲဖြစ်ခဲ့ရပါသည်။

ဝိဇ္ဇာဘာသာ ဆရာ ဆရာမကြီးများကမူ ထိုစဉ်က ဆရာ ဦးကျော်ရင်၊ ဆရာ ဦးလှရွှေတို့က မြန်မာစာ သင်ယူရတာ နှစ်သက်စရာကောင်းပုံ၊ အောင်မှတ်အတွက် ကျက်မှတ်ရန် နည်းလမ်းတို့ပါ သင်ပြပို့ချနေသည်ကို နှစ်လိုသဘောကျကာ မြန်မာစာပါဝင်သော ဝိဇ္ဇာဘာသာတွဲကို ရွေးချယ်ခဲ့ရခြင်းဖြစ်ပါသည်။

အခါအခွင့်သင့်၍ ဝိဇ္ဇာပညာရပ်ကို ပိုမိုနှစ်ခြိုက်ရန် ဖန်တီးလာသောအကြောင်းတစ်ရပ်ကို ပြောဆိုလိုပါသည်။ သိပ္ပံတွဲမှ ဝိဇ္ဇာတွဲပြောင်းလဲရန် လျှောက်လွှာတင်ခဲ့ရာ ပါမောက္ခချုပ် ဒေါက်တာ ထင်အောင်နှင့် ရန်ကုန် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်ရုံးချုပ်မှာ သွားရောက်တွေ့ဆုံခွင့်ရခဲ့ပါသည်။ ဒေါက်တာထင်အောင် ရုံးခန်းတွင်းသို့ ဝင်သွားရာတွင် ဆရာ့ကိုမမြင်မိပါ။ အသံပြုမှသာ ဆရာ့ရုပ်သွင်ကို မြင်လိုက်ရပါသည်။ အမှန်ပြောရလျှင် ကျွန်ုပ်လွန်စွာကြောက်ရွံ့နေမိပါသည်။ ပါမောက္ခချုပ် ရုံးခန်း အရှိန်အဝါနှင့်ဆရာ၏ ထင်ရှားကျော်ကြားမှုတို့ကြောင့် ထင်ပါသည်။

“ထိုင်ပါမောင်ရင်၊ မောင်ရင်က ဝိဇ္ဇာဘာသာတွဲကို ဘာကြောင့် ပြောင်းချင်တာလဲ”

“ကျွန်တော် ဝိဇ္ဇာဘာသာတွဲကို ပိုမိုနှစ်သက်သဘောကျလို့ပါ ဆရာကြီး”

ကျွန်တော်အတော် ထိတ်လန့်နေမိသည်မှာအမှန်ပင်။

သူပြောလိုက်သည်မှာ-

“ဝိဇ္ဇာဘာသာကို တကယ်နှစ်ခြိုက်သဘောကျတယ်ဆိုရင် ကောင်းပါတယ်။ ဝိဇ္ဇာဘာသာဟာ ကမ္ဘာမှာကြီးမားကျယ်ပြန့်သြဇာရှိနေပါတယ်ကွာ။ ငါ့ကိုကြည့်ပါ။ ဆရာ့မောင်နှမတွေထဲမှာ သိပ္ပံပညာရှင်တွေ အများကြီးပါဝင်နေပါတယ်”

“ဒါပေမယ့် ဆရာ့လိုဘယ်သူမှ ကမ္ဘာမကျော်ကြဘူး။ ဆရာ့ကို နိုင်ငံခြားဘာသာတက္ကသိုလ်အားလုံးလိုလို သိရှိကြတယ်။ ဆရာကလည်း ပါရဂူဘွဲ့တစ်ခုပေါ်ပေါက်လာရင် ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့တာချည်းဆိုတော့ ဆရာ့ပညာဂုဏ်ကြောင့် ထင်ရှားကျော်ကြားတာလည်းဖြစ်နိုင်တယ်”

မောင်ရင် ဝိဇ္ဇာဘာသာရပ်သင်ယူပြီး ထင်ရှားကျော်ကြားအောင် လုပ်ဆောင်နိုင်ပါတယ်။

ကျွန်တော်သည် ဒေါက်တာထင်အောင်ကို ရိုသေလေးစားအံ့အားသင့် သွားခဲ့ပါသည်။ ထိုစဉ်ကပင် ပါမောက္ခချုပ်ကို တွေ့ဖို့ရန်ခက်ခဲသလို တွေ့ရန်အခွင့်အရေး အလွန်နည်းပါသည်။ ကျွန်တော့်မှာ ပညာရှင်ပါရဂူဘွဲ့တွေအများကြီးရပြီးဖြစ်သော ဒေါက်တာထင်အောင်က ထိုသို့အားပေးစကားပြောကြားသည်ကို ယနေ့တိုင်မမေ့နိုင်သေးပါ။

သိပ္ပံ/ဝိဇ္ဇာမည်သူသာသည်ဟု မဝေဖန်လိုပါ။ ဆရာကြီးဒေါက်တာထင်အောင်သည် ကျွန်တော့်လို ပထမနှစ် တက္ကသိုလ်ကျောင်းသားကို ဝိဇ္ဇာပညာရပ်အကြောင်းတစေ့တစောင်း ကောင်းကောင်းပြောပြလိုက်သည်မှာ အသည်းတွင် စွဲထင်ကျန်ရစ်စေခဲ့သည်မှာ အမှန်ပင် ဖြစ်ပါသည်။ ယင်းသို့ပြောပြနေရသည်မှာ ကျွန်တော် ဝိဇ္ဇာဘာသာနှင့် တက္ကသိုလ်ပညာကို လေးစားတန်ဖိုးထားလွန်လွန်း၍ ဤသို့ပြန်လည်ပြောပြရခြင်းဖြစ်ပါသည်။

ကျွန်တော် ထီးတန်းကောလိပ်တွင် ဝိဇ္ဇာဘာသာတွဲ၊ စိတ်ကြိုက်မြန်မာစာ၊ တက္ကဗေဒ၊ မြန်မာ့သမိုင်းဘာသာရပ်များကို အထူးပြုသင်ယူခဲ့ပါသည်။ မြန်မာစာဆရာကြီး ဆရာမကြီးများ၏ သွန်သင်မှုဖြင့် မြန်မာစာပေကို ပို၍နှစ်သက်မိရာမှ ကဗျာကိုပါ စတင်ရေးဖွဲ့မိပါသည်။ ကျွန်တော်သည် တာသကြံန်တန်ခူးလဖွဲ့ “ပွဲသဘင် မန္တလေးချင် ဘဝင်နွမ်းတာပ” လေးချိုးကဗျာကို ၁၉၅၇ ခုနှစ် ဧပြီလထုတ် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းဖော်ပြနိုင်ရန် ကိုယ်တိုင်ပေးပို့ခဲ့ပါသည်။

ကလောင်အမည်ကို “တက္ကသိုလ်မောင်တင်ခ”ဟူ၍ တက္ကသိုလ်ရောက်ရသည်ကို ဂုဏ်ယူလိုသဖြင့် စတင်အသုံးပြုထိုက်မိပါသည်။

ထိုစဉ်က မြန်မာ့အလင်းအယ်ဒီတာချုပ်မှာ ဦးစိုးမောင် ဖြစ်ပါသည်။ ကျွန်တော်နှင့် ရင်းနှီးသိကျွမ်းခဲ့ခြင်း အလျဉ်းမရှိခဲ့ပါ။ ၁၉၅၇ ခုနှစ် ဧပြီလ ၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် သင်္ကြန်ဓာတ်ပုံနှင့်ယှဉ်တွဲပြီး ထူးထူးခြားခြား အမှတ်တရဖော်ပြခဲ့ပါသည်။

ထို့နောက်ပိုင်းတွင် မြန်မာ့အလင်း၊ ဟံသာဝတီ သတင်းစာများတွင် ရာသီဖွဲ့ကဗျာများ ပေးပို့ခဲ့ရာ မကြာခဏပါဝင်ခဲ့သည်။ ၁၉၅၉ ခုနှစ် သက်လျာမဂ္ဂဇင်းကဗျာပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယဆုရခဲ့ပါသည်။ “ပညာ”ခေါင်းစဉ်ဖြင့် လေးလုံးစပ်ရေးဖွဲ့ခဲ့ပါသည်။ ကလောင်အမည်ကို တက္ကသိုလ်မောင်တင်ခဟူ၍ ပေးပို့ခဲ့သော်လည်း သက်လျာမဂ္ဂဇင်းဆုရကဗျာအဖြစ် ဖော်ပြရာတွင်“တက္ကသိုလ်တင်ခ”ဟူ၍ ဖော်ပြပါရှိရာမှ စတင်ကာ “တက္ကသိုလ်တင်ခ”သည် မြန်မာစာလောကတွင် ပါဝင်လာခဲ့ရပါသည်။

ကျွန်တော်နှင့် တက္ကသိုလ်အကြောင်းကို ဤမျှရှင်းပြနေသည်မှာ ကျွန်တော့်အကြောင်းကို ပြောလိုရင်းမဟုတ်ပါ။ “တက္ကသိုလ်”ကို ဖွင့်ဆိုရှင်းပြလို၍သာဖြစ်ပါသည်။ တက္ကသိုလ်အဓိပ္ပာယ်ကို အဘိဓာန်ဋီကာတွင် -

“တက္ကသီလ ယုတ်လျော့ခြင်းကို ဖြည့်လေ့ရှိသည့် မြို့ သို့မဟုတ် ကျောင်း” ဟု အဓိပ္ပာယ်ရသည်ဟူ၍ ဖော်ပြထားပါသည်။

မြဝင်း(ဒဿန)က “တက္ကသိုလ်နှင့် တက္ကဗေဒ” ဆောင်းပါးတွင် ဆရာကြီးဦးရွှေဇံအောင်၏ အာဘော်အရ “ဆရာကြီး၏ တက္ကသိုလ်ဖွင့်ဆိုချက်ကို လေ့လာသုံးသပ်ကြည့်သောအခါ တက္ကဗေဒကို ရှေးဦးစွာသင်ကြားပို့ချသောကြောင့် တက္ကသိုလ်ဟုခေါ်ဆိုသည်မှာ ဟူသောအချက်ကို အထင်အရှားတွေ့ရပါသည်” ဟူ၍ အမြင်သစ်ဖြင့် ဖွင့်ဆိုထားပါသည်။

ကျွန်တော်သည် တက္ကသိုလ်ကျောင်းသားဘဝမှ တက္ကသိုလ်ဆရာတစ်ဦးဖြစ်လာသောအခါ ဆရာတက္ကသိုလ်ဘုန်းနိုင်က မြန်မာစာသင်ကြားရေး အစည်းအဝေးတစ်ခုတွင် အမှတ်ထင်ထင်ပြောခဲ့သည်ကို ကျွန်တော်အမှတ်တရ ပြန်လည်ပြောပြချင်ပါသည်။

“တက္ကသိုလ်အချိန်ဇယားရေးဆွဲကြရာမှာ လေ့လာချိန်များများပေးဖို့လိုပါမယ်။ သင်ကြားနာယူချိန်တွေသိပ်များနေပြီး မိမိဘာသာလေ့လာချိန်၊ ဥပမာ စာကြည့်တိုက်သွားပြီး စာအုပ်စာတမ်းရှာဖွေဖတ်ရှုချိန်၊ လက်တွေ့လေ့လာချိန်တွေ များများပေးထားရပါမယ်”။ ဒါမှသာ တက္ကသိုလ်ဆိုတာ မိမိဘာသာ လေ့လာသင်ယူပွားများရမှာကို လေ့ကျင့်ပျိုးထောင်ပေးပြီးသားဖြစ်မှာ။ တက္ကသိုလ်ဆိုတာ ထိုးထွင်းကြံစည်လေ့ကျင့်ရမှာကို ဆိုလိုပါတယ်။

ကျွန်တော်သည် ဆရာကြီးဦးရွှေဇံအောင်ကို ကြည်ညိုပါသည်။ သူသည် ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာအုပ်စာတမ်းတွေ တက္ကသိုလ်မှာ ပြဋ္ဌာန်းရန်ရှားပါးလှကြောင်းပြောခဲ့သည်ကို ဆရာကြီးက “လောကနီတိ”ကျမ်းတစ်အုပ်တည်းနှင့်ပင် မြန်မာစာပေကျမ်းဂန်များ လေးနက်ကျယ်ပြန့်မှုရှိပုံကို ပြောဆိုတင်ပြခဲ့သည်ကို မြင်ယောင်ကြားယောင် မမေ့နိုင်အောင်ဖြစ်နေပါသည်။ ထို့ကြောင့်ပင် ဆရာကြီးဦးရွှေဇံအောင်၏ တက္ကသိုလ်အယူအဆကို သဘောကျလက်ခံလိုပါသည်။

ထို့အတူ ဆရာတက္ကသိုလ်ဘုန်းနိုင်က တက္ကသိုလ်မှာ စာတွေ့ချည်းမဟုတ် လက်တွေ့ကိုယ်ပိုင်လေ့လာချိန်တွေ များများပေးထားပြီး ကိုယ်တိုင်လေ့လာဆည်းပူးမှသာ တက္ကသိုလ်ပီသ ညီမျှမည်ဆိုသည်ကိုလည်း နှစ်ခြိုက်လက်ခံလိုပါသည်။

တက္ကသိုလ်ကျောင်းသားဘဝမှ တက္ကသိုလ်အမြင်နှင့် ဆရာဘဝရောက်မှ ထင်မြင်ယူဆသိရသော တက္ကသိုလ်အမြင်ကို အနီးမြင်ကွင်းနှင့် အဝေးမြင်ကွင်းပမာ နှိုင်းဆတင်ပြလိုက်ရပါသည်။ ။

> “တက္ကသိုလ်အချိန်ဇယားရေးဆွဲကြရာမှာ လေ့လာချိန်များများပေးဖို့လိုပါမယ်။ သင်ကြားနာယူချိန်တွေ သိပ်များနေပြီး မိမိဘာသာလေ့လာချိန်၊ ဥပမာ စာကြည့်တိုက်သွားပြီး စာအုပ်စာတမ်းရှာဖွေဖတ်ရှုချိန်၊ လက်တွေ့လေ့လာချိန်တွေ များများပေးထားရပါမယ်”။ ဒါမှသာ တက္ကသိုလ်ဆိုတာ မိမိဘာသာ လေ့လာသင်ယူပွားများရမှာကို လေ့ကျင့်ပျိုးထောင်ပေးပြီးသားဖြစ်မှာ။ တက္ကသိုလ်ဆိုတာ ထိုးထွင်းကြံစည်လေ့ကျင့်ရမှာကို ဆိုလိုပါတယ်။

# ရှယ်ယာခွဲခြမ်းမှုများဆောင်ရွက်ခဲ့သည့် မြန်မာသီလဝါ အများပိုင်ကုမ္ပဏီ၏ရှယ်ယာများ စတော့အိတ်ချိန်းတွင် ပြန်လည်စတင်ရောင်းချသည့်နေ့၌ စံချိန်တင်အရောင်းအဝယ်ဖြစ်ခဲ့

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီ သုံးခုအနက် မြန်မာသီလဝါ အများပိုင်ကုမ္ပဏီ၏ အစုရှယ်ယာများ ခွဲခြမ်းဆောင်ရွက်ခဲ့သည့်အတွက် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ အရောင်းအဝယ်ပိတ်ထားခဲ့ပြီး နိုဝင်ဘာ ၄ ရက်တွင် စတော့အိတ်ချိန်း၌ ဈေးကွက်ပြန်ဖွင့်ခဲ့ရာ ဈေးနှုန်းပြန်လည်မြင့်တက်လာခဲ့ပြီး စံချိန်တင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ အချက်အလက်များအရ သိရသည်။

နိုဝင်ဘာ ၄ ရက် စတော့အိတ်ချိန်း ဈေးကွက်ပိတ်ချိန်တွင် FMI ကုမ္ပဏီ၏ အစုရှယ်ယာတစ်စုဈေးနှုန်းမှာ ကျပ် ၁၆၅၀၀ ဖြင့် ဈေးပိတ်ခဲ့ပြီး အပြောင်းအလဲမရှိခဲ့ဘဲ တစ်နေ့တာ အရောင်းအဝယ်ဖြစ်ခဲ့သည့် ရှယ်ယာပေါင်း ၃၃၉၅ ရှိခဲ့သည်။ မြန်မာသီလဝါ MTSH အများပိုင်ကုမ္ပဏီ၏ အစုရှယ်ယာ တစ်စုဈေးနှုန်းမှာ ကျပ် ၅၂၀၀၀ ဖြင့် ဈေးပိတ်ခဲ့ပြီး တစ်နေ့တာ အရောင်းအဝယ်ဖြစ်ခဲ့သည့် ရှယ်ယာပေါင်းမှာ ၇၈၂၆၉ အထိရှိခဲ့ပြီး စံချိန်တင် အရောင်းအဝယ်ဖြစ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသားများဘဏ် MCB ၏ အစုရှယ်ယာဈေးမှာ ကျပ် ၉၆၀၀ ဖြင့် တစ်နေ့တာ ရှယ်ယာအရောင်းအဝယ်ဖြစ်ခဲ့မှုမှာ ၈၄၃ ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

မြန်မာသီလဝါ အများပိုင်ကုမ္ပဏီ၏ အစုရှယ်ယာများ ပြန်လည်ရောင်းချမည့် နိုဝင်ဘာ ၄ ရက်တွင် အခြေခံဈေးနှုန်း ကျပ် ၅၁၀၀၀ ဖြင့် ဈေးဖွင့်ခဲ့ပြီး နံနက်ပိုင်းတွင် ကျပ် ၅၃၀၀၀ ဖြစ်ခဲ့ကာ မွန်းလွဲ ဈေးကွက်ပိတ်ချိန်တွင် ကျပ် ၅၂၀၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။ ကျန်ကုမ္ပဏီများ၏ ဈေးနှုန်းမှာ အပြောင်းအလဲ မရှိခဲ့ပေ။ ရန်ကုန်စတော့အိတ်ချိန်း၏ အောက်တိုဘာ ၂၈ ရက် ဈေးကွက်ပိတ်ချိန် ဈေးနှုန်းအရ မြန်မာသီလဝါ MTSH ကုမ္ပဏီ၏ ရှယ်ယာတစ်စုဈေးနှုန်းမှာ ကျပ် ၅၁၀၀၀ ဖြင့် ဈေးပိတ်ခဲ့ပြီး အောက်တိုဘာ ၂၆ ရက်တွင် ကျပ် ငါးသောင်း ဈေးရှိခဲ့ရာမှ မြင့်တက်ခဲ့ခြင်းဖြစ်သည်။ FMI ကုမ္ပဏီ၏ ဈေးနှုန်းမှာ အောက်တိုဘာ ၂၆ ရက်တွင် ကျပ် ၁၇၀၀၀ ရှိခဲ့ရာမှ အောက်တိုဘာ ၂၈ ရက်တွင် ကျပ် ၁၆၅၀၀ ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံသားများဘဏ်၏ အစုရှယ်ယာတစ်စု ဈေးနှုန်းမှာ ကျပ် ၉၃၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။

မြန်မာသီလဝါ အများပိုင်ကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းသည် အောက်တိုဘာ ၂၄ ရက်တွင် ကျပ် ၄၈၀၀၀ ရှိခဲ့ရာမှ အောက်တိုဘာ ၂၇ ရက်တွင် ကျပ် ၅၂၀၀၀ အထိ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ယနေ့ တစ်နေ့တာ ရှယ်ယာအရောင်းအဝယ်ဖြစ်ခဲ့မှုတွင်လည်း မြန်မာသီလဝါကုမ္ပဏီ၏ အစုရှယ်ယာပေါင်း ၆၄၅၅ အရောင်းအဝယ်ဖြစ်ခဲ့ပြီး FMI ကုမ္ပဏီမှာ ၁၆၀၁ ခု၊ မြန်မာနိုင်ငံသားများဘဏ်မှာ အစုရှယ်ယာ ၆၅၅ အရောင်းအဝယ်ဖြစ်ခဲ့သည်။

မြန်မာသီလဝါ အများပိုင်ကုမ္ပဏီသည် အစုရှယ်ယာရှင်များ၏ သဘောတူ ဆုံးဖြတ်ချက်ဖြင့် ရှယ်ယာခွဲခြမ်းခြင်းဆောင်ရွက်ရန် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၃၇ ကို ကျင့်သုံးလျက် ကုမ္ပဏီမှထိန်းသိမ်းထားသော အစုရှယ်ယာ မှတ်ပုံတင်စာရင်း (Member of Register)၏ အထူးစာရင်းရှိ အစုရှယ်ယာ လွှဲပြောင်းခြင်းအား အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ခေတ္တပိတ်ထားခဲ့ကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း ရန်ကုန်စတော့အိတ်ချိန်းတွင် သီလဝါကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းပြန်လည် မြင့်တက်လာကာ အရောင်းအဝယ် ပြန်လည်မြင့်တက်လာခဲ့သည်။ ကျန်ကုမ္ပဏီနှစ်ခု၏ ဈေးနှုန်းမှာ ကြီးမားစွာ ပြောင်းလဲခြင်း မရှိကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ အချက်အလက်များအရ သိရသည်။

**(၀၀၁)**

## ကျေးရွာချင်းဆက်လမ်းတွင် Slab Culvert သုံးစင်း တည်ဆောက်ပြီးစီး

**မိုးမောက် နိုဝင်ဘာ ၇**

မိုးမောက်မြို့နယ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ် သွားလာရေးလွယ်ကူစေရန်ရည်ရွယ်၍ နှောင်းကွမ်ကျေးရွာ- ကုန်းကတင်ကျေးရွာ- နောင်မကောက်ကျေးရွာချင်းဆက်လမ်းပေါ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၇ ဒသမ ၅သန်းဖြင့် Slab Culvert သုံးစင်းဆောင်ရွက်ခဲ့ရာ အောက်တိုဘာ နောက်ဆုံးပတ်တွင် ပြီးစီးခဲ့ပြီဖြစ်သည်။

အဆိုပါနေရာတွင် ရေပွန်ပြိုကျနေခြင်း၊ အချို့နေရာတွင် ရေထွက်ပေါက်မရှိသဖြင့် လမ်းမပေါ်တွင် ရေကျော်ခြင်း ဖြစ်ပေါ်ခဲ့ပြီး မိုးတွင်းကာလတွင် အခက်အခဲများ ကြုံတွေ့နေရသဖြင့် Slab Culvert တစ်စင်းလျှင် (၅ပေ×၁၄ လက်မ×၅ပေ ၉ လက်မ) ဖြင့် သုံးစင်းတည်ဆောက်ပေးခဲ့သည်။ **(ကြေးမုံ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥရောပသမဂ္ဂ စစ်ဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၇**

ဘယ်လ်ဂျီယံနိုင်ငံ၌ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်နှင့်အတူ နိုဝင်ဘာ ၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ဘရပ်ဆဲလ်မြို့ရှိ Waterloo စစ်ပွဲအထိမ်းအမှတ်ပြတိုက် Memorial 1815 နှင့် ဘရပ်ဆဲလ်မြို့အနီး Wallonia ဒေသ Namur မြို့သို့ သွားရောက်လေ့လာကြည့်ရှုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဘရပ်ဆဲလ်မြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံးဧည့်ခန်းမ၌ အမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှတ်တရပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ သံအမတ်ကြီး ဦးပေါ်လွင်စိန်နှင့်ဇနီး၊ သံရုံးဝန်ထမ်းများက လက်ခံရယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား သံရုံးမိသားစုများက ညစာဖြင့် တည်ခင်းဧည့်ခံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ General Mikhail Kostarakos အား နိုဝင်ဘာ ၇ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဥရောပသမဂ္ဂ စစ်ဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌရုံး၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ့တပ်မတော်နှင့် ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာကော်မတီ၊ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ တပ်မတော်များအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးနှင့် ဆက်ဆံမှုမြှင့်တင်ရေး၊ လေ့ကျင့်ရေးသင်တန်းများ စေလွှတ်ရေးနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များအား ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

---

**✻ ကျောဖုံးမှ**

အမျိုးသား၊ အမျိုးသမီး မီတာ(၁၅၀၀) အပြေးပြိုင်ပွဲတွင် အေးခမ်း (ရှမ်းပြည်နယ်) က ၅ မိနစ် ၂၂ ဒသမ ၁၃ စက္ကန့်ဖြင့် ပထမနှင့် မင်းမင်းဇော် (မန္တလေးတိုင်းဒေသကြီး) က ၄ မိနစ် ၂၀ ဒသမ ၅၉ စက္ကန့်ဖြင့် ပထမဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

အမျိုးသား၊ အမျိုးသမီး မီတာ(၁၀၀)ပြိုင်ပွဲတွင် ကျော်စွာအောင် (တနင်္သာရီတိုင်းဒေသကြီး) က ၁၁ ဒသမ ၁၂ စက္ကန့်ဖြင့် ပထမနှင့် စိုင်းတောင် (ကချင်ပြည်နယ်) က ၁၃ ဒသမ ၅၇ စက္ကန့်ဖြင့် ပထမဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

အမျိုးသားမီတာ(၄၀၀ × ၄) လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ၃ မိနစ် ၃၅ ဒသမ ၉၀ စက္ကန့်ဖြင့် ပထမနှင့် အမျိုးသမီးမီတာ(၄၀၀ × ၄) လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ၄ မိနစ် ၁၀ ဒသမ ၂၂ စက္ကန့်ဖြင့် ပထမဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

ထို့နောက် ရွှေ(၅)ခု၊ ကြေး(၁)ခုဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသွားသော ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရွှေ (၄)ခု၊ ငွေ (၇)ခု၊ ကြေး (၁) ခုဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ရွှေ(၈)ခု၊ ငွေ (၈)ခု၊ ကြေး (၆)ခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသွားသော မန္တလေးတိုင်းဒေသကြီးအသင်းတို့အား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က တံခွန်စိုက်ဆုဖလားများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မောင်မောင်ဇော်၊ ဓာတ်ပုံ-အား/ကာ)**




## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၇ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၉)ကော်လံ(၁)ပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့ ရောက်ရှိသတင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်အစား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

**❂ စာမျက်နှာ ၅ မှ**

မွန်းလွဲပိုင်းတွင် "ကျား၊ မရေးရာနှင့် မီဒီယာ" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ IMS - Fojo Myanmar Media Development Programme မှ Senior Gender Adviser, Ms.Agneta Soderberg-Jacobso က ဆွေးနွေးပွဲညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံသတင်းစာဆရာသမဂ္ဂ အမှုဆောင်အဖွဲ့ဝင် ဒေါ်သင်းသင်းသာ၊ အေပီ သတင်းဌာနသတင်းထောက် ဒေါ်အက်စတာထူးဆန်၊ မြန်မာအမျိုးသမီး သတင်းထောက်အဖွဲ့အစည်း ဗဟိုအလုပ်အမှုဆောင် ဒေါ်အိမ့်ခိုင်ဦးနှင့် ကရင်သတင်းအချက်အလက်စင်တာ အယ်ဒီတာချုပ် ဒေါ်နန်းဖော်ဂေးတို့က ဦးဆောင်ဆွေးနွေးကြသည်။

"လူမှုမီဒီယာ-ကစားပွဲကို ပြောင်းလဲသူ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် Internews မီဒီယာအကြံပေးဦးမျိုးသာထက်က ဆွေးနွေးပွဲ ညှိနှိုင်းရေးမှူးအဖြစ်ဆောင်ရွက်ပြီး MIDO သုတေသနနှင့် ဖွံ့ဖြိုးရေးမန်နေဂျာ ဒေါ်ဖြူဖြူသီ၊ Phandeeyar ဈေးကွက်နှင့်ဆက်သွယ်ရေး မန်နေဂျာ ဦးနေရဲ၊ NHK သတင်းဌာန အကြီးတန်းသတင်းထောက် ဦးသီဟသွယ်နှင့် Myanmar Now သတင်းထောက်ချုပ် ဦးဆွေဝင်းတို့က ဦးဆောင်ဆွေးနွေးကြပြီး ညီလာခံ ပထမနေ့ကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ပဉ္စမအကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံ ဒုတိယနေ့ကို နိုဝင်ဘာ ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပထမအကြိမ် မီဒီယာကွန်ဖရင့်ကို ၂၀၁၂ ခုနှစ် မတ် ၁၉ ရက်မှ ၂၀ ရက်အထိလည်းကောင်း၊ ဒုတိယအကြိမ် မီဒီယာကွန်ဖရင့်ကို ၂၀၁၃ ခုနှစ် မေ ၂၀ ရက်မှ ၂၁ ရက်အထိ လည်းကောင်း၊ တတိယအကြိမ်မြောက် မီဒီယာကွန်ဖရင့်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ စတုတ္ထအကြိမ်မြောက် မီဒီယာကွန်ဖရင့်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိလည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။

ပထမအကြိမ် မီဒီယာကွန်ဖရင့်၏ ရည်ရွယ်ချက်မှာ "The Way Forward " ဖြစ်ပြီး ဒုတိယအကြိမ် မီဒီယာကွန်ဖရင့်ကို "The Role of Media in Democratic Transitions: Success Challenges and the Way Forward" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တတိယအကြိမ်မြောက် မီဒီယာကွန်ဖရင့်ကို "Moving Towards a Sustainable Media Environment" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စတုတ္ထအကြိမ်မြောက် မီဒီယာကွန်ဖရင့်ကို "New Dynamics in Myanmar Media" ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပခဲ့ပြီး ယခု ပဉ္စမအကြိမ်မြောက် မီဒီယာကွန်ဖရင့်ကို "Inclusive Independent Media in a New Democracy" ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

**❖ ကမ္ဘာလှည့်ခရီးသည်မှ**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှု၊ Myanmar Voyages International Tourism Co.,Ltd ၏စီစဉ်မှုဖြင့် အမေရိကန်နိုင်ငံအခြေစိုက် Silversea Cruises မှ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.V Silver Shadow သည် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့သည်။

M.V Silver Shadow အပျော်စီးသင်္ဘောကြီးပေါ်တွင် ကမ္ဘာလှည့်ခရီးသည် ၂၉၈ ဦးနှင့် သင်္ဘောအမှုထမ်း ၂၉၀ ပါဝင်ကာ အများစုမှာ အမေရိကန်၊ ဩစတြေးလျနှင့် ဗြိတိန်လူမျိုးများဖြစ်ပြီး ရန်ကုန်မြို့တွင်းနှင့် သန်လျင်၊ ပဲခူးနေ့ချင်းပြန်ခရီးစဉ်များ၊ ပုဂံနှင့် မန္တလေးသို့ တစ်ညအိပ်ခရီးစဉ်များ သွားရောက်လည်ပတ်ကြမည်ဖြစ်သည်။

အဆိုပါ ကမ္ဘာလှည့်အပျော်စီးသင်္ဘော M.V Silver Shadow သည် နိုဝင်ဘာ ၇ ရက် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းမှ မလေးရှားနိုင်ငံ လန်ကဝီကျွန်းသို့ ပြန်လည်ထွက်ခွာပြီး ဒီဇင်ဘာ ၁၃ ရက်တွင် ကမ္ဘာလှည့်ခရီးသည် ၃၀၀ ခန့်နှင့်အတူ ထိုင်းနိုင်ငံဖူးခက်ဆိပ်ကမ်းမှ မြန်မာနိုင်ငံရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ထပ်မံပြန်လည်ဝင်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။

၁၉၉၅ ခုနှစ်မှစ၍ အပျော်စီးသင်္ဘောများ ခရီးစဉ်ဝန်ဆောင်မှုကို ပုဂ္ဂလိကအခန်းကဏ္ဍအား ခွင့်ပြုခဲ့ရာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအထိ နိုင်ငံတကာမှ အပျော်စီးသင်္ဘောကြီးပေါင်း ၁၄၀ ကျော်ခန့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ဝင်ရောက်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာလှည့်အပျော်စီးသင်္ဘော ၁၈ စင်းဖြင့် ကမ္ဘာလှည့်ခရီးသည် ၁၈၆၁၁ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၂၆ စင်းဖြင့် ကမ္ဘာလှည့်ခရီးသည် ၂၆၇၇၆ ဦး ဝင်ရောက်ခဲ့သည်။ ယခုနှစ်ပွင့်လင်းရာသီတွင် ပထမဆုံးဝင်ရောက်သော M.V Silver Shadow သင်္ဘောကြီးသည် Myanmar Voyages ခရီးသွားကုမ္ပဏီက စီစဉ်ဆောင်ရွက်ခဲ့သော ၉၂ စင်းမြောက် အပျော်စီးသင်္ဘောဖြစ်သည်။ **(ကြေးမုံ)**

---

**❍ ဆူဇူကီးမှ**

ရယူနိုင်ခဲ့သည်။ ဥရောပခရီးစဉ်တွင် ခြေစမ်းပွဲရှစ်ပွဲ ယှဉ်ပြိုင်ကစားရာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ခဲ့ပြီး ရလဒ်ကောင်းရခဲ့သော်လည်း နိုဝင်ဘာ ၄ ရက်က ယှဉ်ပြိုင်ကစားခဲ့သည်။ အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲတွင် ပရိသတ်အကြိုက် ခြေစွမ်းမပြနိုင်သောကြောင့် မြန်မာ့ဘောလုံးပရိသတ်များ စိုးရိမ်စရာဖြစ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် အင်ဒိုနီးရှားနှင့်ပွဲမှ အမှားများကို လက်ကျန်အချိန်တွင် ပြန်လည်ပြင်ဆင်မည်ဟု ပြောကြားထားပြီး ပြောင်းလဲမှုရှိ၊ မရှိစောင့်ကြည့်ရမည် ဖြစ်သည်။ မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအကြို နောက်ဆုံးခြေစမ်းပွဲအဖြစ် နိုဝင်ဘာ ၁၄ ရက်တွင် အိုမန်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အိုမန်အသင်းသည် မြန်မာအသင်းထက် ခြေစွမ်းပိုင်းများစွာသာလွန်ရာ ရလဒ်ကောင်းရန်မလွယ်ဘဲ ခြေစွမ်းပိုင်းနှင့် ကစားကွက်ကောင်းမွန်လာမှုကိုပဲ စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် အုပ်စု(ခ)၌ မလေးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားအသင်းတို့နှင့်အတူ ပါဝင်နေပြီး နိုဝင်ဘာ ၂၀ ရက်တွင် ဗီယက်နမ်၊ နိုဝင်ဘာ ၂၃ ရက်တွင် ကမ္ဘောဒီးယား၊ နိုဝင်ဘာ ၂၆ ရက်တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် ၂၀၀၄ ခုနှစ် တစ်ကြိမ်သာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ဖူးပြီး ကျန်အကြိမ်များတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရရာ ယခုအကြိမ်တွင် အစဉ်အလာဆိုးများကို ချေဖျက်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)** ❑

---

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**ပဲခူး နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် မှတ်တိုင်မြို့နယ် လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် မှတ်တိုင်အခြေခံပညာမူလတန်းကျောင်း၌ မြို့နယ်လျှပ်စစ်မှူး ဦးညီညီဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ရာ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ပြီး လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(ရဲထွန်း)**

# မောင်တောခရိုင်အတွင်း လုံခြုံရေးတာဝန်ဆောင်ရွက်လျက်ရှိသည့် တပ်မတော်သားများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ကူညီထောက်ပံ့ရန်လိုအပ်သော တိုင်းရင်းသားများအတွက် ရမ်းဗြဲမြို့နယ်ပြည်သူများက အလှူငွေနှင့် ဆန်အိတ်များ လာရောက်ပေးအပ်



**မောင်တော နိုဝင်ဘာ ၇**

နိုင်ငံကိုချစ်သည့်စိတ်၊ နိုင်ငံကိုကာကွယ်လိုသည့် စိတ်ဓာတ်ဖြင့် မည်သည့်တိုက်တွန်းချက်မျှမပါဘဲ တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ကူညီထောက်ပံ့ရန်လိုအပ်သော တိုင်းရင်းသားကျေးရွာများအတွက် ရမ်းဗြဲမြို့နယ်ရှိ ပြည်သူများက ချွေးနှဲစာများကို စုစည်းပြီး ပင်ကိုအသိစိတ်ဓာတ်ဖြင့် လာရောက်လှူဒါန်းခြင်းဖြစ်ပါကြောင်း ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောကြားသည်။

မောင်တောခရိုင်အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ကျင်းပသည့် မောင်တောခရိုင်အတွင်း လုံခြုံရေးတာဝန် ဆောင်ရွက်လျက်ရှိသည့် တပ်မတော်သားများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ကူညီထောက်ပံရန်လိုအပ်သော တိုင်းရင်းသားများအတွက် ရမ်းဗြဲမြို့နယ် ပြည်သူများက လှူဒါန်းသည့် အလှူငွေနှင့် ဆန်အိတ်များပေးအပ်သည့် အခမ်းအနားတွင် ဒေါက်တာချမ်းသာက အဖွင့်အမှာစကားပြောကြားစဉ် ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါလှူဒါန်းမှုကို ရမ်းဗြဲမြို့နယ်ရှိ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစည်း၍ ပေးအပ်လှူဒါန်းရာ တပ်မတော်သားများအတွက် လှူဒါန်းငွေကျပ် ၂၅ သိန်းကို စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး ခင်မောင်စိုးကလည်းကောင်း၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအတွက် လှူဒါန်းငွေကျပ် ၂၅ သိန်းကို အမှတ် (၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်ကလည်းကောင်း**(အပေါ်ယာပုံ)** တိုင်းရင်းသားကျေးရွာများအတွက် ထောက်ပံ့လှူဒါန်းသည့် ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ ဆန်အိတ် ၃၆၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်ကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ရမ်းဗြဲမြို့နယ်ရှိ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် မောရဝတီတိုင်းရင်းသားကျေးရွာသို့ သွားရောက်ပြီး ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ဆန်အိတ်များကို ကျေးရွာအရောက် သွားရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

လှူဒါန်းမှုအပြီး၌ ရမ်းဗြဲမြို့မှ မြို့မိမြို့ဖ ဦးအောင်စိုးက “ဒီကိုလာရောက်လှူဒါန်းရတဲ့ ရည်ရွယ်ချက်ကတော့ ဒုက္ခရောက်နေတဲ့ တိုင်းရင်းသားတွေကို ကူညီချင်လွန်းလို့ ရမ်းဗြဲကနေ ဒီအထိ လာရောက်ရခြင်းဖြစ်ပါတယ်။ ဒီဒေသမှာ ဒုက္ခရောက်နေတာကို ရမ်းဗြဲမြို့နယ်တစ်ခုလုံးက ရဟန်းရှင်လူပြည်သူအပေါင်းက သိတဲ့အတွက် မြို့နယ်ကိုယ်စားပြုပြီး လာရောက်လှူဒါန်းရခြင်းဖြစ်ပါတယ်။ အဓိကလာပြီး လှူဒါန်းတာကတော့ ဆန်ဖြစ်ပြီး နောက်ထပ်လည်း လှူဒါန်းဖို့ အစီအစဉ်တွေ အများကြီးရှိပါသေးတယ်” ဟု ပြောကြားသည်။

ရမ်းဗြဲမြို့နယ် လူမှုရေးအဖွဲ့အစည်းမှ ကိုလှသွင်ကလည်း “ကျွန်တော်တို့ ရမ်းဗြဲမြို့နယ်ကို ကိုယ်စားပြုပြီး လှူဒါန်းခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အနောက်ဘက် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ အခုလိုဖြစ်ပျက်နေတာတွေကို ကြားသိရတဲ့အတွက် စိတ်မကောင်းပါဘူး။ အနောက်ဘက်တံခါးကပြဿနာတွေကို တိုင်းရင်းသားတွေနဲ့ အစိုးရပူးပေါင်းပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်” ဟု ပြောကြားသည်။

ထို့ပြင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော WFP၊ MHDO၊ UNHCR၊ OCHA တို့ကလည်း မောင်တောခရိုင်အတွင်းရှိ ကူညီထောက်ပံ့ရန်လိုအပ်သော တိုင်းရင်းသားကျေးရွာများအတွက် ရိက္ခာအမယ်များ ထောက်ပံ့လှူဒါန်းမှုကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် လှူဒါန်းနိုင်ရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ နယ်မြေရှင်းလင်းစဉ် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ဝါးပိတ်၊ ငါးစားကြူး၊ ပြောင်ပိုက်နှင့် ကြက်ရိုးပြင်ကျေးရွာများအတွက် ရိက္ခာလေးမယ် နှစ်ပတ်စာကို နိုဝင်ဘာ ၈ ရက်တွင် ကျေးရွာများသို့အရောက် ပေးပို့လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်း အချို့အား အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ဒဏ်ရာရရှိကာ လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့သဖြင့် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့များက နယ်မြေရှင်းလင်းရေးနှင့် လုံခြုံရေးဆောင်ရွက်လျက်ရှိရာ နယ်မြေအတွင်းရှိ တိုင်းရင်းသားကျေးရွာများမှ ရွာသူ ရွာသားအချို့မှာ မောင်တော၊ ဘူးသီးတောင်နှင့် စစ်တွေမြို့များသို့ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် လိုအပ်သော ထောက်ပံ့မှုများပြုလုပ်ခဲ့သည့်အပြင် စေတနာရှင်ပြည်သူများကလည်း ပူးပေါင်းလှူဒါန်းခဲ့ကြသည်။

ယခုအခါ နယ်မြေတည်ငြိမ်လာပြီဖြစ်၍ ဖြစ်စဉ်ဖြစ်ပွားမှုကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်လျက်ရှိသော ဝါးပိတ်၊ ငါးစားကြူး၊ ပြောင်ပိုက်နှင့် ကြက်ရိုးပြင်ကျေးရွာများသို့ ရွာသူရွာသားများ ပြန်လည်ရောက်ရှိလာသဖြင့် နိုင်ငံတကာအဖွဲ့အစည်းများက ထောက်ပံ့မှုလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ်မှ လူမျိုးပေါင်းစုံ အတူတကွနေထိုင်ပြီး တည်ငြိမ်အေးချမ်းနေသည့် အလယ်သံကျော်ကျေးရွာ

**မောင်တော နိုဝင်ဘာ ၇**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများအား အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်အချို့ ကျဆုံးဒဏ်ရာရရှိခဲ့သည့်အပြင် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး နယ်မြေရှင်းလင်းရေးနှင့် လုံခြုံရေးဆောင်ရွက်လျက်ရှိရာ မောင်တောမြို့နယ်ရှိ လူမျိုးပေါင်းစုံ အတူတကွ နေထိုင်လျက်ရှိသည့် အလယ်သံကျော်ကျေးရွာမှာ တည်ငြိမ်အေးချမ်းလျက်ရှိသည်။



ဦးမောင်မြင့်



ဦးဆွေရှေ့ဒူလာ

“ကျွန်တော်တို့ရွာက စိုက်ပျိုးရေးနဲ့ ရေလုပ်ငန်းလုပ်ကိုင်ကြသူတွေများပါတယ်။ တည်ငြိမ်အေးချမ်းမှုရှိတဲ့ရွာပါ။ ဒီရွာမှာ ရခိုင်တိုင်းရင်းသား၊ ဟိန္ဒူနဲ့ အစ္စလာမ်ဘာသာဝင်တွေ အတူတကွ ပူးတွဲနေထိုင်ကြပါတယ်။ ဘာပြဿနာမှ မရှိပါဘူး။ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့တဲ့ ဂယက်ကြောင့် အရောင်းအဝယ်၊ အသွားအလာ နည်းသွားတာတော့ ရှိပါတယ်။ ကျောင်းနဲ့ဈေးတွေလည်း ပုံမှန်ဖွင့်လှစ်နေပါတယ်” ဟု အလယ်သံကျော် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ထူးက ပြောသည်။

အလယ်သံကျော်ကျေးရွာ ဈေးတွင် ပိတ်ရက်မရှိ ရောင်းချနေသည်ကို တွေ့ရပြီး ဈေးဆိုင် ၁၆၀ ခန့်ရှိကြောင်း၊ အပတ်စဉ် ဈေးနေ့ဖြစ်သော တနင်္ဂနွေနှင့် ကြာသပတေးနေ့များတွင် အရောင်းအဝယ်စည်ကားကြောင်း၊ အလယ်သံကျော်ကျေးရွာတွင် လူမျိုးပေါင်းစုံ အတူတကွယှဉ်တွဲနေထိုင်ကြသော်လည်း တည်ငြိမ်အေးချမ်းစွာနေထိုင်လျက်ရှိကြပြီး အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများကို လက်မခံဘဲ ရှုတ်ချလျက်ရှိကြောင်း သိရသည်။

“အလယ်သံကျော်ကျေးရွာဟာ လူမျိုး၊ ဘာသာပေါင်းစုံ အတူတကွ နေထိုင်ကြတဲ့ရွာဖြစ်ပါတယ်။ ရခိုင်၊ ဟိန္ဒူ၊ အစ္စလာမ်ဘာသာဝင်တွေ နေထိုင်ကြပြီး အချင်းချင်းချစ်ခင်ရင်းနှီးမှုလည်းရှိကြပါတယ်။ ကျွန်တော်တို့ကတော့ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွေကို လုံးဝလက်မခံပါဘူး။ အကြမ်းဖက်လုပ်ရပ်တွေကိုလည်း မကြိုက်ပါဘူး။ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွေကို ရှုတ်ချပါတယ်။ အဲဒီလိုဖြစ်ရပ်တွေက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နောက်ကျစေမှာဖြစ်ပါတယ်” ဟု အလယ်သံကျော်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးဆွေရှေ့ဒူလာက ပြောသည်။

အလယ်သံကျော်ကျေးရွာအုပ်စုသည် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းရှိသည့်အတွက် ငါးဖမ်းလုပ်ငန်းဖွံ့ဖြိုးသည့်ဒေသဖြစ်ကြောင်း မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသိန်းက ပြောကြားသည်။

“ကျွန်တော်တို့မောင်တောမြို့နယ်ထဲမှာ ငါးဖမ်းဆီးရေးအပိုင်းနဲ့ ပတ်သက်ပြီးတော့ လုပ်ငန်းနှစ်မျိုးရှိပါတယ်။ ကမ်းနီးငါးဖမ်းလုပ်ငန်းရယ်၊ ကုန်းတွင်းပိုင်း ရေချိုငါးဖမ်းလုပ်ငန်းရယ်ရှိပါတယ်။ ကမ်းဝေးငါးဖမ်းလုပ်ငန်းကတော့ မောင်တောခရိုင်အတွင်းမှာမရှိပါဘူး။ မောင်တောခရိုင်ထဲမှာ ငါးဖမ်းဆီးတဲ့ ရေလုပ်သားစုစုပေါင်း ၁၅၀၀၀ ကျော်ရှိပါတယ်။ စက်တပ်ငါးဖမ်းရေယာဉ်က အစင်း ၁၂၀ ရှိပါတယ်။ စက်မဲ့ ငါးဖမ်းရေယာဉ်ကတော့ အစင်း ၁၇၀၀ ခန့်ရှိပါတယ်။ ရေလုပ်ငန်းတွေအနေနဲ့ ငါးဖမ်းဆီးပြီးရင် ရတဲ့ငါးတွေကို ဒီဒေသမှာ ငါးခြောက်လှန်းတာနဲ့ ဒေသစားသုံးရေးအတွက်သာ ဖြစ်ပါတယ်။ နိုင်ငံခြားတင်ပို့မှုအနေနဲ့ကတော့ ထွက်ရှိလာတဲ့ ငါးခြောက်တွေကို တစ်ဖက်နိုင်ငံကို တင်ပို့လျက်ရှိပါတယ်။ ငါးဖမ်းဆီးရေးနဲ့ပတ်သက်ပြီး ငါးလုပ်ငန်းဦးစီးဌာနကနေ ငါးဖမ်းဆီးခွင့်လိုင်စင် ထုတ်ပေးပြီးတော့ ပင်လယ်ပြင်ထွက်ပြီး ငါးဖမ်းဆီးမယ်ဆိုရင် လုံခြုံရေးအဖွဲ့အစည်းတွေရဲ့ စစ်ဆေးမှုကိုခံယူပြီးမှသာ ထွက်ခွာခွင့်ပြုပါတယ်။ ဖမ်းဆီးပြီးပြန်လာတဲ့ အချိန်မှာလည်း လုံခြုံရေးအဖွဲ့အစည်းတွေကို သတင်းပို့ပြီးမှ ပြန်ဝင်ရပါတယ်”ဟု ဦးနိုင်ဝင်းသိန်းက ဆက်လက်ပြောကြားသည်။

အလယ်သံကျော်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းအပြင် ရေလုပ်ငန်းလည်း အဓိကထားလုပ်ကိုင်ကြရာ ဘင်္ဂလားပင်လယ်အော်အတွင်းသို့ ငါးဖမ်းစက်လှေအပြင် သာမန်လှေများဖြင့်လည်း နေ့စဉ်ငါးဖမ်းထွက်လေ့ရှိရာမှ ယခုအခါ နယ်မြေလုံခြုံရေးအခြေအနေအရ ငါးဖမ်းစက်လှေများနှင့် လှေများ ပင်လယ်ထွက်ခွင့် တားမြစ်ထား၍ ငါးမဖမ်းနိုင်ကြောင်း သိရသည်။

“ကျွန်တော်တို့ရွာမှာ ငါးဖမ်းစက်လှေ ၆၄ စင်းနဲ့ ရိုးရိုးငါးဖမ်းလှေ ၃၂ စင်းရှိပြီး အဲဒီလှေတွေအားလုံး အရင်က ပင်လယ်ပြင်ကို ငါးဖမ်းထွက်ကြတာပါ။ အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှု ဖြစ်စဉ်တွေဖြစ်ပွားပြီးနောက် ငါးဖမ်းစက်လှေတွေကို လုံခြုံရေးအရ ပင်လယ်ပြင်ငါးဖမ်းထွက်ခွင့် မပေးတော့ပါဘူး။ ဒါကြောင့် ဒီရွာက ငါးဖမ်းတဲ့လူတွေ အဆင်မပြေတာမို့ အဲဒီအကြမ်းဖက်တိုက်ခိုက်မှုတွေကို မကြိုက်ပါဘူး၊ မလိုလားပါဘူး။ စီးပွားရေး ထိခိုက်ပါတယ်။ အေးအေးချမ်းချမ်းပဲ နေချင်ပါတယ်”ဟု အလယ်သံကျော်ရွာမှ ငါးဖမ်းစက်လှေများအသင်း ဥက္ကဋ္ဌ ဦးသန်းဌေးက ပြောသည်။

ဆက်လက်ပြီး ငါးဖမ်းစက်လှေပိုင်ရှင် ဦးမောင်မြင့်ကလည်း “ကျွန်တော်တို့ရွာမှာ ဘာပြဿနာမှ မရှိပါဘူး။ အခုတော့ အဲဒီအကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်ရပ်တွေရဲ့ ရိုက်ခတ်မှုကြောင့် ငါးဖမ်းလုပ်ငန်းတွေ ရပ်ထားရပါတယ်။ စားဝတ်နေရေးတွေ ထိခိုက်တာပေါ့။ ဒါ့ကြောင့် အဲဒီအကြမ်းဖက်တိုက်ခိုက်မှုတွေကို လုံးဝမလိုလားပါဘူး။ ရှုတ်ချပါတယ်၊ မကြိုက်ပါဘူး”ဟု ပြောကြားသည်။

အလယ်သံကျော်ကျေးရွာအုပ်စုသည် ရွာသိမ်၊ ရွာငယ် ခုနစ်ခုဖြင့် ပေါင်းစု ဖွဲ့စည်းထားပြီး အိမ်ခြေ ၁၃၀၄ အိမ်၊ အိမ်ထောင်စု ၁၂၁၀ နှင့် လူဦးရေ ၁၁၁၈၆ ဦးရှိကာ လူမျိုးပေါင်းစုံ အတူတကွပူးပေါင်းနေထိုင်လျက်ရှိကြသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ်အတွင်းမှ မသကာဖွယ် ဘင်္ဂါလီလူမျိုး နှစ်ဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၇ နာရီခန့်တွင် ဖားဝပ်ချောင်းကျေးရွာ(ရွာဟောင်း)သို့ သွားရောက်စုံစမ်းရှာဖွေစဉ် ၎င်းကျေးရွာနေ မသင်္ကာဖွယ် ဘင်္ဂါလီ ဖောရာအာမတ် (ဘ) မာမတ်ရှောဖီနှင့် မာမတ်တာဟဲ(ဘ)ဆာလောင်အာမတ်တို့နှစ်ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ဘင်္ဂါလီ နှစ်ဦးအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် မောင်တောမြို့ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# မောင်တောမြို့နယ် မြင်းလွတ်မြို့ရှိ အဆောက်အအုံနှစ်လုံး မီးလောင်မှုဖြစ်ပွား

**မောင်တော နိုဝင်ဘာ ၇**

မောင်တောမြို့နယ် မြင်းလွတ်မြို့ အမှတ်(၁)ရပ်ကွက်ရှိ ဆရာ ဆရာမများ နေထိုင်နိုင်ရန် ကျေးရွာအစီအစဉ်ဖြင့် ဆောက်လုပ်ပေးထားသည့် အဆောက်အအုံနှစ်လုံးမှာ ယနေ့ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် တပ်မတော်စစ်ကြောင်းမှ တပ်မတော်သားများနှင့် ရွာသူရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၇ နာရီခန့်တွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုဖြစ်ပွားသည့် အဆောက်အအုံများသည် အလယ်တန်းကျောင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီးတွင် တည်ရှိပြီး ပေ ၆၀×၃၀၊ ပေ ၄၀×၃၀နှင့် ပေ ၃၀×၂၀ အရွယ်အစားရှိ ခနိမိုး၊ ဝါးထရံကာ၊ ပျဉ်ခင်းအဆောင်များဖြစ်ကြောင်း၊ ယင်းအနက်မှ အဆောက်အအုံနှစ်လုံး မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်ရခြင်းအကြောင်းရင်းကို စိစစ်ဆဲဖြစ်ကြောင်း သိရသည်။

ယခုအခါ မောင်တောမြို့ပေါ်နှင့် ကျေးရွာအချို့ရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီးဖြစ်သော်လည်း မြင်းလွတ်မြို့ရှိ အလယ်တန်းကျောင်း အပါအဝင် ကျေးရွာအချို့မှ စာသင်ကျောင်းများမှာ ပြန်လည်ဖွင့်လှစ်နိုင်မှု မရှိသေးကြောင်း၊ ယင်းအလယ်တန်းကျောင်းမှ ဆရာ ဆရာမများမှာ နေရပ်အသီးသီးမှ ပြန်လည်ရောက်ရှိပြီးဖြစ်သော်လည်း ကျောင်းဖွင့်လှစ်မှုမရှိသေးသဖြင့် မောင်တောမြို့တွင် နေထိုင်လျက်ရှိကြောင်းနှင့် ဆရာ ဆရာမများ နေထိုင်ခြင်းမရှိသေးသည့် အဆောက်အအုံနှစ်လုံး မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထိုင်းဘုရင်နှင့် မိသားစုတို့၏ တော်ဝင်ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ


ပရဟိတဆရာတော်အား ထိုင်းနိုင်ငံခြားရေး ဒုတိယဝန်ကြီး လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၇**

မဟာကုသိုလ်တရားများ တိုးပွားစေရန်နှင့် ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မြဲလာစေရန် သံဃာတော်များအားလုံးအတွက် ရည်စူးပြီး လှူဒါန်းသော ထိုင်းဘုရင်နှင့် မိသားစုတို့၏ တော်ဝင်ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးပရဟိတသာသနာပြု ကျောင်း Sima Hall ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက နှစ်နိုင်ငံပြည်သူအားလုံးတို့သည် မြတ်ဗုဒ္ဓ၏ ငြိမ်းချမ်းရေးနှင့် သည်းခံခွင့်လွှတ်ရေး တရားတော်တည်းဟူသော အရိပ်အာဝါသအောက်တွင် ကြီးပြင်းခဲ့ကြသူများဖြစ်ကြောင်း၊ ယခုလို ကြီးကျယ်ခမ်းနားသော ထိုင်းဘုရင်နှင့် မိသားစုတို့၏ တော်ဝင်ကထိန် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နှစ်စဉ်ကျင်းပနိုင်ခဲ့ပြီး တန်ဖိုးမဖြတ်နိုင်သော ဗုဒ္ဓဘာသာယဉ်ကျေးမှုအစဉ်အလာများနှင့် အမွေအနှစ်တို့ကို အမြတ်တနိုးထိန်းသိမ်းစောင့်ရှောက်နေကြသည့်အတွက် ယနေ့သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အခါသမယဖြစ်ကြောင်း ပြောကြားသည်။

"နှစ်စဉ်နှစ်တိုင်း ထိုင်းဘုရင်ကြီး နတ်ရွာမစံခင်ကတည်းက ကထိန်လှူဖို့အတွက် ပြောခဲ့တာလည်းပါတယ်။ အရင်ကလည်း လှူဒါန်းခဲ့ဖူးပါတယ်။ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံက သံအမတ်တွေနဲ့ ဆက်သွယ်ပြီး မြန်မာနိုင်ငံမှာ လာရောက်အလုပ်လုပ်ကိုင်တဲ့ ထိုင်းလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး လာရောက်လှူဒါန်းရခြင်းဖြစ်ပါတယ်။ မြန်မာနဲ့ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးပိုမိုခိုင်မာပြီးတော့ ဗုဒ္ဓဘာသာ ကိုးကွယ်သူအချင်းချင်း ကူညီရိုင်းပင်းတဲ့အနေနဲ့လည်း လာရောက်လှူဒါန်းရခြင်းဖြစ်ပါတယ်။ အရင်တုန်းကတော့ ရန်ကုန်မှာ ကထိန်ခင်းဖြစ်တာ များပါတယ်။ ဒီနှစ်မှာ ထိုင်းသံအမတ်ရဲ့ လမ်းညွှန်ချက်နဲ့ နေပြည်တော်မှာရှိတဲ့ ဘုန်းကြီးကျောင်းတွေကို လာရောက်လှူဒါန်းတာဟာ ပထမဆုံးပါပဲ။ ဒီ ခေတ်အေးကျောင်းကို ရွေးချယ်ရတာကတော့ အခုမှလည်း ဆောက်လုပ်ခါစ ကျောင်းရှိတာရယ်၊ မိဘမဲ့ ကလေးတွေကို ပြုစုစောင့်ရှောက်ထားတာရယ်ကြောင့် ရွေးချယ်ရတာပါ။ အဓိကအနေနဲ့ကတော့ လတ်တလောဖြစ်နေတဲ့ ခြင်အန္တရာယ်ကြောင့် ကလေးတွေ လုံလုံခြုံခြုံနေနိုင်အောင်လည်းပါပါတယ်။ အရင်တုန်းက ကျွန်တော်က မြန်မာနိုင်ငံမှာ သံအမတ်အနေနဲ့ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့အတွက် အခုလို လာရောက်လှူဒါန်းရတဲ့အခါမှာ တော်တော်လေး ဝမ်းသာမိပါတယ်။ ဒီနေ့ဒီအချိန်အခါကနေစပြီးတော့ ထိုင်းပြည်သူ ပြည်သားတွေနဲ့ မြန်မာပြည်သူ ပြည်သားတွေ ချစ်ချစ်ခင်ခင်နဲ့ ပျော်ပျော်ရွှင်ရွှင်နေနိုင်ကြပါစေ။ မြန်မာပြည်သူ ပြည်သားတွေလည်း ဒီထက်မက အေးချမ်းသာယာကြပါစေ"ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Virasakdi Futrakul က ပြောသည်။

ထို့ပြင် ထိုင်းဘုရင်နှင့် မိသားစုတို့၏ တော်ဝင်ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် နဝကမ္မအလှူအဖြစ် ထူးဖောင်ဒေးရှင်းမိသားစု၏ အလှူငွေကျပ်သိန်း ၂၀ အပါအဝင် စုစုပေါင်း မြန်မာငွေကျပ် ၇၀၇ သိန်းနှင့် ထိုင်းဘတ် ၄၈၀၀၀၀ ကျော် လှူဒါန်းခဲ့ကြသည်။

"ထိုင်းဘုရင်မိသားစုအနေနဲ့ နေပြည်တော်မှာရှိတဲ့ ဘုန်းကြီးကျောင်းတွေမှာ တစ်ကြိမ်တစ်ခါမှ လှူဒါန်းမှု မလုပ်ဖူးသေးပါဘူး။ ထိုင်းနိုင်ငံ သံအမတ်ကြီးက ဝါတွင်းကာလကတည်းက နေပြည်တော်မှာရှိတဲ့ ဘုန်းကြီးကျောင်းတွေကို လိုက်လေ့လာပြီး အခက်အခဲရှိနေတဲ့ ဦးပဥ္စင်းတို့ကျောင်းကို ရွေးချယ်ပြီးတော့ လာရောက်လှူဒါန်းအတွက် ပီတိသောမနဿ ဖြစ်မိပါတယ်။ ဒီက ကလေးတွေအတွက် မပြည့်စုံသေးတဲ့အခြေအနေကို လာရောက်လှူဒါန်း ဖြည့်ဆည်းပေးတဲ့အတွက် ဦးပဥ္စင်းတို့အနေနဲ့ ပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်မိပါတယ်"ဟု နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးပရဟိတ သာသနာပြုကျောင်း ကျောင်းထိုင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဇနက မြွက်ကြားသည်။

အခမ်းအနားအပြီးတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးပရဟိတသာသနာပြုကျောင်းရှိ မိဘမဲ့ကလေးများအား ထိုင်းနိုင်ငံ ဖရထိုင်းဆေးရုံမှ ဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးမှုနှင့် သွားဘက်ဆိုင်ရာ စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး တိုနီထွန်းထွန်းနှင့်အဖွဲ့က ဆံပင်ညှပ်ပေးခြင်းများ ပြုလုပ်ပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရွာဦးစန္ဒာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒသိရီ၊ ထိုင်းသံဃရာဇာဆရာတော် ဆွမ်ဒက်အဂ္ဂမဟာပဏ္ဍိတ ဗုဒ္ဓချင်နဝန် မဟာထေရ်မြတ်၊ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဇနနှင့် သံဃာတော်များ၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Virasakdi Futrakul နှင့် တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေနှင့် တာဝန်ရှိသူများ၊ ရဟန်းဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

**(ကိုမင်း၊ အေးအေးမြင့်)**



# ဌာနတွင်းလုပ်ငန်းနှင့် ကျေးရွာချင်းဆက်လမ်းတံတား ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဖန်းမော် နိုဝင်ဘာ ၇**

ကချင်ပြည်နယ် ဖန်းမော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းညွှန့်နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၁ရက် နံနက် ၁၀နာရီခွဲက ရွှေကူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးသို့ သွားရောက်၍ ရုံးတွင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေ (စီမံ၊ ဝန်ထမ်းရေးရာ၊ ငွေစာရင်း)၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဆောင်ရွက်နေမှုအခြေအနေများကို စစ်ဆေးပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရွှေကူ-စီမော်-မိုးကင့် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတားသုံးစင်း၊ ရွှေကူ-ငါးဘတ်ကြီးကျေးရွာလမ်းပေါ်ရှိ အုတ်ခုံခံသစ်သားတံတား တစ်စင်း ဆောက်လုပ်နေမှုနှင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများဖြစ်သည့် ရွှေချောင်းသာကျေးရွာတွင် လက်နှိပ်တုံကင် ၁၀တွင်း တူးဖော်တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**


## လျှပ်စစ်ဓာတ်အားသုံးလျှင်

(၁) ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများ လဲလှယ်ပေးပါ။
(၂) လျှပ်စစ်ဒဏ်ခံကြိုးများကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
(၃) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်း ဖြုတ်ထားပါ။
(၄) လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စစသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ်ငြိမ်းသတ်ပါ။
(၅) လျှပ်စစ်ဓာတ်အားကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
(၆) ချို့ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

**မီးသတ်ဦးစီးဌာန**


# ရွှေပြည်သာစက်မှုဇုန် (၂+၃+၄) ၌ ယာဉ်ကြောရှင်းလင်းရေး၊ မီးဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများကို ပူးပေါင်းအဖွဲ့အများဖြင့် ပညာပေးဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၇**

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီတွင် အင်းစိန်မြို့နယ်အတွင်းရှိ ရွှေပြည်သာစက်မှုဇုန် (၂+၃+၄) အတွင်း စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီရုံး ကနောင်ခန်းမ၌ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းကြီးကြပ်၍ မြို့နယ်စည်ပင်သာယာရေး ကော်မတီ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးဒီပါကျော်ဇောဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းသိန်း၊ အမှတ် (၆၉) မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒု-ရဲမှူး ကျော်ဇေယျ၊ မြို့နယ်မီးသတ်ဦးစီးဌာန စခန်းမှူး ဦးထွန်းလွင်၊ စဉ့်ငူ၊ အောင်ဆန်း၊ တည်းကုန်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စက်မှုဇုန် (၂+၃+၄)အတွင်း ယာဉ်ကြောပိတ်ဆို့မှု ရှင်းလင်းရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းတို့ကို အစည်းအဝေး ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ ယာဉ်ကြောပိတ်ဆို့မှုများ ရှင်းလင်းရေးအတွက် စက်မှုဇုန်ရှိ လမ်းများတွင် ညအိပ်ရပ်နားထားသော ယာဉ်များနှင့် ပုလဲလမ်းမကြီး တစ်လျှောက် စည်းကမ်းမဲ့ ရပ်နားထားသော ယာဉ်များအား ပညာပေးဟောပြောခြင်းများ၊ စက်မှုဇုန်၊ စက်ရုံ၊ အလုပ်ရုံများ မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ ရာဇဝတ်မှုများ လျော့နည်း ပပျောက်ရေးနှင့် တရားမဝင်လောင်စာဆီ ရောင်းချမှု မရှိစေရေးတို့အတွက် စက်ရုံ၊ အလုပ်ရုံပိုင်ရှင်များ၊ တာဝန်ခံများ၊ ဈေးရောင်းချသူများနှင့် ယာဉ်လုပ်သားများအား အသိပညာပေးခြင်း၊ ဗီနိုင်းဆိုင်းဘုတ်များဖြင့် ကြေညာခြင်း၊ အသိပေးပိုစတာများ လိုက်လံကပ်ခြင်းများကို ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲအထိ ရွှေပြည်သာစက်မှုဇုန် (၂+၃+၄) အတွင်း၌ ပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(၆၈၄)**

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၇**

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက်အတွင်းရှိ ပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ရွှေအင်ကြင်းရပ်ကွက် ဉာဏ်အလင်း စာကြည့်တိုက်၌ ဒက္ခိဏသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုတင်(၅၀)ဆံ့ ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်း၍ ဆေးကုသပေးကြသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကွင်းဆင်း၍ ဆေးကုသဆောင်ရွက်ရာတွင် ဒက္ခိဏသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုတင် (၅၀) ဆံ့ဆေးရုံမှ H.A ဒေါ်မြင့်မြင့်သန်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်း ခုနစ်ဦးနှင့် ရွှေအင်ကြင်းရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ထွန်းထွန်းဝင်း)**



# *Japan Cup* ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၇**

၂၀၁၆ ခုနှစ် (၁၂)ကြိမ်မြောက် Japan Cup ဂျူဒိုပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း တက်ရောက် အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲအားဖွင့်လှစ်ပေးသည်။

ယနေ့ကျင်းပသော Japan Cup တံခွန်စိုက်ဂျူဒိုပြိုင်ပွဲသည် နိုင်ငံအတွင်း ဂျူဒိုအားကစားပညာ ပြန့်ပွားရေး၊ မျိုးဆက်သစ်အားကစားလူငယ်များပေါ်ထွန်းလာရေး၊ ဂျူဒိုအားကစားမြင့်မားရေးနှင့် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင် ဂျူဒို လက်ရွေးစင်အားကစားလူငယ်များ ပေါ်ထွက်လာပြီး၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် အောင်မြင်မှုများရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌက ဖွင့်ပွဲတွင် ပြောကြားသည်။

မြန်မာ့ဂျူဒိုအားကစား တိုးတက်အောင်မြင်ရေးအတွက် Japan Foundation Tokai University နှင့် MSIG တို့က ကူညီပံ့ပိုးပေးသဖြင့် စင်ကာပူနိုင်ငံတွင် ကျင်းပသော (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအပါအဝင် ၁၉၆၅ ခုနှစ်မှ ယနေ့အချိန်အထိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်တွင် ရွှေတံဆိပ် ၂၅ ခု၊ ငွေတံဆိပ် ၆၅ ခုနှင့် ကြေးတံဆိပ် ၇၃ ခုရရှိထားပြီးဖြစ်သည်။

ပြိုင်ပွဲဖွင့်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr.TATESHIနှင့် တာဝန်ရှိသူများ၊ ဂျပန်ကုန်သည်ကြီးများအသင်း (JCCM) ဥက္ကဋ္ဌ၊ ရန်ကုန်ဂျပန်အသင်း (YJA) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အမှုဆောင်များ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားမောင်မယ်များ တက်ရောက်ကြသည်။

ပြိုင်ပွဲကို ကီလိုအတန်းအလိုက် နိုဝင်ဘာ ၇ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စောသိန်းဝင်း**

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအေးလွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ခ) | ဦးအောင်ကျော်သန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

# ရန်ကုန်မြို့တွင်း အဆောက်အအုံများရှိ တွယ်ကပ်သစ်ပင်များရှင်းလင်းခုတ်ထွင်ရန် လိုအပ်

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်မြို့အဆောက်အအုံများတွင် တွယ်ကပ်ပေါက်နေသော သစ်ပင်မျိုးစုံကြီး၊ ငယ်များ မြင်တွေ့နေရဆဲရှိသည်။ အချို့သောသစ်ပင်များဆိုလျှင် လူတစ်ရပ်အမြင့်ဝန်းကျင်အထိ မြင်တွေ့နေရသည်။

အချို့သော နောက်ဖေးလမ်းကြားများတွင်း အဆောက်အအုံတစ်ခုနှင့်တစ်ခု အပြိုင်တွယ်ကပ်သစ်ပင်များ ပေါက်ရောက်စိမ်းစိုနေသော်လည်း ယင်းအဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စိုးရိမ်နေရသည်။ သစ်ပင်များ၏ အမြစ်များသည် အဆောက်အအုံနံရံများအတွင်း ထိုးဖောက်ဝင်ရောက်ကြီးထွားလာနေသည်ဟု လမ်းမတော်မြို့နယ် (၇)ရပ်ကွက် (၁၆) လမ်းအထက်လမ်းနေ ဦးခင်ဇော်က ပြောသည်။

ရန်ကုန်မြို့တွင်း နောက်ဖေးလမ်းကြားများကို သက်ဆိုင်ရာက ရှင်းလင်းဆောင်ရွက်ပေးမှုနှင့်အတူ အဆောက်အအုံများရှိ တွယ်ကပ်သစ်ပင်များကိုပါ ရှင်းလင်းရန် ညွှန်ကြားမှုရှိသည်ဟု သိရသည်။ အချို့သောလမ်းများတွင် လမ်းအလိုက်တွယ်ကပ်သစ်ပင် ခုတ်ထွင်ရှင်းလင်းမှုနှင့် ပျက်စီးနေသော ရေဆိုးပိုက်များအား ပြုပြင်ဆောင်ရွက်မှုများရှိသည်ဟု သိရသည်။

လသာလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ အစိုးရရုံးဌာန အဆောက်အအုံ၏အပေါ် ဘေးအုတ်နံရံတွင်လည်း တွယ်ကပ်ပေါက်နေသော သစ်ပင်ကြီးတစ်ပင်ကို မြေပြင်လူသွားလမ်းပေါ်ရှိ သစ်ပင်များအပေါ်တွင် မြင်တွေ့နေရသည်ဟု လမ်းသွားလမ်းလာများက ဆိုသည်။

ယခုလပိုင်းတွင် မုန်တိုင်းကြောင့် မိုးရွာသွန်းသည့်ရက်အနည်းငယ်သာ တွေ့ကြုံရပြီး နေသာသည့်ရက် များနေသည်။ လမ်းများအတွင်းသို့လည်း တွယ်ကပ်သစ်ပင်အငှားခုတ်သည့်အဖွဲ့များ မကြာခဏရောက်ရှိတတ်သည်ကို



မြင်တွေ့ရသည်။ သန့်ရှင်းသာယာလှပရေး၊ အဆောက်အအုံများ ကြံ့ခိုင်မှုတည်တံ့ရေးအတွက် အဆောက်အအုံများတွင် တွယ်ကပ်ပေါက်နေဆဲသစ်ပင်များကို ခုတ်ထွင်ရှင်းလင်းရန် အဆောက်အအုံ များတွင် နေထိုင်သူများအား သက်ဆိုင်ရာက အသိပေးအကြောင်းကြားခြင်းများ ပြုလုပ်ပေးစေလိုသည်ဟု ရန်ကုန်မြို့တွင်းနေသူများက ပြောဆိုနေကြသည်။ **(မောင်စေအောင်)**

# မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးနှင့် တိုင်းဒေသကြီးအတွင်းရှိ ရေနံမြေအလုပ်သမားအဖွဲ့ အစည်းများတွေ့ ဆုံ

**ရေနံချောင်း နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင် တိုင်းဒေသကြီးအလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးနှင့် တိုင်းဒေသကြီးအတွင်းရှိ ရေနံမြေအလုပ်သမားအဖွဲ့အစည်းများ မိတ်ဆက်တွေ့ဆုံပွဲကို နိုဝင်ဘာ ၅ ရက်က ရေနံချောင်းရေနံမြေရိပ်သာ(၁၇)တွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီး ဦးနေမျိုးကျော်က အဖွင့်အမှာစကားပြောကြားပြီး ရေနံချောင်း ရေနံမြေအထွေထွေမန်နေဂျာ ဦးမြင့်ကျော်က ရေနံမြေဖွဲ့စည်းလည်ပတ်ပုံများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး တက်ရောက်လာကြသော ရေနံမြေအလုပ်သမားအဖွဲ့အစည်းများမှ ရေနံမြေတွင်လုပ်သက် (၁၅)နှစ်ကျော်နေ့စားဝန်ထမ်းများ တည်မြဲဝန်ထမ်းဖြစ်ရေး၊လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဝန်ထမ်းအိမ်ရာများ ပြည့်စုံစွာဆောင်ရွက်ပေးရေးစသည့်အချက်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် ရေနံမြေအသုံးအဆောင်ပစ္စည်းများပြသထားမှုကို ကြည့်ရှုလေ့လာခဲ့ကြောင်းနှင့် မိတ်ဆက်တွေ့ဆုံပွဲသို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနံမြေအလုပ်သမားအဖွဲ့အစည်း ခုနစ်ဖွဲ့မှ အလုပ်သမားခေါင်းဆောင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ဖြိုးမွန်ကျော်)**

# မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၇**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျွန်းရောင်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာတွင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၏ စာရင်းဇယား ဆောင်ရွက်ထားရှိမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဒုတိယဦးစီးမှူး ဦးသက်မြင့်ထွန်းနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါရွာသစ်ကျေးရွာသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းကျေးရွာဖြစ်ပြီး လက်ရှိအချိန်တွင် စိုက်ပျိုးရေး ၇၀၊ မွေးမြူရေး ၂၂ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း သုံးဦး၊ အရောင်းအဝယ်လုပ်ငန်း ၁၅ ဦး စုစုပေါင်း ၁၁၀ ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ရွှေရဲရင့်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်(ရွှေဈေး) ၈၇၈၅၀၀ - ၈၇၉၅၀၀၊ မန္တလေး(ရွှေဈေး) ၈၇၈၂၀၀ - ၈၇၉၂၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၆၅၀/၆၆၀ ကျပ် |
| (ခ) အောက်တိန်း *95* | တစ်လီတာ | ၆၉၀/ ၇၀၅ ကျပ်၊ | ၇၇၀/ ၈၀၀ ကျပ် |
| (ဂ) အောက်တိန်း *92* | တစ်လီတာ | ၆၃၀/၆၅၅ ကျပ်၊ | ၆၈၀/၇၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၅၀/၆၈၀ ကျပ်၊ | ၆၈၀/၆၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၆၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၈၆ ကျပ်၊

အောက်တိန်း *92* တစ်လီတာ ၅၄၅ ကျပ်


**၃၁-၁၀-၂၀၁၆ ရက်နေ့မှ ၄-၁၁-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၇၆ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၇၈ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေး ပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၂၇. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၀. ၁၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၆၈၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၇၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၂၃၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၅. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂. ၆၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၅. ၆၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၆. ၆၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# အပိုင်းအများဆုံးကာတွန်းရုပ်ရှင်ဖြစ်လာမယ့် "The Simpsons"



ရုပ်သံဖန်တီးမှုကာတွန်းရုပ်ရှင်တစ်ခုဖြစ်တဲ့ "The Simpsons" ဟာ ဖောက်စ်ရုပ်သံလိုင်းမှာ နောက်ထပ်ရာသီနှစ်ရာသီစာ ထပ်မံပြသဖို့ စီစဉ်ခဲ့ပြီးတဲ့နောက်မှာတော့ အပိုင်းအများဆုံးထုတ်လုပ်ခဲ့ရတဲ့ ကာတွန်းရုပ်ရှင်တစ်ခုအဖြစ် စံချိန်ချိုးနိုင်ခဲ့ပြီဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဟာသကာတွန်းရုပ်ရှင်တစ်ခုဖြစ်တဲ့ "The Simpsons" ဟာ ဖောက်စ်မှာ ၂၉ နဲ့ ၃၀ မြောက် ရာသီတွေအတွက် ထပ်မံထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး ယင်းရာသီနှစ်ရာသီစာထပ်မံရေးဆွဲခဲ့တဲ့အတွက် ယင်းရုပ်ရှင်မှာ အပိုင်းပေါင်း ၆၆၉ ပိုင်း ပါဝင်လာမှာဖြစ်ကာ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်တွေအနက် အပိုင်းအများဆုံးပါဝင်တဲ့ရုပ်ရှင်တစ်ခု ဖြစ်လာတော့မှာဖြစ်တယ်လို့ ပြီးခဲ့တဲ့သောကြာနေ့က ထုတ်ပြန်ပြောကြားခဲ့ပါတယ်။

၁၉၅၅ ခုနှစ်ကနေ ၁၉၇၅ ခုနှစ်အထိ ထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် "Gunsmoke"ဟာ အပိုင်းပေါင်း ၆၃၅ပိုင်းပါဝင်ခဲ့ကာ "The Simpsons" မတိုင်မီ အပိုင်းအများဆုံးပါဝင်တဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်အဖြစ် မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် နှစ်ရာသီစာ ထပ်မံရေးဆွဲပြသသွားဖို့ ကြေညာပြီးတဲ့နောက်မှာတော့ "The Simpsons"ဟာ "Gunsmoke" ကို ကျော်ဖြတ်ကာ အနောက်နိုင်ငံတွေရဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တွေအနက် အပိုင်းအများဆုံးပါဝင်တဲ့ ရုပ်ရှင်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဖောက်စ်တယ်လီဗေးရှင်းဂရုရဲ့ ဥက္ကဋ္ဌနဲ့ စီအီးအိုတွေဖြစ်ကြတဲ့ ဒန်နာဝေါဒန်နဲ့ ဂရေးနယူးစ်မန်းတို့က ယခုလို စံချိန်ချိုးနိုင်ခဲ့တာနဲ့ပတ်သက်ပြီး ဖောက်စ်ဝိုင်းတော်သူ ဝိုင်းတော်သားတွေနဲ့ ကြည့်ရှုအားပေးကြတဲ့ပရိသတ်ကို ကျေးဇူးတင်ကြောင်းနဲ့ ယခုလို ဇာတ်လမ်းတွေ ပိုမိုထုတ်လုပ်သွားမယ့်အကြောင်း ပြောကြားရတဲ့အတွက် အလွန်ဝမ်းမြောက်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ဆက်လက်ရိုက်ကူးသွားမယ့်ရာသီတွေအတွက် စာချုပ်သစ်ချုပ်ဆိုပြီးဖြစ်ကာ ယင်းရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်နေကျ အသံဇာတ်ဆောင်တွေဖြစ်ကြတဲ့ ဒန်ကတ်စတဲလန်နီတာ၊ ဂျူလီကာဗန်နာ၊ နန်စီကာ့ထ်ရိုက်၊ ယာ့ဒ်လေစမစ်သ်၊ ဟန့်ခ်အဇာရီယာနဲ့ ဟယ်ရီရှီယာရာတို့ကလည်း ပါဝင်သရုပ်ဆောင်ဖို့ သဘောတူပြီးဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့် - ရေးသားသည်။**

## ဂျီယွန်းရဲ့ ပထမဆုံးတစ်ကိုယ်တော် တေးအယ်လ်ဘမ် စတင်ထုတ်လွှင့်



တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "4Minute"ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဂျီယွန်းဟာ တေးဂီတအဖွဲ့ကိုဖျက်သိမ်းခဲ့ပြီးတဲ့နောက် ပထမဦးဆုံးအကြိမ်တစ်ကိုယ်တော်တေးအယ်လ်ဘမ်တစ်ခုကို စတင်ထုတ်လွှင့်ခဲ့တယ်လို့ ကေပေ့ါပ်စတားဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာ ၂ ရက်မှာ ဂျီယွန်းက တေးသီချင်းနှစ်ပုဒ်ပါဝင်တဲ့ ဆိုလိုမီနီတေးအယ်လ်ဘမ် "Day and Night"ကို ထုတ်လွှင့်ခဲ့ပါတယ်။

"4Minute"မှာ ရက်ပ်သီဆိုသူတစ်ဦးဖြစ်တဲ့ ဂျီယွန်းက အဖွဲ့ဖျက်သိမ်းခဲ့ရတာနဲ့ပတ်သက်ပြီး အဖွဲ့ဝင်တွေဟာ တေးဂီတအဖွဲ့ကိုမဖျက်သိမ်းမီ အကြိမ်ကြိမ် စဉ်းစားတိုင်ပင်ခဲ့ကြကြောင်းနဲ့ အဖွဲ့ဖျက်သိမ်းပြီးတဲ့နောက် မိမိတို့ရဲ့ ရှေ့ဆက်ကြမယ့် အနုပညာခရီးအတွက် အလွန်စိုးရိမ်ခဲ့ကြကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အဖွဲ့ဝင်တွေနဲ့ အေဂျင်စီအကြား စာချုပ်သစ်ချုပ်ဆိုရာမှာ သဘောထားကွဲလွဲခဲ့မှုတွေကြောင့် ဂီတသက်တမ်း ခုနစ်နှစ်ပြည့်ခဲ့တဲ့ ယခုနှစ် ဇွန်လအတွင်းက "4Minute"ကို ဖျက်သိမ်းခဲ့တာဖြစ်ပါတယ်။ "4Minute"ကဲ့သို့ ခုနစ်နှစ်စာချုပ်အပြီးဖျက်သိမ်းခဲ့တဲ့ တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တွေကတော့"Rainbow"နဲ့"KARA"တို့ဖြစ်ပါတယ်။

ဒါ့အပြင် ကျော်ကြားတဲ့ တေးဂီတအဖွဲ့တွေဖြစ်ကြတဲ့ "2NE1"၊ "MissA"နဲ့ "Secret"တို့ဟာလည်း အဖွဲ့ဖျက်သိမ်းတော့မယ်လို့ သတင်းတွေ ထွက်နေပါတယ်။ ခုနစ်နှစ်စာချုပ်အပြီး ဆက်လက်ရှင်သန်နိုင်ခဲ့တဲ့ အမျိုးသမီးတေးဂီတအဖွဲ့တွေကတော့ ၂၀၀၇ခုနှစ်က စတင်ဖွဲ့စည်းခဲ့တဲ့ "Girls' Generation"နဲ့ "Wonder Girls"တို့ပဲ ဖြစ်ကြပါတယ်။

## ယခုနှစ်ရဲ့ ဥရောပတေးဂီတဆုပေးပွဲမှာ Best Korean Act ဆုကို သိမ်းပိုက်နိုင်ခဲ့တဲ့ B.A.P



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ B.A.P ဟာ နိုဝင်ဘာ ၆ ရက်မှာ ကျင်းပခဲ့တဲ့ ဥရောပတေးဂီတဆုပေးပွဲ "MTV Europe Music Awards "မှာ "Best Korean Act"ဆုကို ဆွတ်ခူးသွားနိုင်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ အဆိုပါဆုပေးပွဲကို အမ်အီဗွီနက်ဝက်ဘ်က ဦးဆောင်ကျင်းပပေးတာဖြစ်ပြီး အဆိုပါဆုပေးပွဲမှာ B.A.P ဟာ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့တေးဂီတအဖွဲ့တွေဖြစ်ကြတဲ့"G-Friend"၊ "GOT7"၊ "TWICE" နဲ့ "VIXX"တို့ကို ကျော်လွန်ကာ ယင်းဆုကို ဆွတ်ခူးသွား နိုင်ခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် B.A.P ဟာ "Best Korean Act"ဆုကို နှစ်ကြိမ်ရရှိခဲ့တဲ့ ပထမဦးဆုံးသော တောင်ကိုရီးယားတေးဂီတအဖွဲ့ဖြစ်လာကာ ပထမဆုံးအကြိမ်အဖြစ် ၂၀၁၄ခုနှစ်က လက်ခံရယူခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

၁၉၉၄ခုနှစ်က စတင်ကာ နှစ်စဉ်ကျင်းပခဲ့တဲ့အဆိုပါဆုပေးပွဲမှာ ၂၀၁၆ ခုနှစ်ဆုပေးပွဲအထိ ဆုအများဆုံးရရှိထားတဲ့ ဂီတကြယ်ပွင့်ကတော့ ပေါ့ပ်အဆိုတော်ဂျက်စတင်ဘီဘာဖြစ်ပြီး ဆုပေါင်း ၂၀ကို သိမ်းပိုက်ထားနိုင်ခဲ့ကာ ဒုတိယနေရာကိုတော့ ဆုပေါင်း ၁၄ဆု ရရှိထားပြီးဖြစ်တဲ့ အမ်မီနမ်က နေရာယူထားပါတယ်။

## လိုက်ဗ်အက်ရှင်ရုပ်ရှင်မှာ မြင်တွေ့ရတော့မယ့် "Furby"



၁၉၉၈ခုနှစ်က အမေရိကန်နိုင်ငံမှာရှိတဲ့ အီလက်ထရွန်နစ် ကုမ္ပဏီတစ်ခုဖြစ်တဲ့ တိုက်ဂါးအီလက်ထရွန်နစ်က တီထွင်ထုတ်လုပ်ခဲ့တဲ့ စက်ရုပ်ဇီးကွက်လေး "Furby" ကို အသက်သွင်းကာ လိုက်ဗ်အက်ရှင်ရုပ်ရှင်အဖြစ် ရိုက်ကူးထုတ်လုပ်သွားရန် စီစဉ်ထားကြောင်း သယ်ဝိန်းစတိန်းကုမ္ပဏီက အတည်ပြုပြောကြားခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

၁၉၉၀ ခုနှစ်တွေမှာ အောင်မြင်ကျော်ကြားခဲ့တဲ့ ယင်းစက်ရုပ်ဇီးကွက်လေးကို ရုပ်ရှင်ပိတ်ကားပေါ် သယ်ဆောင်လာဖို့ လုပ်ငန်းတွေစတင်နေပြီဖြစ်ကြောင်းလည်း အဆိုပါကုမ္ပဏီက မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် အဆိုပါရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ကြမယ့် ဇာတ်ဆောင်တွေနဲ့ တာဝန်ယူရိုက်ကူးပေးမယ့်ဒါရိုက်တာကိုတော့ မရွေးချယ်ရသေးကြောင်းလည်း သိရပါတယ်။

❑

## မြဝတီရုပ်မြင်သံကြား

၈-၁၁-၂၀၁၆(အင်္ဂါနေ့)

- ၆း၀၃ တရားတော်
- ၇း၁၅ မေတ္တာပို့
- ၇း၂၀ ဓမ္မပူဇာတေး
- ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၁၅ DVD Hits
- ၈း၄၅ ခရီးလည်းသွားစကားလည်းဆို
- ၉း၁၀ World Wide Web
- ၉း၂၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၉း၄၅ ရင်မှာစွဲလန်းတော်ဝင်ပန်း
- ၁၀း၁၅ Books Guide
- ၁၀း၃၀ Guide For You
- ၁၀း၄၅ သီချင်းလက်ဆောင်
- ၁၁း၁၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၁၁း၂၅ Sportcast
- ၁၁း၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
- ၁၂း၀၀ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၂း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၂၅ ကျန်းမာသုတ
- ၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ အင်္ဂလိပ်စာသုတ
- ၄း၄၀ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၅ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၀၀ Sport Review
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၇၀)
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - အရှက်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၇၁)
- ၆း၃၅ Fashion King
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - နေတစ်စင်းရဲ့ဆည်းဆာ အပိုင်း(၂၆)
  - VOA အင်္ဂလိပ်စာသင်ခန်းစာ
  - ဟာသရုပ်စုံ
  - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - လက်ခုပ်ထဲကမျက်ရည် အပိုင်း(၉)

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၈-၁၁-၂၀၁၆(အင်္ဂါနေ့)

- ၆း၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်
- ၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၈း၃၅ ဥပဒေရေးရာအဖြာဖြာ"ကမ္ဘာနာ" (ဦးစံပေါ၊ စိုင်းထက်ရှား၊ ခင်ဖြူဖြူသိန်း၊ Flory၊ မေနန္ဒာစိုး၊ သန္တာ၊ ကလေးသရုပ်ဆောင်မိုးမိုး) (ဒါရိုက်တာ-ဝေဠု(ဝသန်))
- ၉း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
- ၁၀း၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေးအစီအစဉ်
- ၁၁း၁၅ ရှမ်းကန်လှုပ်ရှားဘဝများ
- ၁၁း၃၅ မျက်မှောက်ရေးရာသုံးသပ်စရာ
- ၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၂၇)
- ၁း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၃၅)
- ၂း၂၅ Yes or No Talk Show "Carrier Women"

**ညပိုင်း**

- ၃း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၃၆)
- ၄း၁၅ "မြန်မာ့အသံခေတ်ပေါ် တေးဂီတ အဖွဲ့ဖျော်ဖြေခန်း"
- ၄း၃၅ Football Magazine (ဇရာဝတီယူနိုက်တက်အသင်း)
- ၅း၁၅ "ချိန်ခါမရွေးအန္တရာယ်ပေးသတိပြုပါမနေး"
- ၅း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၆း၁၅ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (အကယ်ဒမီလူမင်း)
- ၆း၄၅ Referee Of Football
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၃၇)
- ၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသ အခြေအနေ
- ၈း၃၅ "ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တွေ့ဆုံခြင်း" (အပိုင်း-၂)
- ၉း၀၀ ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၃၆) ပြည်သူ့နီတိ"မျဉ်းနှစ်ကြောင်း" (လွင်ဘုန်းအောင်၊ ကျော်ဇေသော်၊ ဂျင်မီဇရက်၊ အောင်လံထူ) (ဒါရိုက်တာ-မိုးဇော်ကို)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

*ကမ္ဘာ့နံပါတ်(၁) တင်းနစ်ကစားသမားဖြစ်ခွင့်ရခဲ့တဲ့ ဗြိတိန်ရဲ့ အန်ဒီမာရေး ၊ မက်ဆီက ဘောလုံးသမိုင်းတစ်လျှောက် အကောင်းဆုံးကစားသမားဖြစ်တယ်လို့ ချီးကျူးလိုက်တဲ့ ဗီတိုလို၊ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ကို ဦးဆောင်ခွင့်ရလိုက်တဲ့ လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်က ချန်ပီယံဖလားအကြောင်း ပြောဖို့စောသေးတယ်လို့ ဆိုလိုက်ခြင်း စတဲ့စတဲ့ သတင်းတွေက ဒီတစ်ပတ်အတွင်း ထူးခြားတဲ့ အားကစားသတင်းများပဲ ဖြစ်ပါတယ်။*

မေလွဲသင်း - ရေးသားသည်။



ကမ္ဘာ့အဆင့်(၁) တင်းနစ် ကစားသမားဖြစ်ခွင့်ရလာတဲ့ အန်ဒီမာရေး



### မော်ရင်ဟိုနာမည်ကို ကြက်ခြေခတ် ခတ်လိုက်တဲ့ ပေါလ်စခိုးလ်

ဖီနာဘာချီကိုရင်ဆိုင်ခဲ့တဲ့ ယူရိုပါလိဂ်ပြိုင်ပွဲ မန်ယူအသင်း ပွဲထွက်လူစာရင်း စာရွက်မှာ မန်ယူနည်းပြ မော်ရင်ဟိုရဲ့ နာမည်ကို မန်ယူကစားသမားဟောင်း ပေါလ်စခိုးလ်က ကြက်ခြေခတ် ခတ်ခဲ့တာကို အစီအစဉ်တင်ဆက်သူ ဟန်ဖရေးက သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ တင်ခဲ့တာကြောင့် ဒါဟာ အားလုံးအတွက် သတင်းတစ်ပုဒ် ဖြစ်လာခဲ့ရပါတယ်။ ပေါလ်စခိုးလ်တစ်ယောက် မန်ယူအသင်း ရလဒ်တွေအပေါ် စိတ်ပျက်တာကြောင့် ဒီလိုလုပ်ခဲ့သလားဆိုတဲ့ မေးခွန်းတွေလည်း နောက်ဆက်တွဲအဖြစ် ထပ်မံထွက်ပေါ်လာရပါတယ်။ စခိုးလ်က အသင်း ပွဲထွက် ၁၁ ယောက်စာရင်းမှာ ပါဝင်သူတွေရဲ့ အမည်ကို ဒူဒယ်( စပရိန်ပတ်) ပုံရေးဆွဲခဲ့ပြီး “ရိုဂျိုတစ်ယောက် စိုးရိမ်စရာကောင်းတယ်” ဆိုတဲ့ စာသားကို ရေးသားခဲ့တာကြောင့် စခိုးလ်ဟာ ရိုဂျိုရဲ့ ပရိသတ်တစ်ယောက် မဟုတ်တာတော့ သေချာတယ်လို့ ဂိုးလ်ဒေါ့ကွန်းက ခန့်မှန်းချက်ထုတ်ပါတယ်။ ဒီကိစ္စရပ်နဲ့ ပတ်သက်ပြီး စခိုးလ်က ရှင်းချက်မထုတ်သလို မော်ရင်ဟို၊ ရိုဂျိုတို့ကလည်း နှုတ်ဆိတ်နေတာကြောင့် ခုလောလောဆယ် နောက်ဆက်တွဲ ဂယက်တွေ မထွက်လာပေမယ့် ဟန်ဖရေး ဘာရည်ရွယ်ချက်နဲ့ တင်သလဲဆိုတာတော့ စဉ်းစားချင်စရာကောင်းပါတယ်။

### ၂၀၂၁ ခုနှစ်အထိ ရီးယဲလ်မှာ ဆက်ရှိဖို့သေချာသွားပြီဖြစ်တဲ့ စီရိုနယ်လ်ဒို

ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ရီးယဲလ်နဲ့ ၂၀၂၁ ခုနှစ်အထိ သက်တမ်းရှိတဲ့ စာချုပ်သစ်တစ်ရပ်ကို နိုဝင်ဘာ ၆ ရက်က လက်မှတ်ရေးထိုးခဲ့ပါတယ်။ဒီကိစ္စရပ်နဲ့ ပတ်သက်ပြီး ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲကို ရီးယဲလ်ဥက္ကဋ္ဌကြီး ပီရက်ဇ်ကိုယ်တိုင်တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းက ပုံမှန်ဟာဖြင့် အသက် (၃၀)ကျော် ကစားသမားတစ်ဦးကို ကာလကြာရှည် စာချုပ်ချုပ်ဆိုလေ့မရှိပေမယ့် ခု အသက်(၃၂)နှစ်နီးပါးရှိနေပြီဖြစ်တဲ့ စီရိုနယ်လ်ဒိုကို သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့တာကတော့ ရီးယဲလ်နည်းပြ ဇီဒန်းရဲ့ ထောက်ခံချက်အရ ဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုဟာ ၂၀၂၁ ခုနှစ်ဆိုရင်အသက်(၃၇)နှစ်အရွယ် ရှိမှာ ဖြစ်တာကြောင့် စီရိုနယ်လ်ဒိုဟာ ရီးယဲလ်ရဲ့ အခွင့်ထူးခံ ကစားသမား၊ ခြွင်းချက်ထားတဲ့ ကစားသမားလို့ သုံးသပ်ချက်တွေ ထွက်နေတာက အမှန်တရားနဲ့ နီးစပ်တဲ့အကြောင်းတရားလို့တော့ ယေဘုယျကောက်ချက်ချရမှာ ဖြစ်ပါတယ်။



### ဘောလုံးသမိုင်းတစ်လျှောက် အကောင်းဆုံးကစားသမား မက်ဆီတဲ့လား

ဆီဗီလာနဲ့ ဘာစီလိုနာတို့ ပွဲစဉ်မှာ ဘာစီလိုနာက ပွဲအစ ဆီဗီလာတိုက်စစ်မှူး ဗီတိုလိုရဲ့သွင်းဂိုးကို ခွင့်ပြုခဲ့ရပေမယ့် ဘာကာတိုက်စစ်မှူး မက်ဆီရဲ့ မှော်ဆန်တဲ့ အံ့ဖွယ်ခြေစွမ်းနဲ့အတူ ဘာစီလိုနာအသင်း နှစ်ဂိုး-တစ်ဂိုးရလဒ်နဲ့ နိုင်ပွဲရခဲ့ ပါတယ်။ မက်ဆီဟာ အဲဒီပွဲစဉ်မှာ ချေပဂိုးကို သွင်းယူပေးခဲ့ရသလို ဆွာရက်ဇ် ရဲ့ အနိုင်ဂိုးကိုလည်း ဂိုးဖန်တီးမှု ပြုလုပ်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြိုင်ဘက်ကစားသမားဖြစ်တဲ့ ဗီတိုလိုကတောင် မက်ဆီဟာ ဘောလုံးသမိုင်းတစ်လျှောက်မှာ အကောင်းဆုံးကစားသမားဖြစ်သလို ကစားပွဲတစ်ပွဲကို ဘယ်လိုအနိုင်ရအောင် ထိန်းညှိလည်ပတ် ကစားရမလဲ ဆိုတာ ကောင်းကောင်းသိသူပါလို့ ချီးကျူးခဲ့ရပါတယ်။

ဒီပွဲစဉ်ကို ဒဏ်ရာကြောင့် ဝင်ရောက်ကစားနိုင်ခြင်းမရှိတဲ့ ဘာကာ နောက်ခံလူ ပီကေးက မက်ဆီဟာ အခြားအဆင့်တစ်ရပ်မှာရှိနေတဲ့ ကစားသမားဖြစ်ပြီး ဘလွန်းဒီအောဆုဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးကိုသာ အမှန်တကယ် ရွေးချယ်ချီးမြှင့်တယ်ဆိုရင် ၂၀၀၉ ခုနှစ်ကစပြီး ဒီဆုကို မက်ဆီတစ်ဦးတည်းသာ တောက်လျှောက်ရရှိသင့်တယ်လို့ ဆိုပါတယ်။ ဒီနှစ် ဘလွန်းဒီအောဆုကို ချန်ပီယံလိဂ်နဲ့ ယူရိုဖလားတစ်ပြိုင်နက်တည်း ဆွတ်ခူးနိုင်ခဲ့တဲ့ ရီးယဲလ်မက်ဒရစ် စူပါစတား စီရိုနယ်လ်ဒိုသာ ရရှိမယ်လို့ ထိပ်ဆုံးက ရေပန်းစားနေပေမယ့် ကစားသမားအများစုကတော့ မက်ဆီဟာ စီရိုနယ်လ်ဒိုထက် စွမ်းဆောင်ရည်ပိုမိုမြင့်မားတဲ့ ကစားသမားလို့ယုံကြည်ကြပြီး ဒီလို စကားသံတွေဟာ ဘလွန်းဒီအောဆု ချီးမြှင့်ချိန် နီးကပ်လာတိုင်းကြားနေရတဲ့ အသံတွေဖြစ်ပါတယ်။



### လက်ရှိအနေအထားကကောင်းပါတယ်၊ ဒါပေမယ့် ချန်ပီယံဆုအကြောင်းပြောဖို့ စောသေးတယ်

လီဗာပူးအသင်းက ဝက်ဖို့ဒ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးနဲ့ ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခဲ့ပြီးနောက် ပရီမီယာလိဂ်အမှတ်ပေးဇယား ထိပ်ဆုံးနေရာကိုပါ တက်လှမ်းနိုင်ခဲ့ပါတယ်။ အရင်က မန်စီးတီးကို ဗိုလ်စွဲဖို့ နံပါတ်(၁) နေရာမှာ အများစုက ခန့်မှန်းကြပေမယ့် မန်စီးတီးအသင်းဟာ စပါးကို ရှုံးနိမ့်ခဲ့ပြီးနောက် ပရီမီယာလိဂ်မှာ ရလဒ်တွေ ကျဆင်းသွားသလို တစ်ဖက်မှာလည်း ချန်ပီယံလိဂ် အုပ်စုကျပ်ကို ခဲခဲယဉ်းယဉ်း ဖြတ်ကျော်ဖို့ ကြိုးစားနေရတဲ့ အနေအထားပါ။

အခြားပရီမီယာလိဂ် အသင်းကြီးတွေ ဥရောပပြိုင်ပွဲတွေကြောင့် ပွဲပန်းတဲ့ဒဏ်ကို ခံစားနေရတဲ့ အနေအထားမှာ ဥရောပ ဝင်ခွင့်လွဲချော်ခဲ့တဲ့ လီဗာပူးနဲ့ ချယ်လ်ဆီးတို့ ရလဒ်တွေတောက်လျှောက်ကောင်းမွန်နေပြီး ဇယားထိပ်ကို တက်လှမ်းနိုင်ခဲ့လို့ အရင်က ခန့်မှန်းချက်တွေကို ကပြောင်းကပြန်ဖြစ်လောက်အောင်စွမ်းဆောင် ပြနိုင်တာကိုတွေ့ရပါတယ်။ လီဗာပူးက အစောပိုင်းက ပြောခဲ့သလို ဝက်ဖို့ဒ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူနိုင်ခဲ့သလို ခရစ္စတယ်ပဲလေ့စ်၊ ဝက်စ်ဘရွန်းတို့နဲ့ ပွဲစဉ်တွေမှာလည်း တည်ငြိမ်တဲ့ စွမ်းဆောင်ရည်တစ်ရပ်ကို သက်သေထူနိုင်တာကြောင့် ချန်ပီယံလောင်းစာရင်း ထိပ်ဆုံးနေရာမှာ လီဗာပူးကို အားလုံးက ထည့်သွင်းလာတာဖြစ်ပါတယ်။ ဒါ့အပြင် နည်းပြဂျာဂန်ကလော့ပ်ဟာ ဘိုင်ယန်မြူးနစ်လို အင်အားကြီး အသင်းကြီးကို ကျော်ဖြတ်ပြီး ဒေါ့မွန်ကို ဘွန်ဒက်စ်လီဂါ ချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။


ကလော့ပ်ကတော့ “ လက်ရှိအနေအထားဟာ တကယ်ကောင်းတဲ့ အနေအထားပါ။ ဒါပေမယ့်အခုထက် ဘာမှ ပိုမရသေးပါဘူး။ ချယ်လ်ဆီးကစားတာ တအားကောင်းတယ်။ ဘာစီလိုနာကို ရင်ဆိုင်သွားတဲ့ မန်စီးတီးကစားပုံ လုံးဝ သေသပ်တယ်။ စပါးအသင်းက ကစားပုံကောင်းတဲ့ အသင်းတစ်သင်းဖြစ်သလို မန်ယူဆိုရင် ချန်ပီယံဆုကို အမြဲစိန်ခေါ်နိုင်တဲ့ အသင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ အသင်းကောင်းတွေ အများကြီး ဝန်းရံထားတာကြောင့် ၁၁ ပွဲလောက် ကစားရုံနဲ့ ချန်ပီယံဆိုတဲ့ အကြောင်းကိုပြောဖို့ အချိန်မကျသေးပါဘူး”လို့ ပြောကြားခဲ့ပါတယ်။

### ကမ္ဘာ့အဆင့်(၁) တင်းနစ် ကစားသမားဖြစ်ခွင့်ရလာတဲ့ အန်ဒီမာရေး

ပဲရစ်မာစတာဗိုလ်လုပွဲစဉ်မှာ ဗြိတိန်သား အန်ဒီမာရေးတစ်ယောက် အမေရိကန်တင်းနစ်ကစားသမား ဂျွန်အစ္စနာကို အနိုင်ယူနိုင်ခြင်းနဲ့အတူ သူ့ရဲ့ ပရော်ဖက်ရှင်နယ် သက်တမ်းတစ်လျှောက် ကမ္ဘာ့အဆင့်(၁)နေရာကို ပထမဦးဆုံး အကြိမ်တက်လှမ်းနိုင်ခဲ့ပါပြီ။ မာရေးဟာ အခုဗိုလ်လုပွဲမှာ ချန်ပီယံဆု မရရှိခဲ့ရင်တောင် အကြိုဗိုလ်လုပွဲစဉ် ဘာဒက်ချ်ကို အနိုင်ယူနိုင်ရုံနဲ့ ကမ္ဘာ့အဆင့်(၁) နေရာကို ရောက်ရှိဖို့သေချာနေခဲ့တာ ဖြစ်ပါတယ်။ မာရေးဟာ ရီယိုအိုလံပစ်ပြိုင်ပွဲရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ပြီးနောက်မှာ ကမ္ဘာ့အဆင့်(၁)နေရာကို ရာသီမသိမ်းခင် ရယူနိုင်အောင် အားထုတ်သွားမယ်လို့ ဆိုခဲ့သူဖြစ်ပြီး အဲဒီနောက်ပိုင်းပွဲစဉ်တွေဖြစ်တဲ့ တရုတ်အိုးပင်း၊ ရှန်ဟိုင်းမာစတာတင်းနစ်ပြိုင်ပွဲစဉ်တွေမှာ ဆက်တိုက်ဗိုလ်စွဲခဲ့သလို အခုပဲရစ်မာစတာ ပြိုင်ပွဲမှာလည်း ထပ်မံအောင်ပွဲခံနိုင်တာကြောင့် ကမ္ဘာ့အဆင့်(၁)နေရာကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ကွန်ပျူတာစနစ် မှတ်တမ်းတင်ပြီး ၁၉၇၃ ခုနှစ်နောကပိုင်း မာရေးဟာ ကမ္ဘာ့အဆင့်(၁)နေရာကို တက်လှမ်းနိုင်တဲ့ ၂၆ ဦးမြောက် အမျိုးသားတင်းနစ်ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။ သူဟာ လက်ရှိအချိန်မှာ အသက်(၂၉) နှစ် ကျော်လွန်ခဲ့ပြီဖြစ်တာကြောင့် နယူးကုပ် (အသက်(၃၀) ၁၁ ရက် ) ပြီးရင် ကမ္ဘာ့အဆင့်(၁)နေရာကို တက်လှမ်းနိုင်ခဲ့တဲ့ ဒုတိယအသက်အကြီးဆုံး ကစားသမားအဖြစ်သာမက ကမ္ဘာအဆင့်(၂)နေရာကနေ ကမ္ဘာ့အဆင့်(၁) နေရာကို တက်လှမ်းဖို့ အချိန်အကြာဆုံး စောင့်ဆိုင်းခဲ့ရတဲ့ ကစားသမားအဖြစ်ပါ တစ်ပြိုင်နက်တည်း မှတ်တမ်းဝင်သွားခဲ့ပါတယ်။

### အာဆင်နယ်နဲ့ ပွဲကို လွဲချော်မယ့် မိုဗစ်ချ်

မန်ယူအသင်း အစဉ်အလာပြိုင်ဘက် အာဆင်နယ်ကို ရင်ဆိုင်ရမယ့် ပရီမီယာလိဂ် ပွဲစဉ်(၁၂)မှာ မန်ယူရဲ့ တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ် ပါဝင်နိုင်မှာ မဟုတ်ပါဘူးလို့ သိရပါတယ်။ မိုဗစ်ချ်ဟာ ဆွမ်ဆီးနဲ့ ပွဲစဉ်မှာ အဝါကတ်ပြသခံခဲ့ရတာကြောင့် စည်းမျဉ်းအရ အဝါကတ်ငါးကတ်ထိတဲ့ ကစားသမားတစ်ဦးဟာ တစ်ပွဲပယ်ပြစ်ဒဏ် ကျခံရမှာဖြစ်တဲ့အတွက် အာဆင်နယ်နဲ့ ပွဲစဉ်ကို မိုဗစ်ချ် လွဲချော်ရတော့မှာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြမော်ရင်ဟိုအနေနဲ့ မာကို့စ် ရက်ရှ်ဖို့ဒ်ကို ဗဟိုတိုက်စစ်နေရာအတွက်ပြောင်းလဲ ကစားခိုင်းရဖို့ရှိနေသလို မာရှယ်လ်နဲ့ ဒီပိုင်းတို့နှစ်ဦးထဲက တစ်ဦးကို တောင်ပံတိုက်စစ်နေရာ ပွဲထွက် လူစာရင်းမှာ ထည့်သွင်းအသုံးပြုဖို့တော့ ရှိနေပါတယ်။ ရက်ရှ်ဖို့ဒ်ဟာ ပြီးခဲ့တဲ့နှစ် အာဆင်နယ်ကို အနိုင်ယူနိုင်ခဲ့တဲ့ ပွဲစဉ်မှာလည်း မန်ယူအတွက် သွင်းဂိုးနှစ်ဂိုးကို သွင်းယူပေးနိုင်ခဲ့သူဖြစ်တာကြောင့် မန်ယူအသင်း တိုက်စစ်ပိုင်းအားနည်းသွားပြီလို့တော့ပြောလို့မရပါဘူး။ မိုဗစ်ချ်ကတော့ အင်္ဂလန်မြေမှာ ခြေစွမ်းပိုင်းရှန်းကန်နေရတယ်လို့ သူ့အပေါ် ဝေဖန်မှုတွေကို လှောင်ပြောင်ခဲ့ပြီး သူဟာ ဝေဖန်မှုတွေ ရရှိတိုင်း ပိုမိုခြေစွမ်းပြသနိုင်သူလို့ ဆွမ်ဆီးနဲ့ ပွဲအပြီးမှာ သတင်းထောက်တွေကို ပြန်လည်ဖြေကြားခဲ့ပါတယ်။



### ပြင်းထန်တဲ့ မျက်စိ ဒဏ်ရာ ရရှိခဲ့တဲ့ ဗန်ပါစီ

နိုဝင်ဘာ ၆ ရက်က ဘီလီဒီယက်စ်စပေါ်အသင်းကို အနိုင်ရရှိခဲ့တဲ့ပွဲမှာ ဖီနာဘာချီ တိုက်စစ်မှူး ဗန်ပါစီတစ်ယောက် မျက်လုံးဒဏ်ရာရရှိခဲ့တာကြောင့် ကစားကွင်းကနေ လူနာတင်ယာဉ်နဲ့ ထွက်သွားခဲ့ရပါတယ်။ ဒါပေမယ့် ဆေးကုသမှု ခံယူပြီးနောက် ကစားကွင်းထဲကို ပြန်ရောက်လာကာ လက်ကျန်ပွဲချိန်တွေကို ဆက်လက် ကြည့်ရှုအားပေးခဲ့တယ်ကို တွစ်တာစာမျက်နှာက ဓာတ်ပုံတွေမှာ အထင် အရှား မြင်တွေ့ခဲ့ရပါတယ်။ ဗန်ပါစီဟာ အဖွင့်ဂိုးကို သွင်းယူပြီးနောက် ပြိုင်ဘက်ကစားသမားနဲ့ မတော်တဆ ထိခိုက်မိသလို သူ့မျက်နှာတစ်ခုလုံး သွေးတွေ ပေကျံခဲ့တာကို မြင်တွေ့ခဲ့ရပြီး မျက်လုံးဒဏ်ရာပါ ရရှိခဲ့တာ ဖြစ်ပါတယ်။ ဖီနာဘာချီအသင်းဆရာဝန်ဖြစ်သူဂျွန်ကတော့ ဗန်ပါစီရဲ့ ဒဏ်ရာဟာ စိုးရိမ်လောက်စရာ အခြေအနေမရှိဘဲ မျက်လုံးကာ ပစ္စည်းအသုံးပြုကစားမယ်ဆိုရင် အဆင်ပြေလိမ့်မယ်လို့ ဆိုပါတယ်။

## သွေးလွန်တုပ်ကွေး ရောဂါ ကွင်းဆင်းကာကွယ်နှိမ်နင်း

**မောက်မယ် နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်းရှိ တိုင်းရင်းသား လုပ်သားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန မှ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဆရာ၊ ဆရာမများနှင့် အာအိုင် (Relief International) အဖွဲ့တို့မှမြို့နယ်ရဲတပ်ဖွဲ့စခန်းအတွင်းရှိ လိုင်းခန်းအတွင်း၌ နိုဝင်ဘာ ၂ ရက် နံနက် ၇ နာရီက ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လိုင်းခန်းများအတွင်းရှိ အမှိုက်များနှင့် ချုံနွယ်ပင်များ ရှင်းလင်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်၊ လုပ်ငန်းများဆောင်ရွက်ခြင်း၊ ပိုးလောက်လန်းသေအဘိတ်ဆေးခတ်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ကျန်းမာရေးဝန်ထမ်းများက အသိပညာပေးဟောပြောသည်။

ကွင်းဆင်း စစ်ဆေးဆောင်ရွက်သည့်နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်၊ မြို့နယ်ဆရာဝန်ဒေါက်တာမြမြသန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ဝင်းမာသန်းတို့သွားရောက် ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**စိုင်းမျိုးသန့် (ပြန်/ဆက်)**

## ကနီမြို့တွင် မူလတန်းနှင့်အလယ်တန်း မြို့နယ်အဆင့် သင်္ချာနှင့်အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲကျင်းပ

**ကနီ နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ပညာရေးဝန်ကြီးဌာန လမ်းညွှန်ချက်နှင့်အညီ ပညာရေးတွင် ငယ်ရွယ်စဉ်ကပင် ထူးချွန်ထက်မြက်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ပေါက်လာရေးအတွက် မြို့နယ်ပညာရေးဌာနမှ မူလတန်းအဆင့် စတုတ္ထတန်းမှ အလယ်တန်းအဆင့် အဋ္ဌမတန်းအထိ မြို့နယ်အဆင့် သင်္ချာနှင့် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်က အမှတ်(၁) အ-ထ-က ကျောင်း၊ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၃)အခြေခံပညာမူလွန်ကျောင်းတို့၌ သုံးနေရာခွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စွမ်းရည်ပြိုင်ပွဲတွင် သင်္ချာဘာသာရပ်နှင့် အင်္ဂလိပ်ဘာသာရပ်တို့တွင် မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းနှင့် အလယ်တန်းကျောင်းများမှ တစ်ကျောင်းလျှင်တစ်ဘာသာ တစ်ယောက်နှုန်းဖြင့် စတုတ္ထတန်း ၁၃၅ ဦး၊ ပဉ္စမတန်း ၄၇ ဦး၊ ဆဋ္ဌမတန်း ၃၈ ဦး၊ သတ္တမတန်း ၃၇ ဦး၊ အဋ္ဌမတန်း ၄၈ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၀၅ ဦး ဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီမြို့နယ်အဆင့်တွင် ထူးချွန်ကျောင်းသားများကို အတန်းစဉ်ဘာသာရပ်အလိုက် ပထမ၊ ဒုတိယနှင့် တတိယရရှိသူများကို ဆုများပေးအပ်မည်ဖြစ်ပြီး ၎င်းတို့အနက်မှ ပထမရရှိသူများမှာ ခရိုင်အဆင့်တွင် ဆက်လက်ယှဉ်ပြိုင်ကြရမှာဖြစ်ပါတယ်"ဟု မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးမှ ပြောသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

# မင်းကွန်းရောက်နိုင်ငံတကာခရီးသွားဧည့်သည်များ ကမ္ဘာကျော်မင်းကွန်းခေါင်းလောင်းကြီးကိုအားထားလေ့လာ

**မင်းကွန်း နိုဝင်ဘာ ၇**

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းလုပ်ကိုင်၍ ကောင်းသောနိုင်ငံတစ်နိုင်ငံဟု မှတ်ချက်ပြုထားသည်။ သမိုင်းဝင်အမွေအနှစ်များ၊ သဘာဝအလှအပများနှင့် စိတ်ဝင်စားဖွယ်ရာ ဖြစ်နေသည်။ သမိုင်းဝင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရှေးဟောင်းမြို့တော်များရှိနေသည်အတွက် ခရီးသွားဧည့်သည်များ ပိုမိုစိတ်ဝင်စားသော နိုင်ငံအဖြစ် တည်ရှိနေသည်။

လက်ရှိကာလ အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းတွင် မင်းကွန်းဒေသသို့ နိုင်ငံတကာခရီးသွားဧည့်သည် တစ်နေ့လျှင် ပျမ်းမျှ ၂၀၀ ကျော် လာရောက်ကြောင်းသိပြီး နိုဝင်ဘာလဆန်းပိုင်းမှစကာ ပိုမိုများပြားစွာလာရောက်နိုင်ကြောင်း ခန့်မှန်းထားသည်။

မန္တလေးရောက် နိုင်ငံတကာခရီးသွားဧည့်သည်များသည် မရမ်းခြံဆိပ်မှ သင်္ဘောဖြင့် မင်းကွန်းဘက်သို့ သွားလေ့ရှိသည်။ မင်းကွန်းရောက်သည်နှင့် ကမ္ဘာကျော်အနုပညာမြောက် ခြင်္သေ့ကြီး၊ ပုထိုးတော်ကြီး၊ မင်းကွန်းခေါင်းလောင်းကြီးတို့ကို အထူးစိတ်ဝင်တစား လေ့လာလေ့ရှိသည်။ ခရီးသွားဧည့်သည်များမှာ မင်းကွန်းခေါင်းလောင်းတီးခတ်သံ ခေါင်းလောင်းသံလေးလွင်လွင် ကြားနေရသည်ကို သဘောကျကြသည်။ ခေါင်းလောင်းမှာ ဘာသာရေး သင်္ကေတ၊ ငြိမ်းချမ်းရေးသံစဉ်ဟုပင် မှတ်ယူထားကြသည်။

မြန်မာနိုင်ငံမှ မင်းကွန်းခေါင်းလောင်းကြီးမှာ ကမ္ဘာ့ကျော်ခေါင်းလောင်းတစ်ခုအဖြစ် ဂုဏ်ယူဖွယ်တည်ရှိနေသည်။ ကမ္ဘာ့သမိုင်းဝင် ခေါင်းလောင်းများမှာ ရုရှားနိုင်ငံ မော်စကိုမြို့ ကရင်မလင်နန်းတော်ရှိ တန်ချိန် ၂၀၀ ကျော်ရှိသော ဇာကိုလိုကော့အမည်ရှိ ခေါင်းလောင်းမှာ ပထမအကြီးဆုံးဖြစ်ပြီး မော်စကိုမြို့တွင်ရှိ တန်ချိန် ၁၂၈ တန်ရှိ ခေါင်းလောင်းမှာ ဒုတိယအကြီးဆုံးနှင့် မြန်မာနိုင်ငံရှိ တန်ချိန် ၉၀ ကျော်ရှိ မင်းကွန်းခေါင်းလောင်းမှာ ကမ္ဘာ့ တတိယအကြီးဆုံး ခေါင်းလောင်းအဖြစ် တည်ရှိနေသည်။



နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုစိတ်ဝင်စားသည့် မင်းကွန်းခေါင်းလောင်း၏ ထူးခြားချက်မှာ တီးနိုင် ထိုးခေါက်နိုင်ပြီး ခေါင်းလောင်းသံလွင်လွင်ကို ကြားနေရခြင်းပင်ဖြစ်သည်။ အခြားကမ္ဘာကျော်ခေါင်းလောင်းများမှာ တီးခတ်နိုင်ခြင်းမရှိဟုသိရသည်။ မြန်မာမှုလက်ရာကမ္ဘာကျော်ခေါင်းလောင်းမဟာဖြစ်သော မင်းကွန်းခေါင်းလောင်းကြီးကမူ အသံမြည်ဟီးကာတည်ရှိနေသည်မှာ ပိုမိုဂုဏ်ယူဖွယ်ရာပင်ဖြစ်နေသည်။

မင်းကွန်းခေါင်းလောင်းကြီးကို ၁၁၇၀ ခုနှစ် ကဆုန်လဆန်း (၅) ရက်တွင် သွန်းလုပ်ခဲ့သည်။ ကြေးပိဿာပေါင်း ၅၅၅၅၅ ရှိသည့်အတွက် မင်းဖြူမှန်မှန်ပြောဟု မှတ်သားထားရှိခဲ့သည်။ အတိုင်းအတာများတွင် အဝအချင်း ၁၆ ပေ ၉ လက်မ၊ လုံးပတ်အချင်း ၅၁ ပေ ၃ လက်မ၊ အစောက် ပေ ၂၀ ၃ လက်မ၊ ဒု ၁ ပေ ၇ လက်မ၊ အမြင့်ဆွဲကွင်းထိပ်မှ အောက်အစွန်းအထိ ၂၇ ပေ ၈ လက်မရှိကြောင်း သိရသည်။

လက်ရှိကာလတွင် မင်းကွန်းဒေသရောက် နိုင်ငံတကာခရီးသွားဧည့်သည်များမှာ မင်းကွန်းမြေမှ ကမ္ဘာကျော် မင်းကွန်းခေါင်းလောင်းတော်ကြီးကို အားထားလေ့လာကာ အမှတ်တရ ဂုဏ်ယူစွာ ဓာတ်ပုံရိုက်ကူးလေ့ရှိကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

## အောင်လံနှင့်ရိုးမပတ်လမ်းဆက်သွယ်သည့်မြို့အထွက်လမ်း ရေတိုက်စားပျက်စီးနေမှုပြင်ဆင်ပြီးစီး

**အောင်လံ နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် လွန်ခဲ့သောလများက မိုးများစွာရွာသွန်းခဲ့သဖြင့် အောင်လံမြို့မှ ကျောက်ပန်းတောင်း၊ သမ္ဘူလရွာများ၊ ထိုမှတစ်ဆင့် ရိုးမပတ်လမ်းနှင့်ဆက်သွယ်သောလမ်းမှာ မြို့အထွက် အောင်မြေရွှေဝါဂေါက်ကွင်းအနီးတွင် ကတ္တရာလမ်းနှင့် လမ်းပခုံးမြေသားတို့မှာ ရေတိုက်စားမှုကြောင့် လမ်းသားပဲ့ကျပြီးကျေးရွာများသို့သွားသော ကားများ၊ ဆိုင်ကယ်များ သွားလာရေးခက်ခဲသဖြင့်ယာဉ်အန္တရာယ်များ ကင်းဝေးစေရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ကွင်းဆင်းစစ်ဆေးခဲ့ပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတိုးကြည်၏ စီမံမှုဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင်လုံးဝပြီးစီးခဲ့ပြီဖြစ်သည်။

အောင်လံမြို့မှ ကျောက်ပန်းတောင်း၊ သမ္ဘူလမှ ရိုးမပတ်လမ်းအထိ အဆင်ပြေချောမွေ့စွာဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ပြီး တစ်နေ့လျှင် မော်တော်ယာဉ်အစီး ၅၀ ခန့်နှင့် ဆိုင်ကယ်အစီး ၁၀၀ ခန့်တို့မှာ အောင်လံမြို့နှင့် သာယာချောမွေ့စွာ ကူးလူးဆက်သွယ် သွားလာနိုင်ပြီဖြစ်သဖြင့် ကျေးရွာနေပြည်သူများ များစွာဝမ်းမြောက်ဝမ်းသာ ရှိနေကြကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**



## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့်လုပ်ငန်းများရှင်းလင်းပွဲပြုလုပ်

**လှိုင်ကော် နိုဝင်ဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့်လုပ်ငန်းများ ရှင်းလင်းပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲက လှိုင်ကော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူက အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက ခရိုင်ကျေးလက်လုပ်ငန်းများအား ရှင်းလင်းပြောကြားရာတွင် ကျေးလက်အခြေခံအဆောက်အအုံဆောက်ပေးခြင်း၊ ရေပေးရေး၊ လမ်း၊ မီး၊ တံတား၊ အသက်မွေးဝမ်းကျောင်းပြုသင်တန်းများဖြစ်သော ကွန်ပျူတာ၊ စက်ချုပ်သင်တန်းများ၊ အကျိုးရှိသည့် စီမံကိန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိခင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် စီမံကိန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မထောခူ ကျေးရွာအုပ်စု ဝမ့်ကွန်ကျေးရွာမှ ကိုချစ်ကောင်းက မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်သည့်အတွက် ကျေးလက်နေပြည်သူများ အကျိုးကျေးဇူးများစွာရရှိကြောင်း ရှင်းလင်းပြောကြားသွားပြီး လောပီတကျေးရွာမှ ဒေသခံ ဦးကျော်ထွန်း(ခ)ဦးငါးရယ်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ကျေးရွာအရောက် ဖွင့်လှစ်ပေးခဲ့သည့်အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တက်ရောက်လာသူများက ကျေးရွာအတွင်း သင်တန်းနှင့်ပတ်သက်သော အကြောင်းအရာ၊ ကျောက်ချောလမ်း လုပ်ပေးနိုင်မှုအခြေအနေ ရှိ-မရှိ တို့ကို အသီးသီးတင်ပြကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးတို့က ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှေးရယ်ရှုမောင်က ပြည်နယ်အတိုင်းအတာတစ်ခုအနေဖြင့် နေရာတိုင်းမှာ လိုအပ်ချက်၊ အခက်ခဲတွေနဲ့တွေ့ကြုံနေရကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အောက်ခြေကအဓိကလိုအပ်ကြောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် စည်းစည်းလုံးလုံး လက်တွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

**ကိုစိုင်း (လှိုင်ကော်)**

# Steel Structureဖြင့်ပထမဦးဆုံးဆောက်လုပ်နေသည့် ဟိုတယ်နှင့် SERVICED APARTMENT အားမြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ လာရောက်လေ့လာ



**ရန်ကုန် နိုဝင်ဘာ ၇**
စင်ကာပူနိုင်ငံ၏နည်းပညာဖြင့် အမေရိကန်ဒေါ်လာသန်း ၂၀၀ ကုန်ကျ တည်ဆောက်နေသည့် ကန်သာယာတာဝါအဆင့်မြင့်စီမံကိန်း (Kan Thar Yar Consortium Towers Project) ထဲမှ မြန်မာနိုင်ငံတွင် ပထမဦးဆုံး Steel Structure ဖြင့် ဆောက်လုပ်နေသောFIVE STAR HOTEL နှင့် SERVICED APARTMENT အား မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူ ၅၀ တို့မှ နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီက စိတ်ဝင်တစားလာရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါစီမံကိန်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် Asia Myanmar Consortium Development ကုမ္ပဏီလီမိတက်တို့မှ အကျိုးတူပူးပေါင်းဆောင်ရွက် တည်ဆောက်နေခြင်းဖြစ်ပြီး အဆိုပါ ကန်သာယာတာဝါအဆင့်မြင့် စီမံကိန်းတည်နေရာမှာ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့် (သိမ်ဖြူ ယာဉ်မောင်းသင်တန်းကျောင်းနေရာ) တွင်တည်ရှိကာ မြေဧရိယာအကျယ်အဝန်း ၃ ဒသမ ၅၂ ဧကပေါ်တွင်တည်ဆောက်လျက်ရှိသည်။

စီမံကိန်းဧရိယာအတွင်း အဆောက်အအုံလေးလုံးဖြစ်သော အထပ်ပေါင်း ၂၅ ထပ် ပါဝင်မည့် ယူနစ်ပေါင်း ၁၃၂ ယူနစ်ရှိ RESIDENTIAL TOWER (LIFT ၃ စင်း)၊ အထပ်ပေါင်း ၂၂ထပ်ရှိ OFFICE TOWER (LIFT ၆ စင်း)၊ အထပ်ပေါင်း ၂၂ထပ်ရှိ FIVE STAR HOTEL(LIFT၄စင်း) နှင့် အထပ်ပေါင်း ၂၃ ထပ်ရှိ အခန်းပေါင်း ၁၇၁ ခန်းပါဝင်မည့် SERVICED APARTMENT (၂၁၈၀၁၂ စတုရန်းပေ) (LIFT ၆ စင်း) တို့ပါဝင်ဆောက်လုပ်မည်ဖြစ်ပြီး အရေးပေါ်မီးသတ်စနစ်အတွက် ဓာတ်လှေကားများ ထည့်သွင်းဆောက်လုပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ကျောင်းသား ကိုအေးကိုကိုကျော်က "ခုလိုစီမံကိန်းအကြီးတွေမှာ ဝင်ဖို့ထွက်ဖို့ဆိုတာ မလွယ်ကူပါဘူး။ ဒီစီမံကိန်းမှာလည်း ဒီဇိုင်နာ အင်ဂျင်နီယာတော်တော်များများက စင်ကာပူနိုင်ငံသားတွေ များပါတယ်။ ဒီမှာဆောက်လုပ်နေတဲ့ Steel ပိုင်းဆိုင်ရာ လုပ်ငန်းများကို ကျွန်တော်တို့ မမြင်ဖူးသလို ခုမှသိရတာဖြစ်ပြီး အဆောက်အအုံများရဲ့ ကွဲပြားခြားနားချက်တွေကို လေ့လာခွင့်ရခဲ့ပါတယ်။ ဒီစီမံကိန်းရဲ့ လေ့လာမှုအတွင်းမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ၊ RC ဆောက်လုပ်မှုပုံစံနဲ့ Steel Structure ဆောက်လုပ်မှုပုံစံရဲ့ ကွဲပြားခြားနားချက်များကို ဆိုက်မှ တာဝန်ရှိသူတွေကလည်း သေချာရှင်းပြတော့ ဗဟုသုတများစွာရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှာ သင်တန်းတက်ရတာလည်း ကျွန်တော်တို့အတွက် လွန်စွာအကျိုးရှိပါတယ်။ ဝါရင့်ဆရာကြီးများရဲ့ နှစ် ၆၀ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံများကို ကျွန်တော်တို့အနေနဲ့ တစ်လတည်းနဲ့ Structure၊ Safety၊ Management နဲ့ ကွန်ကရစ်လုပ်ငန်းပိုင်းဆိုင်ရာ ပညာရပ်များကို ရရှိခဲ့ပါတယ်။

အဓိကတော့ ဆရာတွေက သင်တန်းကြေးကိုအဓိကမထားဘဲ ပညာရပ်ပိုင်းဆိုင်ရာများကို ကျွန်တော်တို့အတွက် မျှဝေပေးနေတာပါ။ တံတားစီမံကိန်းများမှာ Steel Structure နဲ့ ဆောက်လုပ်တာကို ပိုစိတ်ဝင်စားပါတယ်။ အနာဂတ်ကာလမှာလည်း သံဖရိန်ကနေတစ်ဆင့် Steel ဖရိန်များကို အသုံးပြုတော့မယ့် တံတားတည်ဆောက်ရေး စီမံကိန်းများမှာ အင်ဂျင်နီယာ တစ်ယောက်အနေဖြင့် ရပ်တည်မယ်လို့ ကျွန်တော်အနေနဲ့ မျှော်မှန်းထားပါတယ်" ဟု ဆိုလေသည်။

Heng Rui Integated Technology ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ Fan Rong Feng က "အထပ်မြင့်အဆောက်အအုံများမှာ Steel Structure ဖြင့် ဆောက်လုပ်မယ်ဆိုရင်တော့ နှစ်ပေါင်း ၁၂၂ နှစ် သက်တမ်းခံကြံ့ခိုင်နိုင်ပါတယ်။ Steel Structure ရဲ့ အားသာချက်က အလွန်ပေ့ါပါးပါတယ်။ ပြီးတော့ RC စနစ်နဲ့ ဆောက်လုပ်တာထက်စာရင် ငလျင်ဒဏ်ကို ပိုပြီးခံနိုင်ရည်ရှိပါသေးတယ်။ Steel Structure နဲ့ ဆောက်လုပ်ထားတဲ့ အဆောက်အအုံကို ဖျက်လိုက်ပြီး နောက်အဆောက်အအုံအသစ် ဆောက်လုပ်တဲ့အခါမှာလည်း ဒီအဟောင်း Steel Structure များကို ပြန်လည်အသုံးပြုနိုင်ပါသေးတယ်။ Steel Structure စနစ်က အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်ရာမှာ လွယ်ကူအဆင်ပြေစေနိုင်သလို အဆောက်အအုံများ ဆောက်လုပ်တဲ့အခါမှာ RC စနစ်နဲ့ ဆောက်လုပ်တဲ့ အဆောက်အအုံထက် အချိန်ထက်ဝက် ပိုမိုမြန်ဆန်ဆောင်ရွက်ပြီးစီးပါတယ်။

"ကျွန်တော်တို့ လက်ရှိ Steel Structure ဖြင့်ဆောက်လုပ်နေတဲ့FIVE STAR HOTEL နှင့် SERVICED APARTMENT ကလည်း ၂၀၁၇ ခုနှစ် ဇွန်လမှာ အကြမ်းထည်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားမှာဖြစ်ပြီး ဇူလိုင်လကုန်ပိုင်းလောက်ဆို အချောထည်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားမှာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းမှာတော့ FIVE STAR HOTEL ကို ဖွင့်လှစ်သွားမှာဖြစ်ပါတယ်" ဟု စီမံကိန်းလုပ်ငန်းခွင်အတွင်း ရှင်းပြခဲ့သည်။

လက်ရှိအနေအထားအရ အထပ်ပေါင်း ၂၂ ထပ်ပါဝင်ဆောက်လုပ်မည့် Phase 2 အပိုင်း ဖြစ်သော OFFICE TOWER (LIFT ၆ စင်း) မှာလည်း အကြမ်းထည်လုပ်ငန်းများ အောင်မြင်စွာ ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ အထပ်ပေါင်း ၂၂ ထပ် ပါဝင်ဆောက်လုပ်မည်ဖြစ်သော Phase 3 အပိုင်းဖြစ်သည့်FIVE STAR HOTEL(LIFT၄စင်း) မှာလည်း ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကာ ဆောက်လုပ်ခြင်းလုပ်ငန်း အထပ်နှစ်ထပ်သို့ ရောက်ရှိနေပြီဖြစ်ပြီး အထပ်ပေါင်း ၂၃ ထပ် ပါဝင်ဆောက်လုပ်မည်ဖြစ်သော SERVICED APARTMENT (LIFT ၆ စင်း)မှာလည်း ဆောက်လုပ်ခြင်းလုပ်ငန်း အထပ်လေးထပ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကန်သာယာတာဝါအဆင့်မြင့်စီမံကိန်းမှ စီမံကိန်းဒါရိုက်တာ ဦးငြိမ်းအောင်က ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က MIC ခွင့်ပြုချက်ဖြင့် တည်ဆောက်နေသော အဆိုပါ ကန်သာယာတာဝါ အဆင့်မြင့်စီမံကိန်း (Kan Thar Yar Consortium Towers Project) တည်ဆောက်ရန်အတွက် Asia Myanmar Consortium Development ကုမ္ပဏီလီမိတက်မှ ၂၀၁၃ ခုနှစ် မေ ၁၁ ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် အကျိုးတူပူးပေါင်းတည်ဆောက်ရန် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ယင်းနှစ် ဒီဇင်ဘာလ၌ ပင်စီမံကိန်းမြေတူးဖော်ခြင်းလုပ်ငန်းများ စတင်ခဲ့ကြောင်း သိရကာ အဆိုပါ ကန်သာယာတာဝါ အဆင့်မြင့်စီမံကိန်း (Kan Thar Yar Consortium Towers Project) အား လာမည့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်း၌ အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း စီမံကိန်း လုပ်ငန်းခွင်မှ သိရသည်။

**(စိုးဝင်း–MLA)**

# လှိုင်မြို့နယ်တွင် ဇီကာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၇**
ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်မြို့နယ်တွင် ဒေသခံပြည်သူများက မြို့နယ်စည်ပင်သာယာကျန်းမာရေးဌာနနှင့် ပူးပေါင်း၍ ဇီကာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ခြင်ထောင်များဆေးစိမ်ခြင်း၊ ရေစည်၊ ရေကန်များအား အဘိတ်ဆေးခတ်ခြင်း၊ ညောင်ရေအိုး ပန်းအိုးများအား ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်က မြို့နယ်စည်ပင်သာယာကျန်းမာရေးဌာန ကျန်းမာရေးအရာရှိ ဒေါက်တာအေးချမ်းလွင်ဦးဆောင်၍ အမှတ် (၁၁) ရပ်ကွက်အတွင်း ဇီကာဗိုင်းရပ်စ်ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို မြင်တွေ့ရသည်။

"ဇီကာဗိုင်းရပ်စ်ပိုးကို သယ်ဆောင်တဲ့ အေဒီးစ်ခြင်ကျားတွေ ပေါက်ဖွားရှင်သန်မှုမရှိအောင် ရေစည်ရေကန်တွေကို အဘိတ်ဆေးခတ်ပေးတယ်။ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ပေးတယ်။ ပြီးတော့ ခြင်အကိုက်မခံရအောင် ခြင်ထောင်တွေ ဆေးစိမ်ပေးပါတယ်"ဟု ယင်းလုပ်ငန်းခွင်မှ မြို့နယ်စည်ပင်သာယာ ကျန်းမာရေးဌာန တာဝန်ခံ ဒေါ်စန်းစန်းသွင်က ပြောသည်။



အဆိုပါ လုပ်ငန်းကို ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အသင်းဝင်များ၊ ဒေသခံပြည်သူများနှင့် မြို့နယ်စည်ပင်သာယာ ကျန်းမာရေးဌာနတို့ ပူးပေါင်းပြီး အိမ်ခြေ ၉၀ ကို အဘိတ်ဆေးများခတ်ပေးကြပြီး ခြင်ထောင်အလုံး ၄၀ ကို ဆေးစိမ်ပေးခဲ့ကြသည်ဟု သိရသည်။

**မောင်သုည**

# လွှတ်တော်ကိုယ်စားလှယ်များနှင့်ဌာနဆိုင်ရာများတွေ့ဆုံဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၇**
ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ မြို့နယ်အတွင်းရှိ ပြည်သူများ အခက်အခဲမရှိ အေးချမ်းစွာ နေထိုင်သွားလာနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများအလိုက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် တွေ့ကြုံရသည့်အခက်အခဲများ ပံ့ပိုးပေးရန်၊ လိုအပ်ချက်များကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးတင်ပြနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၁၁ နာရီခွဲက မရမ်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့်က လွှတ်တော်အတွင်း လုပ်ငန်းဆောင်ရွက်မှုကော်မတီ ဖွဲ့စည်းဆောင်ရွက်မှုများနှင့် ပတ်သက်သည့် စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဌာနဆိုင်ရာအလိုက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်မီ မှန်ကန်မြန်ဆန်စွာဖြင့် ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများနှင့် ဆောင်ရွက်ရာတွင် ခက်ခဲသည့် လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထံ အပြန်အလှန်မေးမြန်းတင်ပြဆွေးနွေးခဲ့ကြောင်းနှင့် အဆိုပါတွေ့ဆုံ ဆွေးနွေးပွဲသို့ မရမ်းကုန်းမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



## ထေရဝါဒနှင့်မဟာယာန ဗုဒ္ဓဘာသာနှိုင်းယှဉ်လေ့လာချက်အကျဉ်း

ဒေါက်တာဦးဉာဏဝရ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားပြုစုထားသည့် 'ထေရဝါဒ ဗုဒ္ဓဘာသာနှင့်မဟာယာနဗုဒ္ဓဘာသာ နှိုင်းယှဉ်လေ့လာချက် အကျဉ်း' စာအုပ်ထွက်ရှိလာသည်။

လူ့သမိုင်း၊ လူ့ယဉ်ကျေးမှု၏ သဘာဝအရ ဘာသာတရားတိုင်းတွင် ဂိုဏ်းကွဲများရှိသည်။ မြန်မာလူမျိုးများကိုးကွယ်ဆည်းကပ်နေသော ထေရဝါဒဗုဒ္ဓဘာသာမှာ ပင်မဗုဒ္ဓဘာသာဖြစ်ပြီး ညီအစ်ကိုဘာသာ သို့မဟုတ် ဗုဒ္ဓဘာသာဂိုဏ်းကွဲ မဟာယာနဗုဒ္ဓဘာသာမှာလည်း ကမ္ဘာအနှံ့၌ ဖြစ်ထွန်းနေသည်။ တစ်ဂိုဏ်းတည်းမှ ဆင်းသက်လာသော ထိုဂိုဏ်းကြီး နှစ်ဂိုဏ်း၏ အကြောင်းကို လိုရင်းတိုရှင်း နှိုင်းယှဉ်လေ့လာချက် အကျဉ်းအဖြစ် ဆရာတော်က ရေးသားပြုစုထားရာ မြတ်စွာဘုရားကို ဦးထိပ်ထားသည့် အဓိကဘာသာကြီးနှစ်ခု၏ အကြမ်းအားဖြင့် ကွဲပြားချက်များ၊ ကွဲပြားချက်များကြားမှ တစ်စိတ်တစ်ပိုင်း တူညီမှုများကို ကျမ်းစာများ၏ အနက်အဓိပ္ပာယ်၊ ဝေဖန်ချက်များဖြင့် အင်္ဂလိပ်- မြန်မာနှစ်ဘာသာဖြင့် ဗဟုသုတဖြစ်ဖွယ် ပြုစုထားသည်။

**ထိုစာအုပ်ကို သုခိစာပေ၊ အမှတ်(၁၀)၊ ရွှေနှင်းဆီ(၃)လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၄၆၃၂၅ က တန်ဖိုးကျပ် ၁၂၀၀ ဖြင့်ဖြန့်ချိထားသည်။**



## ရာဇဝင်ထဲက ပင်းမဲထီး

စိန်တစ်လုံး(တင်စိန်-မီးရထား)ရေးသားပြုစုသည့် ဗိုလ်ချုပ်အောင်ဆန်း၏ ပုဂံမျိုးရိုးဘိုးဘေးတို့ဒေသ မဲထီး သို့မဟုတ် ရာဇဝင်ထဲက ပင်းမဲထီး စာအုပ်ထွက်ရှိလာသည်။

ဤစာအုပ်တွင် မဲထီးဆရာတော်ကြီးနှင့် ပင်းမဲထီး ဒေသအကြောင်းကို သိရှိရမည်ဖြစ်သည်။ မဲထီးနှင့်ပတ်သက်၍ ပုဂံနှင့်သမိုင်းအဆက်အစပ်ရှိပုံကို သိရှိနိုင်မည်။ စာအုပ်တွင် ပင်းမြို့ သူကြီး ဦးမြတ်မှ အစပြု၍ ဦးမြတ်၏နှမ ခင်စိုးကြီးနှင့် နတ်မောက်မြို့သူကြီး ဦးပြည်စိုးမှ ဆင်းသက် လာသော ဗိုလ်ချုပ်အောင်ဆန်း၏မိခင် ဒေါ်စုအထိ ဆွေစဉ်မျိုးဆက်များကို ဖော်ပြထားသည်။ ပင်းမြို့သူကြီး ဦးမြတ်သည် အလောင်းမင်းတရားကြီးနှင့်အတူ ပြည်ထောင်ဘက် သူရဲကောင်းများတွင် ပါဝင်သော ငမြတ်သာ သို့မဟုတ် ငမြတ်ထွန်း ဟုဆိုပါလျှင် ဗိုလ်ချုပ်အောင်ဆန်းတို့သည် ရွှေဘို နွယ်များဖြစ်သည်ဟု စာအုပ်တွင်ခန့်မှန်းထားသည်။

**အဆိုပါစာအုပ်ကို ရန်အောင်စာပေ၊ အ. ထ. က(၁)၊ ရန်ကင်းကျောင်းရှေ့၊ (၁၂)လုံးတန်း မှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၁၇၉၃၉၈ က တန်ဖိုးကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိ ထားသည်။**



## နိုင်ငံ့မိခင်ကြီးမှသည် မေတ္တာနိုင်ငံတော်ဆီသို့

NLD အစိုးရ အာဏာလွှဲပြောင်းမရယူသေးမီ ရက်ပိုင်းအလိုတွင် အစိုးရသစ်ခရီးလမ်းအတွက် ဒေါ်အောင်ဆန်းစုကြည် အထူးပင့်လျှောက် နာကြားမှတ်ယူခဲ့သော 'တိပိဋကဓရ ဓရ ယော ဆရာတော်ကြီး၏ ဒေါ်အောင်ဆန်းစုကြည် အတွက် အထူးတရား၊ နိုင်ငံ့မိခင်ကြီးမှသည် မေတ္တာ နိုင်ငံတော်ဆီသို့' စာအုပ်ထွက်ရှိလာသည်။

အစိုးရသစ်ခရီးလမ်းအတွက် ဒေါ်အောင်ဆန်းစုကြည်၏ အထူးပင့်လျှောက်နာကြားမှတ်ယူခဲ့သော တိပိဋကဓရဓရယောဆရာတော်ကြီး၏ အထူးတရားတော်များကို စာရေးဆရာဖေဒီက လိုအပ်သည်များအား ပြင်ဆင်ဖြည့်စွက်ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၇ ရက်နှင့် ၈ ရက်ထုတ် စံတော်ချိန်သတင်းစာတွင် ဖော်ပြခဲ့သော တရားတော်များကို စာအုပ်အဖြစ်စုစည်းထုတ်ဝေထားခြင်း ဖြစ်သည်။ ယခုတရားတော်စာအုပ်တွင် နိုင်ငံနှင့်လူမျိုးအပေါ်၌ ဆရာတော်ထားရှိတော်မူသော မေတ္တာနှင့် ကရုဏာများကို သိရှိနိုင်မည်ဖြစ်သည်။ နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့်သူများအတွက် တာဝန်ဆိုင်ရာဥပဒေသစည်းမျဉ်းနှင့် စိတ်ထားနှလုံးထား အခြေခံများဟုဆိုနိုင်သည်။

**အဆိုပါစာအုပ်ကို ဒီပါစိုးစာပေ၊ အမှတ်(၄)၊ ရေကျော်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် မြို့၊ ဖုန်း-၀၉-၉၆၅၄၀၃၉၈၆ က တန်ဖိုးကျပ် ၁၂၀၀ ဖြင့်ဖြန့်ချိထားသည်။**



## ကျောင်းတွင်းဒီမိုကရေစီ

၁၉၆၂ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံတွင် ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးသည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ရေးသားပြုစုခဲ့သည့် 'ကျောင်းတွင်းဒီမိုကရေစီ'စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်မှာ အင်္ဂလန်ပြည်ရှိ စာသင်ကျောင်းအမြောက်အမြားကို သွားရောက်လေ့လာပြီး ၁၉၄၇ ခုနှစ် တွင် ပြည်သူ့နီတိပညာပြန့်ပွားရေးအသင်းသို့ တင်ပြခဲ့သော အစီရင်ခံစာကို ထိုစဉ်နောက်ပိုင်း ၁၉၅၂ ခုနှစ် မေလတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၏ အကျိုးဆောင်အုပ်ချုပ်မှုအတွင်းရေးမှူး မောင်သန့်(နောင်တွင်ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်)ဖြစ်လာသူက ဒီမိုကရေစီဝါဒကို လက်ကိုင်ပြုလျက် ဒီမိုကရေစီနိုင်ငံထူထောင်ရန် အားသွန်ကြိုးပမ်းလျက်ရှိသော သူ၏ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ စာသင်ကျောင်းများတွင် ဒီမိုကရေစီကို လက်တွေ့ကျင့်သုံးနိုင်ရန်လိုအပ်နေသည့်အချက်ကို အကျဉ်းရုံးပြီး ဆီလျော်အောင် ဘာသာပြန်ဆိုထားသော စာအုပ်ငယ်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများ ဒီမိုကရေစီကိုလက်တွေ့ကျင့်သုံးတတ်စေရန် ဦးသန့်က ရည်ရွယ်ခဲ့သည်။

**အဆိုပါစာအုပ်ကို 'အများကိုထု အမှန်ပြု ပြည်သူ့ဂျာနယ်လစ်'ဆောင်ပုဒ်ခံယူထားသော JOURNALIST PUBLISHING ရန်ကုန်မြို့၊ ဖုန်း-၀၉၇၃၁၄၀၃၅၃ က တန်ဖိုးကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိ ထားသည်။**



## ကင်းထောက်လုပ်ဆောင်ချက်လုပ်ထုံးလုပ်နည်းအစီအစဉ်

မြန်မာနိုင်ငံတွင် ပြန်လည်ထူထောင်ထားပြီးဖြစ်သည့် ကင်းထောက်အသင်းအဖွဲ့နှင့် ပတ်သက်၍ အထောက်အကူဖြစ်စေရန် ဆရာဟိန်းလတ် ရေးသားပြုစုသည့် 'ကင်းထောက် လုပ်ဆောင်ချက်လုပ်ထုံးလုပ်နည်း အစီအစဉ်'စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကင်းထောက်လုပ်ငန်းနှင့်ပတ်သက်၍ ကမ္ဘာ့အစီအစဉ်ပေါ်လစီ၊ အစီအစဉ်ကို အသစ်ထပ်မံချဉ်းကပ်ခြင်း၊ ပညာရေးအဆိုပြုချက်၊ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်ရေး၊ နောက်ဆုံးပညာရေးဆိုင်ရာ ရည်မှန်းချက်များ၊ ဖွံ့ဖြိုးမှုအဆင့်များ၊ အသက်အရွယ်၊ ပညာရေးရည်မှန်းချက်ကဏ္ဍများ၊ ပညာရေးလှုပ်ရှားမှုများ၊ ကင်းထောက်နည်းများနှင့် ကင်းထောက်နည်း၏ အကျိုးကျေးဇူးများကိုပါ စုံလင်စွာဖော်ပြထားရာ ကင်းထောက် ပညာစိတ်ဝင်စားသူလူငယ်များသာမက ကင်းထောက်အသင်းတွင် ပါဝင်လှုပ်ရှားနေကြသည့် လူငယ်များအတွက် အထောက်အကူပြုမည့်စာအုပ်ဖြစ်သည်။

**ထိုစာအုပ်ကို မဇ္ဈိမစာပေ၊ (၃၉)လမ်း(အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၉၂၈၃၅ မှ တန်ဖိုးကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိထားသည်။**




## လွယ်ကူလေ့လာအင်္ဂလိပ်သဒ္ဒါ

ဦးအောင်ခိုင်မြင့်နှင့် အယ်ဒီတာအဖွဲ့ရေးသားပြုစုသည့် 'လက်တွေ့အသုံးချလွယ်ကူ လေ့လာ အင်္ဂလိပ်သဒ္ဒါ' စာအုပ်(ပထမတွဲ)ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အခန်းပေါင်း (၅၃) ခန်းပါဝင်ပြီး အချိန်ကာလအလိုက် တိကျမှန်ကန်သည့် ဝါကျများတည်ဆောက်တတ်စေရန်၊ ကြွယ်ဝသောအရေးအသား၊ ထိရောက်သည့်အသုံးအနှုန်းများနှင့် အဆင့်အတန်းမီ အင်္ဂလိပ်စာများ ရေးသားစီကုံးတတ်စေရန် အခြေခံမှစပြီး တစ်ဆင့်ပြီးတစ်ဆင့် လေ့လာသွားနိုင်ရန် စီစဉ်ထားသည်ကိုတွေ့ရသည်။ လေ့ကျင့်ခန်းများပါဝင်သဖြင့် နေ့စဉ်လေ့ကျင့်ဆောင်ရွက်မည်ဆိုပါက အင်္ဂလိပ်စာသိသိ သာသာ တိုးတက်လာမည်ဟု ယုံကြည်သည်။ အဓိကပြသထားသည်မှာ ကတ္တား၊ ကံ၊ ကြိယာ၊ ဝိဘတ် စသည်တို့ မည်သို့အလုပ်လုပ်ကြသည်။ မည်သို့အသုံးချရမည်တို့ကို ဥပမာများ၊ လမ်းညွှန်မှုများဖြင့် နားလည်လွယ်ကူအောင် ရှင်းလင်းထားသည်။

**ထိုစာအုပ်ကို မဇ္ဈိမစာပေ၊ (၃၉)လမ်း(အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန် ကုန်မြို့၊ ဖုန်း ၀၁-၃၉၂၈၃၅ မှ တန်ဖိုးကျပ် ၃၀၀၀ ဖြင့်ဖြန့်ချိထားသည်။**




## တန်ဖိုးထိုက်သော အတွေးဘဏ္ဍာတိုက်

Jimmy Teo ရေးသားသည့် A Leagacy to My Son A Treasure of Baluable Thoughts ကို စာရေးဆရာ၊ သတင်းစာဆရာ ဆရာဟိန်းလတ် ဘာသာပြန်ဆိုထားသည့် စာအုပ်ထွက်ရှိလာသည်။

ထိုစာအုပ်မှာ မူရင်းစာရေးသူက အဖေမှ သားနှစ်ယောက်အတွက်ရေးသားထားသည့် ဘဝ နေနည်းလမ်းညွှန်များပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပိုမိုကောင်းမွန်စွာ နေထိုင်တတ်ဖို့၊ ပိုမိုကောင်းမွန်သည့်ကလေးများအနေဖြင့် လူကြီးများဖြစ်လာသောအခါ စံနမူနာပြုစရာ ခေါင်းဆောင်များဖြစ်လာစေရန် ရည်ရွယ်ထားသည်။ စိတ်ဓာတ်ခွန်အားပေးသော စာများဖြစ်သလို ပညာရေးနယ်ပယ်မှ ကျောင်းသူကျောင်းသားများ၊ လုပ်ငန်းခွင်နယ်ပယ်မှ လူငယ်များသာမက သားသမီးများကို ဂရုစိုက်တတ်သော မိဘများပါ လေ့လာဖတ်ရှုနိုင်အောင် ဆရာဟိန်းလတ်က မြန်မာစာဖတ်ပရိသတ်အတွက် ဆီလျော်အောင် မြန်မာမှု ပြုထားသည်။

**ထိုစာအုပ်ကို မဇ္ဈိမစာပေ၊ (၃၉)လမ်း(အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၉၂၈၃၅ မှ တန်ဖိုးကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိထားသည်။**



## ညွှန့်ညွှန့်စိန်ရဲ့ကျမက လူကြီးသမီးပါမောင်

လူမှုဘဝနယ်ပယ်တွင် ရုန်းကန်လှုပ်ရှားနေကြသည့် အခြေခံလူတန်းစားများ၏ ဘဝအကြောင်းကို ဝေဖြိုးမောင် ခံစားတင်ပြထားသည့် 'ညွှန့်ညွှန့်စိန်ရဲ့ ကျမက လူကြီးသမီး ပါမောင်' စာအုပ်ထွက်ရှိလာသည်။

7 days သတင်းစာတွင်ပါရှိသည့် လက်ပံပျားကြက်ကြော်အကြောင်း ရေးသားထားသည့် ဆောင်းပါးတစ်ပုဒ်ကို အကြောင်းပြု၍ စာရေးသူရင်ကို ထိမှန်ခဲ့သော ရင်တွင်းခံစားချက်မှ ထွက်ပေါ်လာသည့် စေတနာဆန္ဒများကို ထုတ်ဖော်ထားခြင်းဖြစ်သည်။ စာရေးသူက စာအုပ်အစတွင် စာအုပ်ခေါင်းစဉ်ပါအတိုင်း စမတ်ဖုန်းပွတ်လိုက်၊ ဆယ်လီရိုက်လိုက်၊ ဖေ့ဘွတ်တင်လိုက်နှင့်နေ့စဉ် အလုပ်ရှုပ်နေသည့် ညွှန့်ညွှန့်စိန်၏ အဖြစ်သနစ်ကို ဆယ်လီညွှန့်ညွှန့်စိန် ခေါင်းစဉ်တပ်ကာ အစပြုထားသည်။ ထို့နောက် ဖေ့ဘွတ်ပေါ်မှ နိုင်ငံရေး၊ လူမှုရေးအစရှိသည့် အဖြစ်သနစ်အကြောင်းအရာ အစုံအလင်တို့ကို ခံစားတင်ပြထားသည်။

**ထိုစာအုပ်ကို စာပေနန်းတော် အမှတ်(၁၃၈-၁၄၀)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၇၃၁၄၀၉၃၄ က တန်ဖိုးကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိထားသည်။**

# ပွင့်ဖြူဒေသတွင် ကြံစမ်းသပ်စိုက်ပျိုးတောင်သူများ ဝင်ငွေကောင်း

**မင်းဘူး နိုဝင်ဘာ ၇**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူဒေသတွင် ကြံစမ်းသပ်စိုက်ပျိုးတောင်သူများ အောင်မြင်ဖြစ်ထွန်း၍ဝင်ငွေကောင်း



ရရှိကာ စိုက်ဧက တိုးမြှင့်စိုက်ပျိုးကြကြောင်း၊ ကြံတွင် ကြံညို၊ ကြံဖြူဟူ၍ နှစ်မျိုးရှိပြီး ကြံညိုကို အဓိကထားစိုက်ပျိုးကြကြောင်း ကြံစိုက်ပျိုးတောင်သူများထံမှ သိရသည်။

"ကျွန်တော်မနှစ်က စတင်ပြီးနှစ်ဧကလောက်ကို ဥယျာဉ်ခြံမြေမှာ စမ်းသပ်စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးစရိတ်နဲ့ အလုပ်သမားစရိတ်က တစ်ဧကကို ကျပ်တစ်သိန်းနီးပါလောက်ကုန်ကျတယ်။ ဒီနှစ်မှာ နှစ်ဧကခွဲလောက် တိုးချဲ့စိုက်ပျိုးထားပါတယ်" ဟု ပွင့်ဖြူမြို့နယ် ရှောက်တောကျေးရွာနေ ကြံစိုက်တောင်သူ ကိုဖိုးကျော်က ပြောသည်။

"ကြံစိုက်မယ်ဆို မြေသားကို မှုန်းနေအောင်ထွန်ယက်ပြီးမှ ကြံပင်တွေကို လှဲပြီး စိုက်ပျိုးရတယ်။ လှဲစိုက်တဲ့ ကြံဆစ်တွေကတစ်ဆင့် အတက်တွေထွက်လာပါတယ်။ တစ်ဧကကိုကြံပင် ၃၀၀၀ လောက်ထွက်ရှိပြီး ခုနစ်ရက်တစ်ကြိမ် ကြံဆစ်တွေရှည်အောင် အလက်တွေဖဲ့ပေးရတယ်။ နောက်ပြီး ကြံပင်တွေ ပိုးမကျအောင် မြေတွင် ပိုးသတ်ဆေးတော့ ပက်ဖျန်းထည့်ပေးရတယ်။

"ကျွန်တော်တို့ စိုက်တဲ့ကြံညိုက (စုပ်ကြံ) မျိုးဆိုတော့ ဘုရား၊ ပွဲဈေးနဲ့ ဈေးတွေမှတစ်ဆင့် ပြန်လည်ရောင်းချတဲ့သူတွေက ဝယ်ယူတာများတယ်။ ယခုနှစ်ကြံအထွက်နှုန်းက မနှစ်ကထက် ပိုပြီးထွက်တယ်။ ဘာကြောင့်ဆိုရင် မနှစ်ကခုတ်ယူထားတဲ့ ကြံငုတ်တွေက အတက်ပြန်ထွက်တာ နှစ်တက်မှ သုံးတက်ထိ ပွားပြီး ပြန်ထွက်လာတာကြောင့် ဒီနှစ်ကြံအထွက်လည်း ကောင်းမွန်ကြောင်း"ကို တောင်သူ ကိုဖိုးကျော်က ဆက်ရှင်းပြသည်။

မင်းဘူးမြို့နေ ကြံဖောက်သည်ယူရောင်းချသူတစ်ဦးက "ကျွန်မတို့ဒေသမှာ ယခင်ကကြံမထွက်တာကြောင့် တောင်တွင်းဘက်ကနေမှာယူပြီး ရောင်းချတယ်။ သယ်ယူစရိတ်ကကြီးတော့ ကိုယ့်အတွက် အမြတ် အကျန်နည်းပါးတယ်။ ယခုနှစ်တော့ ကိုယ့်ဒေသကထွက်တဲ့ ကြံကိုပဲ ဖောက်သည်ယူပြီးရောင်းတယ်။ ကြံပင် ၁၀၀ လျှင် ၂၅၀၀၀၊ ၃၀၀၀၀ ကျပ်နဲ့ ကြံစိုက်ခင်းထဲမှာပင်ဝယ်ယူ၍ရရှိပြီး ကြံတစ်ချောင်းကို ကျပ် ၅၀၀၊ ကျပ် ၆၀၀ ဆိုပြီး ရောင်းသလို အဆစ်လိုက်ပိုင်းရောင်းတာလည်းရှိတယ်။ ဘုရားပွဲဈေးတွေဆို အလွန်ပဲရောင်းကောင်းပါတယ်" ဟု ပြောပြသည်။

**ဖိုးပြည့်**

## တောင်သူများအား စိုက်ပျိုးရေးပညာပေး၍ လက်တွေ့ကွင်းဆင်းသရုပ်ပြသ

**ဝက်လက် နိုဝင်ဘာ ၇**
တောင်သူများအား စိုက်ပျိုးရေးပညာပေးခြင်းနှင့် လက်တွေ့ကွင်းသရုပ်ပြခြင်းများကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ကျီးကန်ကျေးရွာအုပ်စုတွင် စိုက်ပျိုးထားသည့် မိုးစပါး ရွှေဘိုပေါ်ဆန်း မျိုးသန့်မျိုးစေ့ထုတ် စံပြကွက်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းသရုပ်ပြပွဲတွင် ရွှေဘိုခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီသိန်းက ကပ်ပါးနဂါးများလွှတ်၍ ဆစ်ပိုးကာကွယ်နှိမ်နင်းခြင်း၊ သဘာဝပိုးသတ်ဆေးဖျော်ရည် ပြုလုပ်သုံးစွဲနည်း၊ ကင်းထောက်မှတ်တမ်း ကောက်ယူခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ရေး၊ ဆေးဖျန်းသင့်သည့်အချိန်အား ဆုံးဖြတ်ဆေးဖျန်းနိုင်ရေး ရှင်းလင်းပြီး လက်တွေ့ကွင်းဆင်းပြသခဲ့သည်။

ဆက်လက်၍ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်သီတာလွင်က စပါးအပင်များကျန်းမာသန်စွမ်းပြီး စပါးအထွက်တိုးရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို အချိုးညီ အချိန်ကိုက်သုံးစွဲရေးဆွေးနွေးခဲ့ပြီး ဆစ်ပိုးအား ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းရန်အတွက် ဥကပ်ပါးနဂါးကတ်များကို တောင်သူ ဦးဝင်းနိုင်၏ မိုးစပါး ၁၀ ဧကတွင် တတိယအကြိမ် လွှတ်ပေးခဲ့ကြောင်း သိရသည်။

လက်တွေ့ကွင်းဆင်းပြသခြင်းကို မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးနှင့် ဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကာ အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ဝန်ထမ်းနှင့် တောင်သူပေါင်း ၇၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

## နတ်တလင်းမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများ ဈေးကောင်းရရန်မျှော်လင့်

**နတ်တလင်း နိုဝင်ဘာ ၇**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အနောက်ဘက် ရေမွေးကျေးရွာအုပ်စု ရေမွေးရွာတွင် နိုဝင်ဘာ ၅ ရက်က တောင်သူဦးဇော်ကြီး၏ မတ်ပဲစိုက်ခင်းသို့ သွားရောက်ကြည့်ရှုရာ ဦးဇော်ကြီးက ပြီးခဲ့သည့်ဩဂုတ်လမှာ ဧရာဝတီမြစ်ရေဝင်ရောက်မှုနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကြောင့် စိုက်ပြီး စပါးပင်များ ပျက်စီးသွားခြင်းကို တောင်သူတချို့ခံရကြောင်း ပြောပြသည်။

"ကျွန်တော့လယ်မြေတွေလည်း နစ်မြုပ်ခံရလို့ စိုက်ပြီးစပါးပင်တွေ ပျက်စီးသွားခဲ့ရတယ်။ နိုင်ငံတော်က ပြန်ပြီးစိုက်ပျိုးနိုင်ဖို့အတွက် မျိုးစပါးများထုတ်ပေးပေမယ့် တချို့တောင်သူတွေ ထုတ်မယူကြပါဘူး။ စပါးစိုက်ပျိုးပြီး မတ်ပဲစိုက်ချိန် နှောင်းသွားမှာစိုးရိမ်ကြလို့ပါ။ စပါးထွက်ကလည်း စိတ်မချရဘူး။ အောက်တိုဘာလ ဒုတိယပတ်ကစပြီး မတ်ပဲစိုက်တယ်။ အခုအပင်သက် ၁၅ ရက်သားရပြီး အပင်ကြီးထွားမှုအနေအထား ကောင်းနေတော့ အပင်ဆေးဖျန်းစရာမလိုတဲ့အတွက် ဆေးဖိုးသက်သာတယ်။ အပင်တွေအတွက် ပိုးမွှားလည်းကင်းတယ်။ ဒီနယ်မြေက တောင်သူတွေ အများဆုံးစိုက်ပျိုးကြတာ စိန်ပတ်လည်မျိုးနှင့် ရွက်ဝိုင်းကန်စွန်းနွယ်မျိုးတို့ ဖြစ်တယ်။ လယ်မြေတွေ အောက် အစိုဓာတ်ကောင်းနေတော့ တစ်ကျိုးကို နှစ်ပြည်ခွဲကြဲပက်ရတယ်။ ပဲပင်တွေပန်းပွင့်ချိန်မှာ ရာသီဥတုမဖျက်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ။ ပဲပေါ်ချိန်မှာ ယခုအခြေအနေအတိုင်းဆိုရင် တစ်ဧကကို ပဲတင်း ၃၀ ထွက်မည်လို့ ခန့်မှန်းတယ်။ မျိုးပဲဝယ်ပြီးစိုက်ကြရတဲ့ တောင်သူတွေက တစ်တင်းကို ကျပ် ၄၅၀၀၀ ဝန်းကျင်ဝယ်ရတယ်။ မတ်ပဲ ၁၀ ဧကစိုက်ပျိုးပြီးပါပြီ။ ဆက်လက်စိုက်ပျိုးနေတယ်။ ရာသီဥတုဒဏ်ကြောင့် စပါးမရသော်လည်း မတ်ပဲအပင်တွေကောင်းနေတော့ တောင်သူတွေမျှော်လင့်ချက်ရှိနေတယ်။ ပဲပေါ်ချိန် ပဲဈေးကောင်းပါစေလို့ တောင်သူများ ဆုတောင်းနေရတယ်" ဟုပြောပြသည်။

**ဝ၇၁**

# တောင်သူလယ်သမားများ ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုများနှင့် လယ်ယာလုပ်သားရှားပါးမှုစသည့် စိန်ခေါ်မှုနှစ်ရပ်ကို ကျော်လွှားနိုင်ရန် ပညာပေးလုပ်ငန်းများဆောင်ရွက်

**မိတ္ထီလာ နိုဝင်ဘာ ၇**
မြန်မာနိုင်ငံ၏ ကျေးလက်နေ တောင်သူလယ်သမားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သော သီးနှံများ တစ်ဧကအထွက်နှုန်းတိုးပြီး ဝင်ငွေတိုးတက်စေရန် စိုက်ပျိုးရေးဦးစီးဌာနမှ နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက ရေဝေကျေးရွာ စိုက်ပျိုးရေးပညာပေးစခန်းတွင် တောင်သူပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ပြောကြားခဲ့သည်။

အဆိုပါတောင်သူပညာပေးဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းထိန်က တိုးတက်လာသော ခေတ်စနစ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများ ပြောင်းလဲရန်လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးပြီး သီးနှံများတွင် ကျရောက်တတ်သော ပိုးမွှားရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများကို ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်အေးအေးမြင့်က ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက တောင်သူများတွင် ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုများနှင့် လယ်ယာလုပ်သားရှားပါးမှုများစသည့် စိန်ခေါ်မှုနှစ်ရပ်ကို ကျော်လွှားနိုင်ရန် ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် သက်တမ်းတိုမျိုးများကို ပြောင်းလဲစိုက်ပျိုးရန်နှင့် မျိုးစေ့၏ အရေးပါပုံ (One Seed Can Change the World) များ၊ တောင်သူများ မြေပြုပြင်ချိန်မှသည် ရိတ်သိမ်းချိန်အထိ စက်စွမ်းအားဖြင့် ပြောင်းလဲစိုက်ပျိုးထုတ်လုပ်ရန် ပြောကြားခဲ့သည်။ ၎င်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ရေဝေ၊ ရှမ့်ငယ်၊ ဇရပ်ကုန်း၊ တပျော်၊ သံဘို၊ အုံတုံ၊ မယ်ဇလီကုန်းစသည့်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ တောင်သူများတက်ရောက်ကြပြီး သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## အိမ်မဲမြို့တွင် မိုးစပါးဆင်းသုခ မျိုးသန့်မျိုးစပါးစံကွက်ရိတ်သိမ်း

**အိမ်မဲ နိုဝင်ဘာ ၇**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက အိမ်မဲမြို့ ကွမ်းယားတံခွန်တိုင်ကျေးရွာရှိ တောင်သူဦးသန့်ဇော်၏ လယ်မြေကွင်းအမှတ်(၈၉-ခ) ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင်းသုခမျိုးသန့်မျိုးပွားစေ့ (RS) မှ စီးပွားဖြစ်မျိုးသန့်မျိုးစေ့ (CS)အဖြစ် စိုက်ပျိုးထားသော ဆင်းသုခမျိုးသန့်မျိုးစပါး စံကွက်ရိတ်သိမ်းသည် သုည ဒသမ ၁၀ ဧကရိတ်သိမ်းခဲ့ပြီး အဆိုပါ စံကွက်မှ အစို ၈၁ ဒသမ ၉၃ တင်း အခြောက် ၇၈ ဒသ ၆၇ တင်း နှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲသို့ မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အေး၊ အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ အိမ်မဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ ကြည့်ရှုခဲ့ကြသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများ စပါးအထွက်နှုန်းများ တိုးတက်စေရေး၊ မျိုးသန့်မျိုးစပါးများ စိုက်ပျိုးလာစေရေးအတွက် စိုက်ပျိုးနည်းစနစ်ကောင်းများ အသိပညာပေးကူညီခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**





## ကြို့ပင်ကောက်တွင်စပါးဈေးကျ၍ တောင်သူများတွက်ခြေမကိုက်

**ကြို့ပင်ကောက် နိုဝင်ဘာ ၇**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့တွင် စပါးဈေးကျ၍ စပါးစိုက်တောင်သူများ အခက်ကြုံလျက်ရှိသည်။ ယနေ့ကြို့ပင်ကောက် စပါးပေါက်ဈေးမှာ ရိတ်ခြွေစက်ကျ အစိုကို ကျပ် ၃၆၀၀၀၀ ဈေးသာရရှိသည်။

ဘွက်ရိုးအုပ်စု ကျောင်းကုန်းကျေးရွာ တောင်သူဦးမောင်မောင်က "ငါးဧကကို ၄၁၀ ရတော့ ကျပ် ၁၄၇၆၀၀၀ ပဲရတယ်။ စိုက်ပျိုးစရိတ်ချေးငွေက ခုနစ်သိန်းခွဲ၊ ရိတ်ခြွေစက်ခက သုံးသိန်း၊ ဓာတ်ဆားဘိုး၊ ပိုးသတ်ဆေးဖိုးနဲ့ဆိုတော့ ဘာမှ မကျန်တော့ဘူးပေါ့။ နောက်ပြီး သမက စိုက်ပျိုးစရိတ်ချေးငွေက ရှိသေးတယ်။ သက်နုစပါးစိုက်ထား တာ မိုးကုန်တော့ မုန်တိုင်းကနှစ်ကြိမ် ဆက်ဝင်တော့ မိုးကအဆက်မပျက်ရွာတယ်။ ကုန်သည်က အစိုဈေးပဲယူတယ်။ အခြောက်ခံဖို့ကြတော့ ရွာမှာအဆင်မပြေဘူး။ တလင်းပျောက်စနစ်ဖြစ် သွားတယ်" ဟုပြောကြားသည်။

စပါးကမကျန်လို့ မတ်ပဲကိုသာ အဓိကအားထားနေကြကြောင်း၊ ရာသီဥတုမှန်စေရန် ဆုတောင်းနေရကြောင်း၊ တောင်သူဦးမောင်မောင်ကဲ့သို့ တခြားတောင်သူများလည်း ခံစားနေရကြောင်း သိရသည။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

# သံဖြူဇရပ်–ထားဝယ်သွားကားလမ်းနှင့် ရထားလမ်းဖြတ် နေရာအား လမ်းအဆင့်မြှင့်တင်

**သံဖြူဇရပ် နိုဝင်ဘာ ၇**

မွန်ပြည်နယ် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာ့မီးရထားဌာန၊ လမ်းလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ ညှိနှိုင်းစီစဉ်မှုဖြင့် သံဖြူဇရပ်-ထားဝယ်မော်တော်ကားလမ်း မိုင်တိုင်အမှတ် ၂၁၆/၆၇ ဝဲသွန်ချောင်ကျေးရွာရှိ မော်တော်ကားလမ်းနှင့် မီးရထားလမ်းဖြတ်နေရာအား ယာဉ်များအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထား သံလမ်းအင်ဂျင်နီယာဌာနနှင့် သံဖြူဇရပ်မြို့နယ် လမ်းဦးစီးဌာနတို့ ညှိနှိုင်းပူးပေါင်းကာ Level Crossing လမ်း အဆင့်မြှင့်တင်မှုကို နိုဝင်ဘာ ၃ ရက် ည ၉ နာရီမှ စတင်ဆောင်ရွက် လုပ်ကိုင်ခဲ့သည်။

"မီးရထားသံလမ်းခင်းခြင်းအပိုင်းကို ည ၉ နာရီက စတင်ပြီးလုပ်ကိုင်ပါတယ်။ ဒီလမ်းမကြီးပေါ်မှာ ညပိုင်းမှာလည်း ထားဝယ်-မြိတ် ခရီးသည်မှန်လုံကားနဲ့ ကုန်တင်ကားကြီးတွေက ညလုံးပေါက်သွားလာနေကြတဲ့အပြင် နေ့ဖက်မှာလည်း ယာဉ်တွေက စဉ်ဆက်မပြတ်သွားလာနေကြတော့ သံလမ်းပြင်ဆင်နေချိန် လမ်းပိတ်ထားရင် တစ်နာရီလောက်အတွင်းမှာ ယာဉ်စီးရေ ၁၀၀ ကျော်လောက်တန်းစီနေရလို့ အလုပ်ကိုရပ်ပြီး ကားသွားလာနိုင်ဖို့စီစဉ်ပေးရတာ တစ်ညနဲ့ပြီးရမှာ မပြီးဘဲ အချိန်ကြန့်ကြာနေပါတယ်။ လမ်းလွှဲလမ်းကြောင်းကမရှိဘူးဖြစ်နေလို့ ယနေ့ညပြီးစီးရေးကို ကြိုးပမ်းနေပါတယ်။

သံလမ်းအပိုင်းက Level Crossing ၅၅ ဒသမ ၅ ပေအကျယ်ဆောင်ရွက်မှာဖြစ်ပြီး သံလမ်းကဏ္ဍပြီးရင် လမ်းဦးစီးဌာနက ကတ္တရာခင်းလုပ်ငန်းကို တစ်ဆက်ထဲ လုပ်ဆောင်မှာဖြစ်ပါတယ်" ဟု သံလမ်းအင်ဂျင်နီယာရုံး အငယ်တန်းအင်ဂျင်နီယာ-၁ ဦးကျော်လွင်ဦးက ပြောကြားသည်။

ယခု လုပ်ငန်းဆောင်ရွက်နေသည့် ကားလမ်းနှင့် ရထားလမ်း Crossing နေရာသည် ယခင်ကတ္တရာလမ်းအကျယ် ၁၅ ပေခန့်သာရှိသဖြင့် ယာဉ်မတော်တဆမှု မကြာခဏဖြစ်ပေါ်လေ့ရှိရာ ယခုကတ္တရာလမ်းအကျယ် ၂၄ ပေကို ရထားလမ်းပိုင်းဆောင်ရွက်ခြင်းနှင့်အတူ တစ်ပြိုင်တည်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း လမ်းဦးစီးဌာန အငယ်တန်းအင်/ယာ-၂ (မြို့ပြ) ဒေါ်မြင့်မြင့်အောင်၏ ပြောကြားချက်အရ သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# ကနီ–မင်းကင်းသွားလမ်းပိုင်းမှ သုံးမိုင်နှစ်ဖာလုံအား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်



**ကနီ နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကနီ-မင်းကင်း လမ်းအပိုင်းတွင် ကနီမြို့အဝင် မိုင်တိုင်အမှတ် ၀/၀မှ ၃/၂ မိုင်အထိ ကတ္တရာလမ်းသစ် ခင်းခြင်းလုပ်ငန်းများကို အောက်တိုဘာလဆန်းမှ မြို့နယ်လမ်းဦးစီးဌာနက ကျောက်စီခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီး ယခုကတ္တရာလောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ လမ်းဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကနီမြို့နယ်အတွင်း ကျောက်ချောလမ်းခင်းခြင်း၊ တံတားအသစ်များဆောက်လုပ်ခြင်း ပြုပြင်ခြင်း၊ ကတ္တရာလမ်းပြင်ထိန်းလုပ်ငန်းများနှင့် လမ်းအသစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အခုဒီကနီ-မင်ကင်းလမ်းအပိုင်းမှ အရှည် ၃ မိုင် ၂ ဖာလုံကို လမ်းအကျယ် ၁၂ ပေ၊ ဒု ၈ လက်မရှိ ကတ္တရာလမ်းအသစ်ကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ၂၉၂ ဒသမ ၃၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး ကျောက်စီခြင်းနှင့် ကတ္တရာလောင်းခြင်းများ ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်" ဟု မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သန်းငွေအောင်(ကနီ)**

# နွေရာသီ ရေအခက်အခဲမရှိစေရေးအတွက် ရေပေးဝေနိုင်ရန်ရေစင်များဆောက်လုပ်

**မိတ္ထီလာ နိုဝင်ဘာ ၇**

မိတ္ထီလာမြို့ စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်း ၅၀ နှင့်အထက် မြို့ရေပေးဝေရေးလုပ်ငန်းများဖြစ်သည့် ပြည်ထောင်စုတိုးချဲ့ရပ်ကွက်နှင့် ပေါက်ချောင်းတိုးချဲ့ရပ်ကွက်များတွင် နွေရာသီတွင် ရေများအခက်အခဲမရှိစေရေးအတွက် ရေပေးဝေနိုင်ရန် အဆိုပါရပ်ကွက်များတွင် ရေစင်များဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်များတွင် နွေရာသီတွင် ရေများအခက်အခဲမရှိစေရေးအတွက် ရေပေးဝေနိုင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မြို့ပေါ်ရပ်ကွက်များအတွင်း ပြည်ထောင်စုတိုးချဲ့ရပ်ကွက်နှင့် ပေါက်ချောင်းတိုးချဲ့ရပ်ကွက်များတွင် နွေရာသီတွင် ရေများအခက်အခဲရှိနေ၍ အဆိုပါရပ်ကွက်များ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ပြီး မျိုးသစ်ထွန်းကုမ္ပဏီမှ တာဝန်ယူ၍ ဂါလန် ၁၂၀၀၀ ဆံ့ အမြင့်ပေ ၄၀ ရှိ (Steel Structure) ရေစင်တစ်စင်စီ ဆောက်လုပ်လျက်ရှိရာ ရေစင်များဆောက်လုပ်ပြီးစီးပါက ရေဖြန့်ဝေနိုင်ရေးအတွက် ရေတိုင်များ ဆောင်ရွက်ပြီး မိတ္ထီလာကန်မှရေများ ရေစက်ကြီးများဖြင့်တင်၍ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိက ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# သဲတော–ဝမ်းတွင်းမြို့တွင်းလမ်းမကြီး ကတ္တရာထပ်ပိုးလွှာခင်း

**ဝမ်းတွင်း နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေများခွဲဝေပြီး မြို့တွင်းလမ်းများကို အဆင့်မြှင့်တင် ခင်းကျင်းဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃ ရက်က သဲတော-ဝမ်းတွင်းမြို့တွင်းလမ်းမကြီးအား ကတ္တရာထပ်ပိုးလွှာခင်းကျင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စည်းကြပ်ခွန်အမျိုးမျိုးမှ ကောက်ခံရရှိသည့် အခွန်ငွေများထဲမှ ဘဏ္ဍာနှစ်အလိုက် မြို့ပြသန့်ရှင်းသာယာလှပရေး၊ မြို့တွင်းလမ်း တံတားများ ဖွံ့ဖြိုးရေးစသည့်လုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်လျက်ရှိသည်။

ယခုခင်းသည့်လမ်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၈၆ ဒသမ ၈၀၀ သန်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းကျင်းခြင်းဖြစ်ကြောင်း၊ လမ်းအရှည် ပေ ၃၃၀၀၊ လမ်းအကျယ် ပေ ၃၀၊ အမြင့် လေးလက်မဖြစ်ပြီး ရွှေသုခဝင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေလှိုင်(ဝမ်းတွင်း)**



ခရီးသွားပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် ရန်ကုန်ဘူတာကြီးရှေ့ရှိ ပျက်စီးယိုယွင်းနေသောလမ်းများ ပြုပြင်ခြင်းကို ရထားရဲတပ်ဖွဲ့ အမှတ် ၃ တပ်ဖွဲ့မှူး၏ကွပ်ကဲမှုဖြင့် အမှတ် ၁၃ တပ်ခွဲမှူး ဒုတိယရဲမှူးပီတာမြင့်သိန်း ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၀ ဦးတို့က နိုဝင်ဘာ ၂ ရက် ညနေ ၅ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- ကျော်စိုးမိုး

# ပုသိမ်–မုံရွာလမ်းမကြီးအား လမ်းချဲ့ခြင်းနှင့် မြေသားလမ်းပခုံးတင်ခြင်း ဆောင်ရွက်

**မြိုင် နိုဝင်ဘာ ၇**

ပြည်သူများသွားလာရေး လွယ်ကူချောမွေ့စေပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်းရှိ ပုသိမ်-မုံရွာလမ်းမကြီးအား လမ်းချဲ့ကတ္တရာခင်းခြင်းနှင့် မြေသားလမ်းပခုံးတင်ခြင်းကို ငွေးပင်လယ်ကျေးရွာအုပ်စု သံမြေကျင်းကျေးရွာလမ်းဆုံမှ လင်းကတောကျေးရွာလမ်းပိုင်းထိ မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီက နိုဝင်ဘာ ၄ ရက်တွင် အလယ်ကန်ကျေးရွာအုပ်စု လယ်စုကျေးရွာအနီး၌ ဆောင်ရွက်လျက်ရှိသည်။

ယင်းလမ်းမကြီးဆောင်ရွက်မှုတွင် လမ်းလုပ်သား ၁၂၀ ကျော်၊ ယာဉ် ၁၂ စီး၊ လမ်းကြိတ်စက်ကြီးလေးစီးတို့ဖြင့် အဖွဲ့လေးဖွဲ့ခွဲ၍ အရှည် ၁၆ မိုင်၊ ယခင်လမ်းအကျယ် ၁၂ ပေကို ၁၈ ပေအဖြစ် လမ်းချဲ့ခြင်း၊ အမြင့်လေးလက်မထပ်မံမြှင့်တင်ခြင်းနှင့် မြေသားလမ်းပခုံးထပ်ပိုးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း လမ်းလုပ်သားခေါင်းဆောင် ဦးမင်းမင်းက ပြောပြသည်။

**အောင်ကျော်မြင့်**



# မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ခရိုင်ချင်းဆက်လမ်းပေါ်ရှိ တံတားဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေး

**ကျိုက်ထို နိုဝင်ဘာ ၇**

မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့အကြား ခရိုင်ချင်းဆက်လမ်းပေါ်ရှိ တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင် သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးသည် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာရှိ ဝင်းကံကျေးရွာနှင့် ရွှေကျင်မြို့နယ် ရှမ်းစုကျေးရွာအကြား ကျုံပကူးချောင်းပေါ်ရှိ ကျုံပကူးတံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိလာရာ တံတားဆောက်လုပ်ရေး တာဝန်ခံအင်ဂျင်နီယာက တံတားတည်ဆောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တံတားဆောက်လုပ်ရေး ဘိုးပိုင်ရိုက်လုပ်ငန်းအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ကျုံပကူးတံတားသည် မွန်ပြည်နယ် သထုံခရိုင်နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်တို့အကြားတွင် ခရိုင်ချင်းဆက်လမ်းပေါ်ရှိတံတားဖြစ်ပြီး အရှည်ပေ ၂၀၀၊ ဘိုးပိုင်ရိုက် သံကူကွန်ကရစ်အမျိုးအစား တစ်လမ်းသွားတံတားဖြစ်သည်။ ယင်းတံတားနှင့်အတူ ဝင်းကံကျေးရွာအတွင်းမှ ရွှေမြောင်းချောင်းပေါ်ရှိအရှည်ပေ ၃၀ ရှိ ရွှေမြောင်းတံတားကိုလည်း တည်ဆောက်မည်ဖြစ်သည်။

ယင်းတံတားနှစ်စင်းအား သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောက်လုပ်ခြင်းဖြစ်ပြီး တံတားနှစ်စင်းအတွက် ခွင့်ပြုငွေမှာ ငွေကျပ် ၂၁၁ ဒသမ ၆ သန်းဖြစ်ကြောင်း သိရသည်။

**ရဲခေါင်ဦး**

# လက်တွေ့အသုံးချဆေးနည်းတိုများ(၁၃)

ကြည်လွင်မြင့်(မုဒြာ)

**ဆရာ ကျွန်တော့်ရဲ့မြေးလေးက အသက် တစ်နှစ်နဲ့ နှစ်လကျော်ပါပြီ။ စကား ကောင်းကောင်း မပြောလို့ အထူးကုဆရာဝန်ပြတော့လည်း အာဟာရဖြစ်တာကျွေးပါ။ အချိန်တန်ရင် ပြောလာလိမ့်မယ်လို့ပြောပါတယ်။ တိုင်းရင်းဆေးနည်းများ ရှိပါသလားဆရာ။ ဘယ်လို လုပ်သင့်တယ်ဆိုတာ ညွှန်ကြားပေးပါ။**

ကြက်ဟင်းခါးရွက်အရည်ညှစ်၊ ပျားရည်ဆတူရောကလေးလျှာပွတ်ပေးပါ။ တစ်နေ့ လေး၊ ငါးကြိမ်ပွတ်ပေးပါ။ ထွေးထုတ်ရင်း စကားပြောလာပါလိမ့်မယ်။ ရှေးသူငယ်နာဆရာကြီးများ ဖြစ်ပါတယ်။

**ဆရာ ချော်လဲပြီး ဒူးနာတာကြာပြီ။ မပျောက်ပါ။ ဒူးခေါင်းအရွတ်ကွာတယ်လို့ ပြောပါတယ်။ ဘယ်လိုလုပ်ရပါမလဲရှင့်။**

သဘော်ာရွက်မီးကင် ဒူးပေါ်မှာအုပ်ပြီး အဝတ် ဒါမှမဟုတ် ပတ်တီးနဲ့ စည်းထားပါ။ ခုနှစ်ရက် စည်းပါ။ ရေချိုးတဲ့အချိန်မှာ အသစ်လဲပေးပါ။ တစ်နည်း ကိုယ်ရံကြီးဂမုန်းရွက်ကို ပျော့အောင် မီးကင် နှမ်းဆီသုတ်ပြီး ဒူးမှာပတ်ပြီးစည်းပါ။ နှစ်နာရီကြာစည်းပြီးရင် ဖြေပေးပါ။ ယားပြီး ယားပိန့်ထွက်ရင် သနပ်ခါးနဲ့ဆား ရောသွေးလိမ်းပါ။

**တုပ်ကွေးဖျားပြီး နေမကောင်းဖြစ်တာ ခုနစ်ရက်လောက်ကြာပါပြီ။ အခု နေကောင်းတော့လည်း ခံတွင်းပျက်ပြီး အစားအသောက်တွေ မစားချင် မသောက်ချင် ခံတွင်းမလိုက် ဖြစ်နေပါတယ်။ ဘယ်ဓာတ်စာ စားသင့်တယ်ဆိုတာကို ညွှန်ကြားပေးပါ။**

နေမကောင်းရင် ခံတွင်းပျက်ရင် ငါးဖယ်အောင်းကြော်စားပါ။ ငါးဖယ်အောင်းဟာ ရေချို ငါးလေးမျိုးဖြစ်ပါတယ်။ လူကြီးလက်တစ်ဝါးလောက်အရွယ်ရှိမှ စားကောင်းပါတယ်။ မီးကင်ရင် ဖြစ်ဖြစ်၊ ဆီပူထိုးပြီးကြော်ရင်ဖြစ်ဖြစ် အပေါ်ယံက ငွေရောင်အရေခွံလေး ကြွပ်ရွသွားရင် မွှေးတဲ့ ငါးအသားနံ့လေးထွက်လာပြီး အစားစားချင်စိတ်ကို ချက်ချင်းဖြစ်ပေါ်စေတယ်။ ကလေးငယ်တွေ မုန့်စားပြီး ထမင်းမစားဖြစ်နေရင် မိခင်တွေက ငါးဖယ်အောင်းကို မီးကင်ပြီး ထမင်းဆီဆမ်းနဲ့ ဝါးကျွေးရင် ထမင်းဝင်တာကို တွေ့ရတယ်။ (ငါးဖယ်အောင်း မီးကင်ကျွေးရင် သူငယ်နာ ကင်းတယ်လို့ ရှေးလူကြီးတွေ ပြောကြတယ်) လူကြီးတွေ အစားပျက်ရင် ငါးဖယ်အောင်း ငါးပိကောင်ကို ငရုတ်သီးတောင့်ကြော်နဲ့ ဆီမွှေးမွှေးဆမ်းကျွေးရင် ထမင်းဝင်အောင်စားနိုင်တာကို လက်တွေ့ တွေ့ရဖူးတယ်။ အာလူးအစိုကြော်၊ ကန်စွန်းရွက်ဟင်းချိုနဲ့ လိုက်ဖက်ပါတယ်။

**ဆရာ ကျွန်မသမီးအသက် ခြောက်နှစ်ပါ။ ချောင်းဆိုးပြီး ချွဲအဝါတွေထွက်လို့ ပိုးသတ်ဆေးနဲ့ ချောင်းဆိုးပျောက်ဆေးရည်သောက်တာ အရှင်းမပျောက်သေးဘဲ ချောင်းခြောက်ဆိုးသလိုဖြစ်တာ ကျန်နေပါသေးတယ်။ ညဘက်မှာ ပိုပြီး ဆိုးပါတယ်။ လမ်းညွှန်ပေးပါဦး ဆရာ။**

ဆားကို ကွမ်းရွက်နဲ့ ဆားအထုပ်လေးတွေကို သံပြားပေါ်မှာတင် အောက်ကနေ မီးအပူပေးရင် ကွမ်းရွက်ဆားမီးဖုတ်ရမယ်။ အဲဒီဆားကို သံပရာရည်နဲ့ဖျော်ပြီး လျက်ပေးပါ။ ချောင်းခြောက်ဆိုး ရောဂါပျောက်ပါတယ်။







**ညအိပ်မပျော်လို့ အိပ်ပျော်စေနိုင်တဲ့ဆေးနည်း၊ ဓာတ်စာ သင့်တော်သလို ညွှန်ကြားပေးစေလိုပါတယ်။**

အိပ်မပျော်သူတွေအတွက် သင့်တော်တဲ့ဓာတ်စာမှာ ငှက်ပျောသီးဖီးကြမ်းဖြစ်ပါတယ်။ ရှေးဆရာကြီးတွေက မနက် သဘော်၊ ညငှက်ပျောသီးဖီးကြမ်းဖြစ်ပါတယ်။ ငှက်ပျောသီး ဖီးကြမ်းအခွံအတွင်းမှာရှိတဲ့ အမြေးအမျှင်လေးတွေဟာ အစာအိမ်အချွဲအမြေးပါတဲ့ ရောဂါကို ကုစားနိုင်တယ်။ အစာအိမ်လေပူထပြီး အိပ်မပျော်တဲ့ ရောဂါကို သက်သာစေနိုင်တယ်။ လူအများက ငှက်ပျောသီးစားရင် အဲဒီဆေးဖက်ဝင်တဲ့ အခွံကို လွှင့်ပစ်လေ့ရှိသည်။ အခွံအတွင်းက အမြေးလေးတွေကို ဇွန်းနဲ့ခြစ်ယူပြီး ပျားရည်တစ်ဇွန်းရောစပ်စားပေးရင် လေပူငြိမ်ပြီး ည အိပ်ပျော်စေနိုင်တယ်။

**ဆရာရှင့်၊ မျက်စိပါဝါ အဝေး ၁၇၅ ရှိပါတယ်ဆရာ။ မြင်းခွာရွက်ကို လက်တစ်ဆုပ်စာ နေ့တိုင်းကြိတ်ပြီး အရည်သောက်ပါတယ်။ ဘေးထွက်ဆိုးကျိုးဖြစ်နိုင်ပါသလား။ ခေါင်းပူ ချွေးထွက်ဖြစ်လာလို့ မြင်းခွာရွက်က အပူစာလို့ တချို့က ပြောကြပါတယ် ဟုတ်ပါသလားရှင့်။**

မြင်းခွာရွက်က အအေးပါ။ ဝမ်းတွင်းက အပူရှိရင် ပြန်ကန်ပြီး ခေါင်းချွေးထွက်နိုင်ပါတယ်။ ခေါင်းချွေးထွက်ပျောက်အောင် ခြေဖဝါးဆားပွတ် ဒူးအပေါ်ကနေ ရေလောင်းခြေဆေး ညအိပ်ရာဝင်ချိန်တိုင်း ပြုလုပ်ပေးပါ။ မန်ကျည်းဖျော်ရည်မှာ ဆားခါး ဟင်းစားဇွန်း တစ်ဇွန်းထည့်ဖျော်သောက်ပါ။ တစ်ပတ် တစ်ကြိမ်သောက်ပါ။ ဝမ်းမှန်၊ အပုပ်နိုင်မျက်စိကြည်၊ အညောင်းပြေပြီး ခေါင်းချွေးထွက် သက်သာစေနိုင်ပါတယ်။

**ကျွန်မအသက် ၄၅ နှစ်ကျော်ပါ။ သွေးဆုံးခါနီးလို့လား မသိပါ။ မျက်နှာမှာ တင်းတိပ်တွေ ထွက်လာပါတယ်။ စားဆေး၊ လိမ်းဆေးတွေ သိရှိလိုပါတယ်။**

မုရိုးပင် ခေါ် ဖြူကြီးပင် အစေးကို နနွင်းနဲ့ ရောစပ်လိမ်းရင် မျက်နှာမှာရှိတဲ့ တင်းတိတ်တွေ ပျောက်တယ်လို့ ဆေးနည်းတိုကျမ်းတွေမှာ တွေ့ရှိရပါတယ်။ ရဲယိုရွက်ကို ငါးခုနဲ့ရောချက်စားပါ။ ရဲယိုသီးအမှည့်ကို ထန်းလျက်နဲ့ ခေါက်စားရင် သွေးဆုံးကိုင်ဝေဒနာအတွက် ကောင်းတယ်လို့ ဆေးကျမ်းတွေအဆိုအရ သိရပါတယ်။

**ဆရာရှင့် ကျွန်မ မကြာခဏ အသားတစ်နေရာတည်း လှုပ်တတ်ပါတယ်။ ဒီနေ့ အောက် နှုတ်ခမ်းက တအား လှုပ်နေတာ၊ နှုတ်ခမ်းတောင် ရွဲ့မတတ်ပါ။ ဘယ်လို ကြောင့်ဖြစ်တာလဲ ဘယ်လိုလုပ်ရမလဲ ဆရာ။ ကျေးဇူးပြုပြီး ရှင်းပြပေးပါ။**

မျက်နှာ အသားလှုပ်ရင် နနွင်းမှုန့်ကို မီးကျီးခဲပေါ်ဖြူးမှိုင်းရှူပေးပါ။ တစ်နေ့ နှစ်ကြိမ်၊ သုံးကြိမ်ရှူပေးပါ။ မနက်အိပ်ရာထရင် မျက်နှာသစ်ပြီးမှ သွားတိုက်ပါ။ လေတိုက်ထဲ ထွက်ထိုင်တာ၊ ပြတင်းပေါက်ဖွင့်အိပ်တာ၊ အအေးခံတာ၊ ဆိုင်ကယ်စီးတာတွေ ရှောင်ကြဉ်ပါ။

**ဆရာရှင့် ကျွန်မတော်တော်ပိန်ပါတယ်။ ဝချင်လို့ အစားများများ စားပေမယ့်လဲ ဝမလာပါ။ ဘယ်ဆေးဝါး၊ ဓာတ်စာ စားရပါမလဲ သိချင်ပါတယ်။**

လောကနိယာမအရ ဝတဲ့သူတွေက ပိန်ချင်ကြပြီး ပိန်တဲ့သူတွေကလည်း ဝပြီးလှချင်ကြတယ်။ အတော်အသင့် ဝတာဟာ စိုပြည်တဲ့သဘော၊ ကျန်းမာရေးကောင်းမွန်တဲ့သဘောကို ဆောင်ပါတယ်။ ဝလို့ လှလို့ဆိုပြီး ကျန်းမာသူတွေကို ပြောလေ့ရှိကြပြီး "ပိန်သွားတယ်နော်" လို့ဆိုရင် ကျန်းမာရေးချို့ယွင်းတယ်လို့ မှတ်ယူကြပါတယ်။ ပိန်သူတွေ ဝလာဖို့ ဆေးကုလို့ရတယ်။ ပိန်တာဟာ ရောဂါတစ်မျိုး ဖြစ်တယ်လို့ အာယုဗေဒ ဆေးကျမ်းတွေမှာ ဖော်ပြတယ်။ ကိသရောဂ (ပိန်နာ) လို့ရှိတယ်။ အဲဒါနဲ့ ဆန့်ကျင်ဘက် မေဒါရောဂ (ဝနာ) လို့လဲရှိတယ်။ ဒါကြောင့် ပိန်လွန်းတာ၊ ဝလွန်းတာဟာ မကောင်း၊ အလယ်အလတ်ရှိတဲ့ ခန္ဓာကိုယ်ကပဲ ကျန်းမာတဲ့ ရုပ်လက္ခဏာရှိတယ်လို့ဆိုတယ်။ ပိန်တဲ့သူတွေ ဝလာအောင်ပြုလုပ်တဲ့နည်းမှာ ၁။ အာရုံ၊ ၂။ ဌာန၊ ၃။ အာဟာရဆိုတဲ့ နည်းသုံးနည်းနဲ့ ကုသပေးရမယ်လို့ ဆိုတယ်။ ဝလာအောင် အာဟာရ အကောင်းစားတွေ ချည်းစားနေရုံနဲ့ မရနိုင်ပါ။ ဆေးသောက်ရုံနဲ့လည်း ဝမလာနိုင်ပါ။ အာရုံဌာနတို့မှာ စိတ်ချမ်းသာတဲ့နေရာ၊ ကိုယ်ချမ်းသာတဲ့နေရာတို့မှာ နေထိုင်ရဖို့လည်းလိုတယ်။ အစားလည်း စားရမယ်။အစာလည်းကြေရမယ်။ ဆီး၊ ဝမ်း၊ သွေး၊ လေလည်းမှန်ရမယ်။ ဒီလေးချက်ညီမျှမှ ဝလာနိုင်မယ်လို့ ဆေးကျမ်းတွေကဆိုတယ်။

**ဆရာ သမီးအသက် ၂၉ နှစ်ပါ။ တော်တော် ဝလာတယ် ဆရာ။ အစားလျှော့ပြီး ဝိတ်ထိန်းလည်း မရဘူးဖြစ်နေတယ်ရှင့်။ ဘာရောဂါမှတော့ မရှိပါ။ လွယ်ကူတဲ့ ဆေးနည်းလေးရှိရင် ပြောပြပါဆရာ။ အဆီကျချင်ပါတယ်ရှင့်။**

အဆီကျစေဖို့ ဘေးထွက်ဆိုးကျိုးမရှိဘဲ ကောင်းတာ တိုင်းရင်းဆေးက သုတေသနပြုလုပ်ထားတာရှိပါတယ်။ ဝါးရွက်ကိုပြုတ်ပြီး နေ့စဉ်မတ်ခွက်တစ်လုံးစာ ပြုတ်ရည်ကိုသောက်ပါ။ ဝါးရွက်အမျိုးမျိုးရပါတယ်။ ကြခတ်ဝါးရွက်က ပိုကောင်းတယ်လို့ သုတေသနက ဆိုပါတယ်။ အစားအသောက်ကိုလည်း ထမင်းကို လျှော့စား။ အသီးအနှံကို များများစား။ အချို၊ အဆိမ့် အရသာများတဲ့အစာတွေကို တတ်နိုင်သမျှ ရှောင်စားဖို့လိုပါတယ်။ ဝတဲ့သူအတော်များများဟာ အဆီကို ရှောင်စားပြီး အချိုနဲ့ အရည်တွေကို ရှောင်ရမယ်ဆိုတာ သတိမပြုမိကြပါဘူး။ အဆီထက် အချိုဓာတ် ရှောင်စားတာက ဝတာကို ထိန်းဖို့အတွက် ပိုအရေးကြီးပါတယ်။

**ထမင်းစားပြီး ရေအေးသောက်တာနဲ့ ရေနွေးကြမ်းသောက်တာ ဘယ်ဟာကပိုပြီး သင့်တော်ပါသလဲဆရာ။**

ဝချင်ရင် ထမင်းစားပြီး ရေအေးသောက်။ ပိန်ချင်ရင် ထမင်းစားပြီး ရေနွေးသောက်လို့ အဆိုရှိပါတယ်။ အမှန်ကတော့ ထမင်းစားပြီးချက်ချင်း ရေအေးမသောက်သင့်ပါ။ အထူးသဖြင့် အချိုရည်နဲ့ အအေးသောက်ရင် အစာမကြေဖြစ်စေနိုင်ပါတယ်။ ရေနွေးကြမ်းသောက်ခြင်းဟာ အစာကြေဖို့အတွက် အထောက်အကူဖြစ်စေနိုင်ပါတယ်။

**ဆရာ ကျွန်တော် လွန်ခဲ့တဲ့သင်္ကြန်တွင်းက ရေပိုက်နဲ့ နားထဲကို အထိုးခံရဖူးပါတယ်။ နားကိုက် နာအူရောဂါ ဆေးရုံ၊ ဆေးခန်းတွေပြပြီး တစ်လကြာ ခံစားရဖူးပါတယ်။ နားတစ်ဖက်ပဲကြားရပြီး ကျန်နားတစ်ဖက်မှာ ကောင်းကောင်းမကြားရတော့ပါ။ တစ်ခါတစ်ရံမှာ လေချွန်သလို စီကနဲအသံမြည်လို့ ညအိပ်မရဖြစ်ပါတယ်။ တော်တော်ခံရခက်တဲ့ဝေဒနာဖြစ်ပါတယ်။ ဆေးနည်းပေးစေလိုပါတယ်။**

မျက်စိအဆုံး၊ နားအရှုံးဆိုတဲ့ ဆိုရိုးစကားရှိပါတယ်။ သင်္ကြန်တွင်း ရေကစားပြီး နားထိခိုက်သူတွေ ရှိပါတယ်။ နားရောဂါဖြစ်ရင် စိတ်ရှည်ရှည်နဲ့ ကုသသင့်ပါတယ်။ နားနှင့်ပတ်သက်သည့် ဆေးနည်းတိုများ-

- နားကိုက်ရင် မုန်ညင်းဆီကို ကြေးဇွန်းမှာထည့် မီးအပူပေးပြီး ခပ်နွေးနွေး နားထဲ လောင်းထည့်ပေးပါ။
- နားအူရင် ရွက်ကျပင်ပေါက်ရွက်ကို မီးကင်ပြီး ညှစ်လို့ရတဲ့ အရည်ကို နာထဲထည့်ပေးပါ။
- နားလေးရင် ကြောင်လျှာသီးကို မီးအုံးပြီး အရည်ညှစ်ယူပါ။ အဲဒီနောက် နားထဲကို တစ်နေ့ နှစ်ကြိမ်ထည့်ပေးပါ။
- နားပင်းရင် ကြောင်လျှာသီးကို ပြုတ်ပြီး သံပရာသီးညှစ် သုပ်စားပါ။
- နားပြည်ယိုရင် ကြိတ်မှန်ရွက်အရည်နဲ့ အုန်းဆီရောပြီး နားကြပ်ပေးပါ။
- နားပြည်ယိုပြီး နားကိုက်ရင် ဖြူကြီး(မုရိုးပင်) အရွက်ရင့်ရင့်ကို ထောပတ်သုတ်၊ မီးကင်ပြီး အရည်ညှစ်ယူကာ နားထဲကိုထည့်ပေးပါ။
- နားလေထွက်ရင် ကြက်သွန်နီဥ အရည်ညှစ်ထည့်ပေးပါ။
- နားအူ၊ နားလေထွက်ရင် တရုတ်စံကားပွင့်ကို နားမှာ ပိတ်ဆို့ထားပါ။ အပွင့်ကိုပြုတ်ပြီး အသုပ် သုပ်စားပါ။
- နားအူ၊ နားအုံကိုက်ရင် သဘော်ာရွက်ကို မီးအုံးပြီး အတို့ အမြုပ်လုပ်စားပေးပါ။

# “ဧရာဝတီ” ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အမျိုးသားမြစ်ကြီး

ပါမောက္ခမောင်မောင်အေး(ဘူမိရုပ်သွင်)

**နိဒါန်း**

စာရေးသူသည် လွန်ခဲ့သည့် နှစ်ပေါင်း ၄၅ နှစ် နည်းပြဆရာဘဝတွင် မွန်ပြည်နယ် မော်လမြိုင်ဒီဂရီကောလိပ် ပထဝီဝင်ဌာနသို့ ပထဦးဆုံးအကြိမ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စဉ် ၁၉၇၁ ခုနှစ်ခန့်ကတည်းက ကြေးမုံ၊ လုပ်သားပြည်သူ့နေ့စဉ်၊ မြန်မာ့အလင်းနှင့် ဗိုလ်တထောင်စသော နေ့စဉ်ထုတ်သတင်းစာများတွင် ပထဝီဝင်ပညာအသုံးချ သုတပဒေသာဆောင်းပါးများကို မကြာခဏ ရေးသားပေးပို့ခြင်းဖြင့် စာပေလောကသို့ ချင်းနင်းဝင်ရောက်ခဲ့ဖူးပါသည်။ သို့စေကာမူ သုံးနှစ်ခန့်အကြာတွင် ၁၉၇၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ မြန်မာအစိုးရ၏ နိုင်ငံခြားပညာတော်သင်အဖြစ် (Australia) နိုင်ငံ၊ (James Cook University of North Queensland) တွင် ဘွဲ့လွန်ပညာရပ်များကို ဆက်လက်ဆည်းပူးရန် သွားရောက်ခဲ့ရပါသည်။ ပညာသင်ခရီးမှ အမိမြေသို့ ပြန်လည်ရောက်ရှိပြီးသည့်နောက်ပိုင်းတွင်လည်း အကြောင်းကြောင်းသော အကြောင်းများကြောင့် သတင်းစာဆောင်းပါးများရေးသားခြင်းလုပ်ငန်းကို လုပ်ကိုင်နိုင်ခြင်းမရှိခဲ့တော့သည်မှာ ယနေ့တိုင်အောင်ဖြစ်ပါသည်။ အခြေခံပညာ ကျောင်းသုံးပြဋ္ဌာန်းပထဝီဝင်သင်ရိုးစာအုပ်များရေးသားပြုစုခြင်းလုပ်ငန်း၊ အဆင့်မြင့်ပညာ၊ တက္ကသိုလ်ကျောင်းသုံးပြဋ္ဌာန်းပထဝီဝင်သင်ရိုးစာအုပ်များ ရေးသားပြုစုခြင်းလုပ်ငန်း၊ မြန်မာနိုင်ငံတွင်ပထဝီဝင် ပညာရပ်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဗဟိုအဆင့် မွမ်းမံသင်တန်းများကို ကိုယ်တိုင်ဦးစီးပို့ချပေးခြင်းလုပ်ငန်း၊ သင်ကြားရေးနှင့်သုတေသနလုပ်ငန်းများ၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများစသဖြင့် စဉ်ဆက်မပြတ် မအားမလပ်ဖြစ်နေခဲ့ခြင်းသည် အဓိကအကြောင်းရင်းများဖြစ်ခဲ့ပါသည်။ သက်ဆိုင်ရာတက္ကသိုလ်နှစ်လည်မဂ္ဂဇင်းများ၊ စာစောင်များအတွက် ဆောင်းပါးများကိုပင်လျှင် အတော်ကြိုးစားပြီးရေးခဲ့ရပါသည်။ ပင်စင်ယူပြီးနောက်တွင်လည်း အများအကျိုး၊ လောကအကျိုး၊ ဓမ္မအကျိုးကိစ္စရပ်များဆောင်ရွက်ရင်း ယနေ့အထိ တာဝန်တွေ ပိနေပြန်ပါသည်။

ခင်မင်ရင်းနှီးသောမိတ်ဆွေအချို့ကလည်း “ဟိုအရင်တုန်းကလို သတင်းစာဆောင်းပါးများ ပြန်ရေးပါဦး၊ ပထဝီဝင်ပညာအသုံးချ သုတပဒေသာဆောင်းပါးများ၊ အထူးသဖြင့် ဆရာ့ရဲ့အထူးပြုပညာရပ်နယ်ပယ်ဖြစ်တဲ့ မြစ်ချောင်းများဆိုင်ရာ ဘူမိရုပ်သွင်ပညာ (Fluvial Geomorphology) နှင့် သက်ဆိုင်တဲ့ဆောင်းပါးတွေကို အများပြည်သူတို့အကျိုးအတွက် ဗဟုသုတဖြစ်စိမ့်သောငှာ ရေးသားစေလိုပါတယ်” လို့ မကြာခဏဆိုသလို တိုက်တွန်းနှိုးဆော်ကြပါသည်။

သို့ပါ၍ စာရေးသူအား စိတ်ရင်းကောင်းဖြင့် သတင်းစာဆောင်းပါးရေးရန် အစဉ်တစိုက် အားပေးတိုက်တွန်းလျက်ရှိသော မိတ်ဆွေရောင်းရင်းတို့၏ မွန်မြတ်သောဆန္ဒကို အချိန်မအားလပ်သည့်ကြားမှ ကြိုးစား၍ဖြည့်ဆည်းသည့်အနေဖြင့် “ဧရာဝတီ” ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားမြစ်ကြီး ဟူသောခေါင်းစဉ်ပါဆောင်းပါးကို ရေးသားတင်ဆက်လိုက်ပါသည်။ အထူးသဖြင့် ဤဆောင်းပါးတွင် ဧရာဝတီမြစ်ဝှမ်းဒေသကြီး (Ayeyarwady River Basin) (ဝါ) ဧရာဝတီရေဆင်းချိုင့်ဝှမ်းဒေသကြီး (Ayeyarwady Drainage Basin) ၏ ရူပပထဝီဝင်နှင့် ဘူမိရုပ်သွင်ဆိုင်ရာ ဝိသေသလက္ခဏာရပ်များ (Geomorphological Characteristics) ကို အကျဉ်းသဘောရေးသားတင်ပြမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံ၏ မြေကြော၊ ရေကြော**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် မြစ်ချောင်းများအလွန်ပေါများကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်ဟူသော အဓိကမြစ်ကြီး လေးစင်းနှင့် မြစ်လက်တက်ကြီးငယ်များ၊ ချောင်းကြီး၊ချောင်းငယ်များ၊ မြစ်ခွဲများစသည်ဖြင့် မြစ်ဝှမ်း၊ ချောင်းဝှမ်းပေါင်းမြောက်မြားစွာ ပါဝင်ဖွဲ့စည်းတည်ဆောက်ထားပါသည်။ နိုင်ငံအတွင်း မြောက်မှတောင်သို့ သွယ်တန်းနေသော တောင်တန်းများ (ဝါ) ဘူမိရုပ်သွင်ယူနစ်များ (morphotectonic units) က မြစ်များစီးဆင်းသည့် လားရာအရပ် (Direction/Alignment) ကို စိုးမိုးချယ်လှယ်နေပါသည်။ မြန်မာနိုင်ငံ၏ ရေဆင်းအဆင်ပုံစံ (Drainage Pattern) ကို ထိန်းချုပ်ထားသော အဓိကအချက်များမှာ မြေမျက်နှာသွင်ပြင်၊ ဘူမိကျောက်လွှာအမျိုးအစား၊ ကျောက်လွှာအနေအထားနှင့် ရာသီဥတု စသည်တို့ဖြစ်ပါသည်။

**အမျိုးသားမြစ်ကြီး**

ဧရာဝတီမြစ်ကြီးသည် မြန်မာနိုင်ငံ၏ အသက်သွေးကြော (Life Artery) ဖြစ်သည်ဟု ဦးစွာဆိုပါရစေ။

ဧရာဝတီမြစ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ယေဘုယျအားဖြင့် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းလျက်ရှိသောမြစ်ကြီးတစ်စင်းဖြစ်ပါသည်။ ကီလိုမီတာ ၂၁၇၀ (၁၃၄၈ မိုင်) ခန့် ရှည်လျားပြီး မြန်မာနိုင်ငံ၏ အရှည်လျားဆုံးနှင့် အကြီးဆုံးမြစ်ကြီးဖြစ်ပါသည်။ ဤမျှရှည်လျားသော မြစ်ကြီးတစ်စင်းအဖို့ နိုင်ငံများစွာကို ဖြတ်သန်းစီးဆင်းခြင်းမပြုဘဲ မြန်မာနိုင်ငံတစ်နိုင်ငံတည်း၏ အချုပ်အခြာအာဏာပိုင်နက်အတွင်း လုံးဝနီးပါး ကျရောက်တည်ရှိပြီး လွတ်လပ်စွာ တသွင်သွင်စီးဆင်းနေနိုင်ခြင်းမှာ လွန်စွာတွေ့ရခဲ၊ မြင်ရခဲလှသော ဝိသေသလက္ခဏာတစ်ရပ်ဖြစ်ပါသည်။ ထို့ပြင် ဧရာဝတီမြစ်သည် နိုင်ငံ၏အရေးအကြီးဆုံး ကုန်သွယ်ရေကြောင်းလမ်းကြီးလည်းဖြစ်ပါသည်။ ဧရာဝတီမြစ်ဝှမ်းဒေသတစ်ခုလုံးတွင် မြို့ပေါင်း ၂၁၅ မြို့၊ ရွာပေါင်း ၁၉၄၄၃ ရွာတည်ရှိပြီး စုစုပေါင်းလူဦးရေ ၃၇ သန်းခန့် မှီတင်းနေထိုင်လျက်ရှိကြပါသည်။ သို့ဖြစ်ရာ ဧရာဝတီမြစ်ကို မြန်မာနိုင်ငံ၏ အမျိုးသားမြစ်ကြီး (The Large National River of Myanmar) ဟု ကောင်းစွာခေါ်ဆိုနိုင်ပါသည်။ ဧရာဝတီကဲ့သို့သော အမျိုးသားမြစ်မျိုးကား ဤမြေကမ္ဘာဝယ် ရှာမှရှားလှပေသည်။

**မြစ်ဝှမ်းအခြေပြုနိုင်ငံ**

ဧရာဝတီမြစ်ဝှမ်းဒေသကြီးတစ်ခုလုံး၏ စုစုပေါင်းရေဆင်းချိုင့်ဝှမ်း ဧရိယာ (Drainage Area) မှာ စတုရန်းကီလိုမီတာ ၄၁၁၀၀၀ (၁၅၈၆၈၈ စတုရန်းမိုင်) ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စုစုပေါင်းဧရိယာအကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၆၇၆၅၈၁ (၂၆၁၂၂၈ စတုရန်းမိုင်)(ဧကပေါင်း ၁၆၇ ဒသမ ၂ သန်း) ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံစုစုပေါင်းဧရိယာ၏ ၆၀ ရာခိုင်နှုန်းခန့်ကို ဧရာဝတီမြစ်ဝှမ်းဒေသကြီးက နေရာယူထားကြောင်း သိရှိနိုင်ပါသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံသည် ဧရာဝတီ မြစ်ဝှမ်းဒေသကြီးကို အခြေပြုတည်ဆောက်ထားသော မြစ်ဝှမ်းနိုင်ငံ (Riverine State) တစ်ခုဖြစ်သည်ဟုဆိုနိုင်ပါသည်။ ဤမြစ်ဝှမ်းဒေသကြီးတွင် မြန်မာတို့၏ ရှေးဟောင်းအဆက်အနွယ်များသည် အစဉ်တစိုက် အခြေစိုက်နေထိုင်လာခဲ့ကြသည်မှာ ယနေ့တိုင်အောင်ဖြစ်ပေသည်။ ဤမြစ်ဝှမ်းဒေသကြီးတွင် ကျောက်ခေတ်ဟောင်း၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်သစ်ယဉ်ကျေးမှုများ၊ ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှုများ ထွန်းကားခဲ့သည်။ တိုင်းကားပြည်ရွာများ၊ မင်းနေပြည်တော်များ တည်ဆောက်ကာ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ခံ့ညားဝင့်ထယ်စွာ ခေတ်အဆက်ဆက်နေထိုင်လာခဲ့ကြပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံဆိုသည်မှာ ဧရာဝတီ၊ ဧရာဝတီဆိုသည်မှာ မြန်မာနိုင်ငံဟုပင်ဆိုနိုင်ပါသည်။ ဧရာဝတီမှာသာ လူသားတစ်ဦးကဲ့သို့ အသက်ရှိမည်ဆိုလျှင် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ခေတ်အဆက်ဆက်၊ နှစ်အဆက်ဆက်၊ ယဉ်ကျေးမှုအဆက်ဆက်၊ ရှည်လျားလှသော ဖွံ့ဖြိုးတိုးတက်လာမှုသမိုင်းကြောင်းကို မနားတမ်း ပြောပြနိုင်ရှာလိမ့်မည်ဟု ယုံကြည်မိပါသည်။

**ဧရာဝတီမြစ်ဆုံ**

ဧရာဝတီမြစ်သည် မြန်မာနိုင်ငံမြောက်ပိုင်း၊ ကချင်ပြည်နယ်အတွင်း၌ အရှေ့ဘက်မှ မေခမြစ် (N’mai Hka) နှင့် အနောက်ဘက်မှ မလိခမြစ် (Mali Hka) ဟုခေါ်သော မြစ်နှစ်သွယ်တို့ပေါင်းစပ်ပြီး ဖြစ်ပေါ်စီးဆင်းလာသည့် မြစ်ကြီးဖြစ်သည်။ မလိခသည် မြစ်ကြီးဟူသော အဓိပ္ပာယ်ဆောင်သော်လည်း ရေလုံးအင်အားမှာမူ မေခမြစ်ထက် များစွာလျော့နည်းသည်။ မေခမြစ်သည် ဧရာဝတီမြစ်ဖျားပိုင်းအတွက် ပိုမို၍ ပဓာနကျသောမြစ်ဖြစ်ပြီး ပင်မမြစ်ကြီးအား မလိခမြစ်ထက် ရေထုထည်ပမာဏ ပိုမိုထောက်ပံ့ပေးနိုင်ပါသည်။ မေခသည် မြောက်လတ္တီကျု ၂၈ ဒီဂရီမျဉ်းအနီး၊ တိဗက်ကုန်းပြင်မြင့်၊ ဆီးနှင်းရေခဲအမြဲဖုံးလွှမ်းထားသော တီလာကုန်းစိုင်ဒေသ (Tila Massif)ရှိ လန်ဂွီလာ ရေခဲမြစ် (Languela Glacier) မှ မြစ်ဖျားခံ၍ တောင်ဘက်သို့စီးဆင်းလာခဲ့ခြင်းဖြစ်ပါသည်။ မေခသည် ရေတံခွန်ပေါများပြီး ရေစီးသန်သဖြင့် မြစ်ကြောင်းသွားလာရေးအတွက်အသုံးမပြုနိုင်ချေ။ မလိခသည် ရေမော်များ (Rapids) အနည်းငယ်ရှိသော်လည်း အတန်ငယ်ရေကြောင်းသွားလာနိုင်သည်။ မေခနှင့် မလိခညီနောင်မြစ်နှစ်သွယ်တို့သည် ကချင်ပြည်နယ်မြို့တော်မြစ်ကြီးနားမြို့၏ မြောက်ဘက် ၄၅ ဒသမ ၉ ကီလိုမီတာ (၂၈ မိုင် ၄ ဖာလုံ) အကွာတွင် တည်ရှိသော တန်ဖရယ် (Damphet) ကျေးရွာအနီးတွင် ပေါင်းဆုံပြီး “ဧရာဝတီ’ ဟူသောအမည်ဖြင့် ဆက်လက်စီးဆင်းသွားပါသည်။ တန်ဖရယ်ဒေသတွင် ကုန်းမြေ၏အမြင့်မှာ ပင်လယ်ရေမျက်နှာပြင် အထက် ၁၄၇ မီတာ (၄၈၂ ပေ) ဖြစ်သည်။

**ပထမမြစ်ကျဉ်း**

ဧရာဝတီမြစ်ဆုံဒေသ (The Confluence of Ayeyarwady) ၏ တောင်ဘက်အနီးတစ်ဝိုက်တွင် ရေနည်းချိန်၌ မြစ်သည် ၀ ဒသမ ၄ ကီလိုမီတာ (၂ ဖာလုံ) မျှသာကျယ်ပြီး ရေအနက်မှာ ပင်မမြစ်ချိုင့်ကြောင်းအတွင်းတွင် ၉ ဒသမ ၁ မီတာ (ပေ ၃၀)ခန့်ရှိပါသည်။ ယင်းနောက် ဧရာဝတီသည် တောက်ဘက်သို့ ဆက်လက်စီးဆင်းလာရာ ရှေးဦးစွာ တောင်ကုန်းထူထပ်သောဒေသကို ဖြတ်သန်းစီးဆင်းပြီးမှ ပိုမိုကျယ်ပြန့်သောဒေသသို့ ရောက်ရှိလာရာ အချို့နေရာများတွင် မြစ်ပြင်၏အကျယ်မှာ ၀ ဒသမ ၈ ကီလိုမီတာ (မိုင်ဝက်) ခန့်ရှိပါသည်။ ထို့နောက် ရုတ်ချည်းဆိုသလိုပင် ဆင်ဘို (Sinbo) ၏တောင်ဘက်၌ ပထမမြစ်ကျဉ်း(The First Defile) အတွင်းသို့ဝင်ရောက်လာသည်။

ပထမမြစ်ကျဉ်းသည် မြစ်ကြီးနားမြို့မှ ၆၅ ကီလိုမီတာ (မိုင် ၄၀) အကွာတွင် တည်ရှိသည်။ ဤမြစ်ကျဉ်းသည် ၄၅ ဒသမ ၇ မီတာ မှ ၅၄. ၉ မီတာ (ကိုက် ၅၀မှ ကိုက် ၆၀) အထိသာကျယ်သည်။ မြစ်ကျဉ်းအတွင်း ရေစီးအလွန်သန်လှပြီး ရေဝဲကြီးများလည်းရှိသောကြောင့် ရေကြောင်းခရီးသွားလာရေးကို အခက်အခဲဖြစ်စေသည်။ ပထမမြစ်ကျဉ်းသည် ၆၄ ဒသမ ၄ ကီလိုမီတာ (မိုင် ၄၀) ခန့်ရှည်လျားသည်။ မြစ်တစ်ဖက်တစ်ချက်ရှိ ကမ်းပါးစောက်များသည် ၁၈ ဒသမ ၃ မီတာ (ပေ ၆၀) ခန့်မြင့်သည်။ သို့သော် အနီးဝန်းကျင်ရှိ တောင်များမှာမူ ၉၁၄ ဒသမ ၄ မီတာ (ပေ ၃၀၀၀) ခန့်အထိ မြင့်မားပါသည်။ ပထမမြစ်ကျဉ်း၏ အရှေ့ဘက်တွင် အတန်ငယ်ကျယ်ပြန့်သော ချိုင့်ဝှမ်းတစ်ခုသည် ပထမမြစ်ကျဉ်းနှင့်အပြိုင်တည်ရှိနေသည်။ ယင်းချိုင့်ဝှမ်းကျယ်သည် ဧရာဝတီမြစ်၏ မြစ်ကြောင်းဟောင်းနေရာ ဖြစ်နိုင်ပါသည်။ သဖန်းပင်အရပ် (Thaphanbin) တွင် ဧရာဝတီမြစ်သည် ပထမမြစ်ကျဉ်းမှထွက်လာပြီး ရုတ်တရက်ဆိုသလိုပင် ဗန်းမော်လွင်ပြင်(ဝါ)ဗန်းမော်ချိုင့်ဝှမ်း (Bhamo Plain or Bhamo Basin) သို့ ရောက်ရှိကာ ယင်းမြစ်ဝှမ်းမြေနုလွင်ပြင်ပေါ်တွင် ကွေ့ကာဝိုက်ကာနှင့် လွတ်လပ်စွာစီးဆင်းပါသည်။

**ဒုတိယမြစ်ကျဉ်း**

ဗန်းမော်တွင် ဧရာဝတီမြစ်သည် ရုတ်ချည်းပင် အနောက်ဘက်သို့ကွေ့ပြီးစီးဆင်းကာ မကြာမီ ဗန်းမော်မြစ်ဝှမ်းလွင်ပြင်အရပ်မှ ထွက်လာသည်။ ထို့နောက် မြစ်ကြောင်းတစ်လျှောက်တွင် ခံ့ညားထည်ဝါလှပမှုအရှိဆုံးရှုခင်းနေရာဟုကျော်ကြားသော ဒုတိယမြစ်ကျဉ်း (The Second Defile) သို့ ရောက်လာသည်။ မြောက်ဘက်ရှိ နုန်းတင်မြစ်ဝှမ်းလွင်ပြင်ကိုလွန်ပြီး ထုံးကျောက် (Limestone) ဖြင့် တည်ဆောက်ထားသော ကျောက်တောင်ဒေသကို ဖြတ်သန်းစီးဆင်းခြင်းပင်ဖြစ်သည်။ ဒုတိယမြစ်ကျဉ်း၏ အကျဉ်းမြောင်းဆုံးနေရာတွင် မြစ်ပြင်သည် ၉၁ ဒသမ ၄ မီတာ (ကိုက် ၁၀၀)ခန့်ကျယ်သည်။

မြစ်ချိုင့်ကြောင်း၏တစ်ဖက်တစ်ချက်ရှိ ဒေါင်လိုက်မြင့်မားသော မြစ်ကမ်းပါးစောက်များသည် အချို့နေရာတွင်၆၁မီတာမှ၉၁ ဒသမ၄မီတာ(ပေ ၂၀၀မှပေ ၃၀၀)အထိ မြင့်မားပါသည်။

**တတိယမြစ်ကျဉ်း**

ဒုတိယမြစ်ကျဉ်းမှလွန်သော် ဧရာဝတီမြစ်သည် နုန်းတင်မြေနုလွင်ပြင်ကို တစ်ဖန် ဖြတ်သန်းစီးဆင်းပြီး ကသာမြို့ (Katha) သို့ ရောက်ရှိလာသည်။ ကသာကိုလွန်သော် ဧရာဝတီမြစ်သည် တောင်ဘက်စူးစူးသို့ ဆက်လက်စီးဆင်းသည်။ ဧရာဝတီမြစ်သည် ယင်း၏မြစ်ဖျားဒေသမှ ကသာအထိ ယေဘုယျအားဖြင့် နဂိုမူလအောက်ခံကျောက်လွှာအနေအထားများအတိုင်း စီးဆင်းသည်ကိုတွေ့ရသည်။ ပညာရပ်ဝေါဟာရအလိုအရ အဦးရေဆင်း (Antecedent Drainage) ဟု ခေါ်သည်။ ကသာမှ မန္တလေးအထိ မြစ်ကြောင်းတွင် ဧရာဝတီမြစ်သည် အစောင်းကန့်လန့်ချိုင့်ဝှမ်း (Strike Valley) တစ်ခုအတိုင်း စီးဆင်းသည်။ (အောက်ခံကျောက်လွှာများ တိမ်းစောင်းလျက်ရှိသော အရပ်နှင့် ထောင့်မှန်ကျသော အရပ်မျက်နှာကို အစောင်းကန့်လန့်ဟုခေါ်သည်။) ကသာမှ တကောင်း (Tagaung) အထိ မြစ်ချိုင့်ကြောင်း၏ တစ်ဖက်တစ်ချက်ရှိ မြစ်ဝှမ်းလွင်ပြင်မှာ အဓိကအားဖြင့် မြစ်ဆောင်နုန်းမြေများဖြင့် တည်ဆောက်ထားသည်။ သပိတ်ကျင်းအရပ် (Thabeikkyin) ကိုလွန်သော် ဧရာဝတီမြစ်သည် သဲကျောက်များဖြင့်ပြီးသော ချောက် (Sandstone Gorge) တစ်ခုအတွင်းမှ ဖြတ်သန်းစီးဆင်းသည်။

ဤနေရာမှာ ဧရာဝတီ၏ တတိယမြစ်ကျဉ်း (Third Defile) ပင်ဖြစ်တော့သည်။ တတိယမြစ်ကျဉ်းသည် မန္တလေးမြို့မှ မြောက်ဘက် ၁၀၀ ကီလိုမီတာ (မိုင် ၆၀) အကွာတွင်တည်ရှိသည်။ ကဘွက်အရပ် (Kabwet) တွင် ရှေးဘူမိခေတ်အခါက မြေအောက်မှထွက်ခဲ့သော မီးတောင်ချော်လွှာထုတစ်ခုက ဧရာဝတီကို အနောက်ဘက်သို့ကွေ့ပြီး စီးဆင်းစေသည်။ ၎င်းမီးတောင်ချော်လွှာထုသည် စဉ့်ကူးကုန်းပြင်မြင့် (Singu Plateau)ဖြစ်သည်။ ဧရိယာ ၆၂ စတုရန်းကီလိုမီတာ (၂၄ စတုရန်းမိုင်) ကျယ်ဝန်းပြီး လေသာတောင် (Letha Taung) ဟုလည်းခေါ်သည်။ ဤနေရာမှလွန်သော် ဧရာဝတီသည် တောင်ဘက်ရှိ ကျယ်ပြန့်သော မန္တလေးနုန်းလွင်ပြင် (Mandalay Alluvial Plain ) သို့ ရောက်ရှိလာပါသည်။

**မန္တလေးအနီးမြစ်ကြောင်းအနောက်ဘက်ချိုးကွေ့မှု**

ဧရာဝတီသည် မန္တလေးအနီးတွင် ယင်း၏မြစ်ကြောင်းကို အနောက်ဘက်သို့ သိသိသာသာချိုးကွေ့လိုက်သည်။ အကယ်စင်စစ် ဧရာဝတီအဖို့ မန္တလေးမှ တောင်ဘက်စူးစူး စစ်တောင်းမြစ်ရှိသည့်နေရာသို့ ဆက်လက်စီးဆင်းလျှင် ပိုမိုလွယ်ကူနိုင်မည်ဖြစ်သော်လည်း ယခုကဲ့သို့ သိသာထင်ရှားသော အချိုးအကွေ့ကြီးဖြင့် အနောက်ဘက်သို့ မြစ်ကြောင်းရုတ်ချည်းပြောင်းလဲစီးဆင်းရခြင်းသည် ပုပ္ပားတောင် (Mt. Popa) (၁၅၁၈ ဒသမ ၂ မီတာ သို့မဟုတ် ၄၉၈၁ ပေ) မြေလွှာမြင့်တက်မှုကို ဖြစ်ပေါ်စေခဲ့သော မီးတောင်လှုပ်ရှားမှုဖြစ်စဉ် (Volcanism) ကာလနှင့် ဆက်နွယ်နိုင်သည်ဟု အချို့ပညာရှင်များကယူဆကြပါသည်။

မတူကွဲပြားသော အခြားအယူအဆများလည်း ရှိပါသေးသည်။ ဧရာဝတီ၏ အဓိကလက်တက်ကြီးဖြစ်သော ချင်းတွင်းမြစ် (Chindwin River)သည် မြင်းခြံမြို့ (Myingyan) အနီးတွင် ဧရာဝတီမြစ်မကြီးအတွင်းသို့ စီးဝင်ပေါင်းဆုံပါသည်။

**မိုးနည်းခြောက်သွေ့ဇုန်နှင့် မြစ်ကမ်းဆင့်များ**

မန္တလေးကိုလွန်သော် ဧရာဝတီသည် မြန်မာနိုင်ငံ၏ နှလုံးသည်းပွတ်ဒေသဟုခေါ်ဆိုနိုင်သော မိုးနည်းခြောက်သွေ့ဇုန် (Dry Zone) ကို ဖြတ်သန်းစီးဆင်းပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းခြောက်သွေ့ဇုန်သည် နှစ်စဉ်စုစုပေါင်းမိုးရေချိန် ၅၀၈ မှ ၁၀၁၆ မီလီမီတာ(၂၀ မှ ၄၀လက်မ)သာ ရရှိသည်။

ဤမိုးနည်းခြောက်သွေ့ရပ်ဝန်းတွင် သဲအနည်များဖြင့်တည်ဆောက်ထားသော မြစ်ကမ်းဆင့် (River Terraces) ငါးဆင့်ကိုတွေ့ရသည်။ ယင်းသဲအနည်များထက်ပိုမို၍ ဘူမိသက်တမ်းရင့်သော သဲကျောက်လွှာတွန့်များလည်းရှိသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

# ASIA GENERAL ELECTRIC HOLDING CO.,LTD.

ASIA GENERAL TRANSFORMER CO.,LTD.    ASIA GENERAL ELECTRIC CO.,LTD.

Mottama Holdings Ltd.

UPG UNITED PAINTS GROUP CO., LTD.

EDEN Hotels & Resorts

SINMA

မြန်မာ့ရွှေဆောင်ဘဏ်

SAN KAUNG INDUSTRY LIMITED

SUPER MEGA

PMG

KBK KABAR KYAW TRADING CO.,LTD.

APQ ASIA POWER QUALITY ELECTRIC CO.,LTD.

SWH SEIN WUT HMON CO., LTD.

THIDA Chan Myay Electrical Trading Co.,Ltd.

Kaung Thu Kha Trading Co.,Ltd.

S.A Lighting
Soe Aung Bros Electric's
(S.A Lighting)

Myanma Solar Rays Co.,Ltd.
Solar Rays Electrical Trading

PEACE MYANMAR ELECTRIC

krislite The light that outshines

NOVOTEL HOTELS

Asia General Electric Holding Co.,Ltd.

၏

33/0.4 kV, 1000 kVA and 11/0.4 kV, 315 kVA Transformer များအတွက်

Type Test Certificate

အား အောင်မြင်စွာ ရယူနိုင်ခဲ့ခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။

## ကြော်ငြာ


သီနဲ့ ဗုဒ္ဓဂယာအဖွဲ့၏ ဘုရားဖူးခရီးစဉ်များ

အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၄ ညအိပ် / ၁၅ ရက်)
ထွက်ခွာမည့်နေ့ရက်များ - အောက်တိုဘာ (အားလုံးပြည့်)၊ နိုဝင်ဘာ (အားလုံးပြည့်)၊ ဒီဇင်ဘာ (၄၊ ၁၁၊ ၁၈၊ ၂၃)၊ ဇန်နဝါရီ (၈၊ ၂၂)၊ ဖေဖော်ဝါရီ (၃၊ ၁၂၊ ၁၉၊ ၂၆)၊ မတ် (၅၊ ၁၂၊ ၁၉၊ ၂၆)၊ ဧပြီ (၂၊ ၉)။
အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၇ ညအိပ် / ၈ ရက်)
ထွက်ခွာမည့်နေ့ရက်များ - ဧပြီ (၁၂)။
သီရိလင်္ကာဘုရားဖူးခရီးစဉ် (၆ ညအိပ် / ၇ ရက်)
ဆောင်းရာသီ ခရီးစဉ်များအတွက် အထူးအခွင့်အရေးများ ရှိပါသည်။
အနည်းဆုံး(၆)လသက်တမ်းကျန်သောနိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ ၃၀၀၀၀ိ/- လျှော့ပေးပါသည်။
(နယူးဒေလီတွင် ဟိုတယ် ၂-ည အိပ် တည်းခိုပြီး၊ အန္တရာယ်ရှိသော ညဖက် ကားမောင်းခရီးသွားခြင်းလုံးဝမရှိပါ။)
သီနဲ့ဘုရားဖူးအဖွဲ့ - အမှတ်(၂၅)၊ အခန်းအမှတ်(၁၀၃)၊ တတိယထပ်၊ ဓါတ်လှေကားအမှတ်(၂)၊ ယုဇနစီးပွားရေးဇာတ၀ါ၊ မွေ့ဗစော်လမ်း၊ စမ်းချောင်း။ ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664
မဈိမဒေသသာသနာပြုအဖွဲ့ - အမှတ်(၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဝတန်း၊ ရန်ကုန်။ ဖုန်း - 545215, 545216, 555173
မန္တလေးရုံးခွဲ - (I-6)၊ ရတနာမန္တလေးအိမ်ရာ၊ လမ်း၆၀၊ ၃၀×၃၂ကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး၊ ဖုန်း - 09 402 64 8989, 09 5300305



Since 1985
ဧဝတာနာရှင်
ကျိုက်ထီးရိုး ◆ မြဝတီ
ချောင်းသာ ◆ ငပလီ
01-392704, 09 73017110
09795066657, 09785066657



အာရှနဂါး
မြဝတီ / ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100



ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
နိုဝင်ဘာ (၅/ ၉)ရက်နေ့ (ပ/ ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441



ရွှေစင်း ဒေါင်းမင်း 09425355758, 09255913926
ကျိုက်ထီးရိုး / ချောင်းသာ(နေ့စဉ်)
ထားဝယ်၊ လွှင်းကိုလွှင်၊ မောင်းမကန်၊ ဂျိုကွဲပီ၊ ဖက်ဖိ (၅)ရက် Guest-100000
ကောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထယ်စမ်း၊ ကလော (၄)ရက် Guest- 70000
စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စီ (၃)ရက် Hotel Package- 65000
ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး (ရွှေစည်းခုံ)၊ ပုပ္ပါး (၃)ရက် Hotel Package- 65000



FORWARD (YGN)
Travel & Tour Co., Ltd.
Partner - Ngwe Ya Minn (Chaung Tha Beach)
ချောင်းသာ နေ့စဉ်
12,000 Ks
Ph : 09 259259180, 09 259259181, 09 259259182



မြို့လယ် သုဝဏ္ဏ
အင်တာနက် ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှ ဖြစ်မယ်
ဂုဏ်ထူးဦးအောင်ခိုင်
English Speaking ( အင်္ဂလိပ် စကားပြော )
၁၀ တန်းအောင်ပြီးသူ၊ အလုပ်ဝင်လိုသူများ နှင့် ကုမ္ပဏီ၊ ဘဏ် မှ ဝန်ထမ်းများအတွက် သီးသန့်
ဒေါ်စန္ဒာအောင်ခိုင်
B.A ( English )
Diploma in Travel & Tourism
City College of San Francisco
၂၇၂ ပန်းဆိုးတန်း 01 252 919, 09 964 252 919 ပညာနန်းတော်၊ သံသုမာလမ်း 09 798 443320



FULLY LIGHT ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာ ခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်...
လိပ်စာ - ဒဂုံစင်တာ(၁)၊ ဘီဆောင်-၈၀၁၊ မြေနီကုန်း၊ စမ်းချောင်း။
01-503815, 09-333 777 82, 09-42 101 3085



ဇော်ရဲနိုင် Nov.11ည ထွက်မည်
မြဝတီ(၂)ညအိပ်၊ မဲဆောက်၊ ဘားအံ၊ ဝ(၅)ဝ
ကျိုက်ထီးရိုး၊ Visa ၊ ... 75000







# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တွေ
## အသက်(၉၉)နှစ်

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်တင်မေဦး၏မိခင် ဒေါ်တွေ (၉၉)နှစ်သည် ၄-၁၁-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းများ**
**ရန်ကုန်စတော့အိပ်ချိန်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်တင် (၇၆)နှစ်
### (ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး)

မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာနှင့် ရန်ကုန်စတော့အိပ်ချိန်း ဒါရိုက်တာအဖွဲ့ဝင်ဦးဝင်းနိုင်ဦး၏ ဖခင် ဦးမောင်မောင်တင်(၇၆)နှစ်သည် ၃၁-၁၀-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ**
**ရန်ကုန်စတော့အိပ်ချိန်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်းနွဲ့ အသက်(၈၀)
### တောင်ယာကုန်းကျေးရွာ၊ ပုသိမ်မြို့

ဗိုလ်မှူးနေဝင်း လဆသ(၈)၏ ချစ်လှစွာသောမိခင်ဖြစ်သူ ဒေါ်စန်းနွဲ့ အသက်(၈၀)သည် ၆-၁၁-၂၀၁၆ရက် ၁၅း၃၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၅)**
**ကျောင်းဆင်းအရာရှိများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်မြင့် (၆၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သူရိန်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၃၀၂)နေ ဦးနိုင်ဇော်ထွန်း-ဒေါ်ဖြိုးစန္ဒီလင်း (ဦးစီးအရာရှိ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)တို့၏ဖခင် ဦးတင်မြင့် အသက် (၆၉)နှစ်သည် ၆-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၈း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းမြင့်ဦး (သထုံ) (၅၃)နှစ်
### Host Hotel Consultant

ဆရာ ဦးထွန်းမြင့်ဦး (Host Hotel Consultant) အသက် (၅၃)နှစ်သည် ၄-၁၁-၂၀၁၆ (သောကြာနေ့) နံနက် ၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါသည်။

**ဦးစိန်ဝင်း၊ ဒေါ်သင်းသင်းအေးနှင့်**
**(Hotel Magic Mandalay)ဝန်ထမ်းများ**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဆရာမနော်အိုင်လင်း
### (အငြိမ်းစား အထက-၅၊ ပုသိမ်)
## အသက်(၈၀)

ပုသိမ်မြို့အမှတ်(၂၁၈၅)၊ ဘိုကနောင်လမ်းနေ စောဘတူ-နော်ဂျဲနီတို့၏ သမီးကြီး၊ (စောထွန်းအေး)၏ ချစ်လှစွာသောဇနီး၊ (စောအယ်ဖို)၊ နော်ဆာဖော၊ နော်လားပွယ်ဖော (အထက-၅၊ ပုသိမ်)၊ စောအယ်နူ(Boy)၊ ခင်မျိုးချစ်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ စောမူးထော်ဘ၊ နော်ယူဂျီးနီယာ၊ နော်ဗရော်နီကာတို့၏ ချစ်လှစွာသောအဘွားသည် ၇-၁၁-၂၀၁၆ (တနင်္လာနေ့) နံနက်၂နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀ နာရီတွင် ကိုသာဖြူကျမ်းစာကျောင်းခန်းမဆောင်၌ ဝတ်ပြုကိုးကွယ်ပြီး ဘိုကနောင်နှစ်ခြင်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဦးကျော်ကျော်ထွန်း (၄၄)နှစ်
### CDC အမှတ် 43723
### St.Johns Shipping
### M.V WREN

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သမတကမ်းခြေနေ ဦးသန်းထွန်း-ဒေါ်လှကြည်တို့၏ သား၊ (ဦးလှရွှေ)-ဒေါ်တင်ကြည်တို့၏သားသမက်၊ ဦးခင်ဇော်ထွန်း-(ဒေါ်အေးအေးခိုင်)တို့၏ညီ၊ ဦးအောင်ကျော်ထွန်း (APL Shipping)၊ ဦးအောင်မျိုးထွန်း (MSC Cruises Shipping)-ဒေါ်ဇင်မာသက် (ရကတ-ငွေ)တို့၏အစ်ကို၊ ဒေါ်ကြည်ကြည်မော်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဇော်မင်းထွန်း-မနန်းထက်လှိုင်၊ မခိုင်ဆုသိမ်းတို့၏ ဖခင်ကြီးသည် ၂၈-၁၀-၂၀၁၆ (သောကြာနေ့) နံနက် ၁၀း၅၀နာရီတွင် တရုတ်နိုင်ငံ၊ ရန်ထိုင်းမြို့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၆(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဗိုလ်တထောင်ဘုရား ကမ်းနားမှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသန်းမြင့်(ခ)ဦးသန်းအောင်
## အသက် (၇၉)နှစ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ထီးလင်းမြို့နယ်နေ (ဦးဘိုးစံ-ဒေါ်ထွန်းချစ်)တို့၏သား၊ (ဦးတင်နွယ်ဦး)-ဒေါ်မြမြသန်းတို့၏မောင်၊ ဦးမြဝင်း- (ဒေါ်နန်းမေသန်း)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ (၂၂)လမ်း အနောက်၊ အမှတ်(၂၆)နေ (ဒေါ်ခင်ခင်မြင့်)၏ခင်ပွန်း၊ (ဦးထွန်းထွန်းဦး)-ဒေါ်ဝင်းဝင်းချို၊ ဦးကျော်ဇောလင်း (Uniteam Marine)-ဒေါ်ဇင်ပြည့်စုံဝင်းတို့၏ဖခင်၊ မောင်ကောင်းစည်သူ၏အဘိုးသည် ၆-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) ည ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁၁-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ်(၂၆)၊ မာန်ပြေ(၂၂)လမ်း၊ အနောက်၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အိန္ဒြာဒေဝီ(တောင်ကြီး)
## အသက် (၆၇)နှစ်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အမှတ် (၂/က)၊ အနော်ရထာလမ်းဆုံ၊ လမ်းသွယ်နယ်မြေ(၅)၊ ကံအောက်ရပ်ကွက်နေ ဦးကျော်ကျော်ဦး၊ မငွေနှင်းဖြူ၊ ဦးစွမ်းထက်အောင် (Consumer Goods Myanmar Limited၊ တောင်ကြီးရုံးခွဲတာဝန်ခံ)တို့၏ ချစ်လှစွာသောမွေးသမိခင်ကြီးသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ၃-၁၁-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၆ ရက်တွင် အိန္ဒိယနိုင်ငံ၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအားအသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

## လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)
## စောကင့်ကီး(ခ)
## ဦးမောင်မောင်ကြည်(လပွတ္တာ)
## အသက်(၉၆)နှစ်
### သက်ကြီးကန်တော့ခံအဘိုး
### (ကန်တော်လေးစတိုးနှင့် ရွှေလဝန်းခရီးသည်ပို့ဆောင်ရေး ဧည့်ရိပ်သာမိသားစု၏ဖခင်ကြီး)

လသာမြို့နယ်၊ အမှတ်(၅၅)၊ (၂၂)လမ်း၊ မြေညီထပ်နေ (စူးဟန်ရှင်-ဒေါ်ချွင်ချူး)တို့၏သားကြီး၊ (ဒေါ်စိန်ညွန့်)၏ခင်ပွန်း၊ ဦးသိန်းအောင်-ဒေါ်နီ၊ ဦးကျော်စိန်-ဒေါ်ချိုချိုဝင်း၊ ဦးအောင်ဝင်း-ဒေါ်အေးအေးမြင့်၊ ဦးကြည်စိန်-ဒေါ်နီနီမွန်၊ ဒေါ်ကျင်မေ၊ ဦးချစ်ဦး(ထိုင်ဝမ်)တို့၏ဖခင်သည် ၅-၁၁-၂၀၁၆ (စနေနေ့) ညနေ ၆း၅၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ရေဝေးဖူးကျင့်တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (အမှတ်-၅၅၊ ၂၂-လမ်းနေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဒေါ်ခင်စန်းနွယ်(ခ)
## တန်ဘိလျှန်
## အသက်(၆၅)နှစ်

(ဦးငေါ်ကျိုက်ဟုတ်)-ဒေါ်လင်လျှန်ပို့တို့၏သမီးချွေးမ၊ (ဦးချိန်စွမ်း)-ဒေါ်စိန်ထွန်းတို့၏သမီး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ် (၇၉)၊ သုံးလွှာနေ ငေါ်အင်ကတ်(ခ)ဦးသိန်းဝင်း၏ချစ်လှစွာသောဇနီး၊ ဦးအောင်မိုး-ဒေါ်ဖြူဖြူမြ၊ ဦးဇော်မင်းထွန်း-ဒေါ်သန္တာလွင်၊ ကိုအောင်မင်းဆန်း၊ ဒေါ်ခင်ခင်နှင်း-ဦးအင်လိန်ဂူ၊ ဦးထွန်းလင်း-ဒေါ်ခင်ချိုဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၅-၁၁-၂၀၁၆ (စနေနေ့) ညနေ ၅း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မအုံးကြည် (၆၁)နှစ်
### စစ်တွေမြို့

စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်၊ ပန်းခြံလမ်းနေ (ဦးကျော်သာ-ဒေါ်ကျော့မေ)တို့၏သမီးကြီး၊ ဦးမောင်ငွေဖြူ (လောကနန္ဒာဂေါပကအဖွဲ့၊ အတွင်းရေးမှူး)၏ဇနီး၊ ဦးလှကျော် (ဗဂျီးကျော်)၊ ဦးဖြူမောင်၊ ဦးကျော်သိန်းမောင်၊ဦးကျော်သိန်းအေး၊ မအုံးရီ၊ မောင်မောင်(တပ်ကြပ်ကြီး၊ ရဲယာဉ်ထိန်း-တောင်ကုတ်)၊ မအုံးတင်တို့၏ အစ်မ/ညီမ၊ မောင်သိန်းစိုး၊ ညီညီစိုး၊ အောင်နိုင်စိုး၊ မြင့်သိန်းလှိုင်စိုးတို့၏ မိခင်၊မြေးလေးယောက်တို့၏အဘောင်ရှင် ဒေါ်မအုံးကြည်သည် ၆-၁၁-၂၀၁၆ ရက် ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၁၁-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာဂိုတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်မအုံးကြည် (၆၁)နှစ်
### စစ်တွေမြို့

စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်၊ ပန်းခြံလမ်းနေ (ဦးကျော်သာ-ဒေါ်ကျော့မေ)တို့၏သမီးကြီး၊ ဦးမောင်ငွေဖြူ (လောကနန္ဒာစေတီ ဂေါပကအဖွဲ့၊ အတွင်းရေးမှူး)၏ဇနီး၊ ဦးလှကျော်(ဗဂျီးကျော်)-ဒေါ်သိန်းနု၊ ဦးဖြူမောင်-(ဒေါ်မသာနု)၊ ဦးကျော်သိန်းအေး၊ ဒေါ်မအုံးရီ-(ဦးမောင်တင်လှ)၊ ရဲတပ်ကြပ်ကြီးမောင်မောင်-ဒေါ်တင်တင်စန်း၊ (ရဲတပ်ကြပ်ကျော်ဝင်း)-ဒေါ်မာမာအေး၊ဒေါ်မအုံးတင်-(ဦးမောင်ကြီး)တို့၏ ညီမ/အစ်မ၊ မောင်သိန်းစိုး-မနီနီဝင်း၊ မောင်ညီညီစိုး-မညိုညိုစန်း၊ မောင်အောင်နိုင်စိုး - ဒေါ်လှိုင်းဝေ၊ မောင်မြင့်သိန်းလှိုင်စိုး-မအေးအေးခိုင်၊ မလတ်လတ်မိုး၊ မသူဇာကျော်တို့၏ မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘောင်ရှင် ဒေါ်မအုံးကြည်သည် ၆-၁၁-၂၀၁၆ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၁၁-၂၀၁၆ ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာဂိုတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြင်စိန် (၉၇)နှစ်

တောင်ကြီးမြို့နေ (ဦးကြည်လင်း-ဒေါ်အေးသွယ်)တို့၏သမီး၊ (ဦးဘိုးငြိမ်း-ဒေါ်ဦးသာ)တို့၏သမီးချွေးမ၊ တောင်ကြီးမြို့ ကန်အရှေ့ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၉)နေ [ဦးကြင် (အငြိမ်းစားမြူနီစီပယ် အတွင်းရေးမှူး)]၏ဇနီး၊ ဒေါ်မြမြစန်း (ဌာနမှူး၊ စီမံ/ဘဏ္ဍာ၊ တောင်ကြီးတက္ကသိုလ်-ငြိမ်း)၊ ဦးသန်းထွန်းအောင် (M.E.S)(ဒုညွှန်မှူး၊ စက်မှု-၂၊ ငြိမ်း)-ဒေါ်တင်တင်နွယ်(ညွှန်မှူး၊စက်မှု-၂၊ ငြိမ်း)၊ ဒေါ်လှလှမြင့် (အထက်တန်းပြ-ငြိမ်း)-ဦးကျော်မြင့်(ဒုညွှန်မှူး၊ သတ္တုတွင်း-ငြိမ်း)၊ ဒေါက်တာခင်သန်းဌေး (ပါရမီဆေးရုံ၊ ရန်ကုန်)၊ ဦးမြင့်သိန်း (ပြည်နယ်ဦးစီးမှူး၊ စိုက်ပျိုးရေး-ငြိမ်း)-ဒေါ်ရီရီရှိန် (စာရင်းစစ်-ငြိမ်း)၊ ဗိုလ်မှူးစိုးသိန်း(ရေ-ငြိမ်း)၊ (ညွှန်မှူး-ငြိမ်း)၊ (YESB)-ဒေါ်မေသက်ဦး (ပါမောက္ခ-သတ္တဗေဒ၊ ရန်ကုန်အဝေးသင်တက္ကသိုလ်-ငြိမ်း)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးကိုးယောက်၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွား ဒေါ်ကြင်စိန်သည် ၅-၁၁-၂၀၁၆ (စနေနေ့) ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်ကျင်ဝင်း(စကု) (၈၄)နှစ်

စကုမြို့၊ ဖောင်တန်းရပ်နေ ဦးထွန်းဝင်း-ဒေါ်ဒွန်းအေးတို့၏ သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ တိုက်(၃)၊ အခန်း(၅)နေ [ဦးထွန်းသိန်း (စ-စ-စ)]၏ဇနီး၊ (ဦးဇော်ထွန်း)၊ ဦးသာချို(စ-စ-စ-ငြိမ်း)-ဒေါ်ခင်မာနု (စိုက်ပျိုးရေး-ငြိမ်း)၊ (ဦးသက်ထွန်း)၊ ဦးအောင်ကျော်စိုး-ဒေါ်သန္တာ (Golden Crossing Store-ပုသိမ်)၊ ဦးကျော်လွင်-ဒေါ်ဝါဂွမ်းဖြူ (စ-စ-စ နေပြည်တော်)တို့၏မိခင်၊ မဖြိုးသဒ္ဒါချို၊ မမိုးသဒ္ဒါချို(SIS)၊ မောင်ကျော်သာထက်-မခိုင်မွန်ချို၊ ကိုစစ်သွေးအောင်-မချိုဇင်ဝိုင်း၊ ဒေါက်တာဉာဏ်ပိုင်သော်၊ မောင်လွင်ထူးအောင်၊ မသွယ်နှင်းဆုတို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီး ဒေါ်ကျင်ကျင်ဝင်းသည် ၇-၁၁-၂၀၁၆ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၆ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသူဇော် (၆၆)နှစ်
### အမှုဆောင်အင်ဂျင်နီယာ(က) (ငြိမ်း)
### (မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ (ဗိုလ်မှူးမြသောင်း)-ဒေါ်ရီရီသောင်း(USA)တို့၏သားကြီး၊ ဒေါ်ဖြူဖြူသန်း(ခ)ဒေါ်နန်းပုံ၏ခင်ပွန်း၊ မအေးချမ်းဇော်(ခ)ပိုးဥ၏ဖခင် ဦးသူဇော်သည် ၇-၁၁-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ်-၅၂၊ လေးလွှာ၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ
## ဒေါ်အမာနီ(ခ)ဒေါ်သိန်းကြွယ်
### (ပွန်တန်ဆာမြို့)
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ ကျော်သူ(၁၈)လမ်း၊ အမှတ် (၈၉၃)နေ ပွန်တန်ဆာမြို့ (ဦးမောင်တင်-ဒေါ်အုံးကြိုင်)တို့၏ သမီး၊ ပဲခူးမြို့နေ (ဦးထွန်းတင်- ဒေါ်နှင်းရင်)တို့၏သမီးချွေးမ၊ ဦးအောင်မင်းထွန်း(အာမခံကိုယ်စားလှယ်)- ဒေါ်ထိုက်စုအောင် (မြန်မာ့အာမခံလုပ်ငန်း)၊ ဗိုလ်ကြီးဟိန်းမင်းထွန်း(ခအေကရဲမွန်)-ဒေါ်စိုးစိုးမော်၊ ဦးကျော်မင်းထိုက် (အောင်သစ္စာဦးအာမခံလုပ်ငန်း)-ဒေါ်မေမြတ်သူဇာ (မြန်မာ့အာမခံလုပ်ငန်း)၊ မောင်ထက်အောင်လှိုင် (ITC-ဆင်တဲ)၊ မောင်ဟိန်းပြည့် (ရွှေသရဖူရွှေကုမ္ပဏီ)၊ မောင်မင်းဟိန်းကျော်(နဝမတန်း)၊ မဆုနန္ဒနှင်း(ဆဋ္ဌမတန်း)၊ မောင်မင်းသန့်ကျော်(ဒုတိယတန်း)တို့၏ ချစ်လှစွာသောအဘွား၊ မောင်ဘုန်းပြည့်ဟိန်း(KG)၊ မောင်ပြည့်ဖြိုးဟိန်းတို့၏ဘွားဘွားကြီးသည် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ကြူ
## အသက် (၇၉)နှစ်

ရန်ကုန်မြို့၊လသာမြို့နယ်၊ ကမ်းနားလမ်း၊ စာအမှတ်(၃၈၈)၊ (၄)ထပ်နေ (ဦးဘာဘာ-ဒေါ်လှဦး)တို့၏သမီးထွေး၊ (ဒေါ်ရှုရန်-ဦးကြိုင်)၊ (ဦးအောင်လှိုင်-ဒေါ်လှရီ)၊ (ဦးပိုင်)၊ (ဒေါ်ပု)တို့၏ ညီမ၊ တူ/တူမ ကိုးယောက်တို့၏အဒေါ် ဒေါ်ကြူသည် ၆-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၆(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၁၁-၂၀၁၆ ရက်နေ့ စာမျက်နှာ ၃၀ တွင် ပါရှိသော ဝမ်းနည်း (ဗိုလ်ကြီးကျော်မင်းသိန်း-ငြိမ်း) ကြည်း-၂၄၆၃၁အစား ကြည်း-၂၄၃၆၁ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အမာနီ(ခ)ဒေါ်သိန်းကြွယ်
### (ပွန်တန်ဆာ)
## အသက် (၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၁၈)လမ်း၊ အမှတ် (၈၉၃)နေ ပွန်တန်ဆာမြို့ (ဦးမောင်တင်-ဒေါ်အုံးကြိုင်)တို့၏ သမီး၊ ပဲခူးမြို့နေ (ဦးထွန်းတင်-ဒေါ်နှင်းရင်)တို့၏သမီးချွေးမ၊ ဦးခင်မောင်ဆွေ (အကျဉ်းဦးစီးဌာန-အငြိမ်းစား)-ဒေါ်ခင်မကြီး (ဆရာမအငြိမ်းစား)၊ ဦးစိန်လှဝင်း(မြန်မာ့အာမခံ)-ဒေါ်ခင်မလေး (IKBZ Co., Ltd.)၊ ဒေါ်ခင်မအေး (မြန်မာ့အာမခံ FNIP Co., Ltd)၊ ဦးကျော့ရှင်း (ခေတ္တ-ဂျပန်)၊ ဦးအောင်စိုး (မြို့တော်စည်ပင် (တိမ္မေးကုဌာန၊ အငြိမ်းစား)၊ ဗိုလ်ကြီးဝေလင်း (အငြိမ်းစား၊ အထကရွှေနတ်တောင် ၊ သပန)-ဒေါ်ခင်နှင်းဆီ(ခ)ထုလွှမ်၊ ဦးဉာဏ်ဝင်း-ဒေါ်ခင်လှရီ (မြန်မာ့အာမခံ)၊ ဦးအောင်ထွေး (PTE Co., Ltd.)-ဒေါ်တင်မိုးသူဇာ (ဆရာမ-အငြိမ်းစား)တို့၏ ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွား၊ [ဗိုလ်ကြီးတင်ဆောင်(ပညာရေးသနပ်ပင်ကောင်စီအတွင်းရေးမှူး-အငြိမ်း စား)]၏ချစ်လှစွာသောဇနီးသည် ၇-၁၁-၂၀၁၆(တနင်္လာနေ့) ၁၁း၅၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၆ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်သောင်းမြင့်(ပုလောမြို့)
## အသက်(၆၇)နှစ်
### အသင်းဝင်အမှတ်-၆၇၂

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးဝင်းချို၏ဇနီးသည် ၃-၁၁-၂၀၁၆ (ကြာသပတေးနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၆ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ကဝိသာရ
## သိက္ခာတော် (၅၂)ဝါ၊ သက်တော် (၇၂)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက်၊ ဓမ္မိကာရာမကျောင်းတိုက်(တောင်ကျောင်း) ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ကဝိသာရသည် (၁၃၇၈ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ရက်)၊ ၄-၁၁-၂၀၁၆ (သောကြာနေ့) ညနေ ၅း၀၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ [၂၀-၁၁-၂၀၁၆(တနင်္ဂနွေနေ့)တွင် အန္တိမစျာပနပူဇော်ပွဲ ကျင်းပပြုလုပ်ပါမည်။]

စျာပနဖြစ်မြောက်ရေးကော်မတီ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေစက်၊ ရေကန် ဒါယကာကြီး
## ဦးညွန့်ဖေ(ခ) Robert Tun Ohn (၈၈)နှစ်
### မန္တလေးတက္ကသိုလ်ဘောလုံးလက်ရွေးစင်
### အငြိမ်းစား အထက်တန်းအရာရှိ(ရပကရ)

မန္တလေးမြို့နေ (ဦးထွန်းအုံ-ဒေါ်သန်း)တို့၏ တစ်ဦးတည်းသောသား၊ (ဒေါ်ခင်လေးမြင့်)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးနေဝင်း)-ဒေါ်ရှယ်လီသောင်း၊ ဦးနေလင်း-ဒေါ်မျိုးမျိုးရှိန်၊ ဒေါက်တာရဲလွင်-ဒေါ်သဇင်လွင်တို့၏မွေးသဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးသည် ၇-၁၁-၂၀၁၆ (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ခြံအမှတ်(၄၂)၊ ပန်းဝါလမ်းသွယ်၊ ကမာကြည်လမ်း၊ ရပ်ကွက်အမှတ်(၃၀)၊ သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ဘေဘီ(ခ)ဒေါ်ကြည်ကြည် (၈၂)နှစ်
### ကုန်သွယ်ရေး(၉)(ငြိမ်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ ဆရာထွန်းလမ်း၊ အမှတ်(၆)၊ မြေညီထပ်နေ (ဦးအိုင်ဒင်-ဒေါ်ကြီးခင်)တို့၏ သမီး၊ [ဦးဘိုနီ(ခ)ဦးမင်းအောင်(မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)]-ဒေါ်ဝေဝေသွင်၊ ဦးတိုနီ (မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)-ဒေါ်ခင်သူရတို့၏အစ်မ၊ တူ/တူမငါးယောက်တို့၏ကြီးတော် ဒေါ်ဘေဘီ(ခ)ဒေါ်ကြည်ကြည်သည် ၇-၁၁-၂၀၁၆ (တနင်္လာနေ့) နံနက် ၈း၁၅နာရီတွင် ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး(ရန်ကုန်)၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသန်းတင်(ပညာရေး) (၇၆)နှစ်
### ရခိုင်ပြည်နယ်ပညာရေးမှူး (စစ်ဆေးရေး-ငြိမ်း)
### သယ်န်းကျွန်းမြို့နယ်ပညာရေးမှူး(ငြိမ်း)
### နမ့်ခမ်းမြို့နယ်ပညာရေးမှူး (ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ သုဓမ္မာလမ်း၊ အမှတ်(၇) ခြံဝင်းနေ (ဦးလှထွန်း-ဒေါ်လှရှိန်)တို့၏သားကြီး၊ (ဦးသန်းစိုးဦး)-ဒေါ်အေးအေး(မူဆယ်)၊ ဦးအေးမင်း-ဒေါ်လှမြတ်စိုး(အမက-၃၊ တာမွေ)၊ (ဦးမင်းမင်းစိုး)-ဒေါ်မိုးမိုးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်အေးသန်း (စား/ထွေ-ငြိမ်း)၏ခင်ပွန်း ဦးသန်းတင်သည် ၇-၁၁-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀း၃၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မော်ဘီချမ်းမြေ့ရိပ်သာကျောင်း
## ရာသက်ပန်ဆွမ်းပဒေသာပင်အလှူရှင်
## ဒေါ်အေးချေ(ပန်းချယ်ရီအပ်ချုပ်ဆိုင်) (၆၅)နှစ်
### လေးတောင်၊ ရွာဟောင်းရွာ

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်ရွာဟောင်းရွာနေ (ဦးမောင်ဖြူသီး-ဒေါ်လှဦး)တို့၏သမီးကြီး၊ (ဦးသာဖြူအောင်-ဒေါ်ဝင်းသာမ)တို့၏ သမီးချွေးမ၊ (ဦးမောင်ဦးထွန်း)-ဒေါ်သိန်းနုတို့၏တူမ၊ မြောက်ဥက္ကလာပမြို့နယ်၊ (ယ)ရပ်ကွက်၊ မေဓာဝီလမ်း၊ အမှတ် (၁၆)နေ ဦးထွီးစိန်၏ ချစ်လှစွာသောဇနီး၊ ဦးမောင်အေးရွှေ (ရွှေပန်းထိမ်ဆရာ)-ဒေါ်ခင်သန်းရွှေ၊ ဦးကျော်ရွှေ (လှရတနာရွှေဆိုင်)-ဒေါ်မခင်စော၊ ဦးထွန်းမြင့်(ရွှေပန်းထိမ်ဆရာ)-ဒေါ်ရီရီသန်း၊ ဦးသန်းအောင်-ဒေါ်မြင့်မြင့်သန်း(ကထိက၊ပထဝီဌာန၊ ပြည်တက္ကသိုလ်)တို့၏အစ်မကြီး၊ ဦးမျိုးဇော်-မချယ်ရီထွန်း၊ မအေးမီထွန်းတို့၏မိခင်၊ မောင်မင်းသုတ၏ ဘွားဘွားကြီးသည် ၆-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၄း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၆ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းဝင်း(တောင်တွင်းကြီးမြို့) (၆၄)နှစ်

တောင်တွင်းကြီးမြို့၊ မောင်းတိုင် (၁) ရပ်ကွက်နေ (ဦးမင်းပျို-ဒေါ်စောရှင်)တို့၏သမီးငယ်၊ [ဒုတိယဗိုလ်မှူးကြီးအောင်ဝင်း (အမှတ်-၂ လျှပ်စစ်ဝန်ကြီးဌာန-ငြိမ်း)]၏ဇနီး၊ ကိုညီညီ-မခိုင်ဇာအောင်၊ ကိုမျိုးမင်းအောင်-မအိဖူးဖူးပိုင်တို့၏မိခင်၊ မသွန်းဆုညီ(အထက-၂၊ကမာရွတ်)၏အဘွား ဒေါ်ခင်သန်းဝင်းသည် ၇-၁၁-၂၀၁၆ရက် နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၆ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (တိုက်-၁၀၊ အခန်း-ဘီ၊ မာလာမြိုင် ၃ လမ်း၊ ပါရမီစိန်ဂေဟာအနီး၊ လှိုင်မြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၆ရက် နံနက် ၇ နာရီမှ ၁၀ နာရီထိ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ကြည်(ခ)Muriel Maung Maung (ချီကာဂို)
### သရုပ်ပြ(ငြိမ်း)၊ ဓာတုဗေဒဌာန၊ ရန်ကုန်ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ်
## အသက် (၆၃)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မောင်-ဒေါ်သိန်းကြည်)တို့၏ သမီးကြီး၊ (ဦးကျိုက်လတ်-ဒေါ်ပိုးတီ)တို့၏ သမီးချွေးမ၊ အမေရိကန်နိုင်ငံ၊ ချီကာဂိုမြို့နေ ဦးလှမြင့် (သရုပ်ပြ-ငြိမ်း၊ ဓာတုဗေဒဌာန၊ ဒေသကောလိပ်-၃၊ကြည့်မြင်တိုင်)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာစုနန္ဒာအောင်၊ မောင်စည်သူဝင်း(IBM)တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်၊ (ဦးအေးမြင့်)၊ ဒေါ်မြင့်မြင့်ရွှေ (ဦးသန်းအောင်)-ဒေါ်မြင့်မြင့်ဝေ၊ ဦးထွန်းသွင်-ဒေါ်ချိုပြုံး၊ ဦးဇေယျာမောင်မောင်-ဒေါ်စန္ဒာလှိုင်တို့၏ ကျေးဇူးရှင်အစ်မကြီး၊ တူ/တူမ ၁၂ ယောက်တို့၏ ကြီးတော်သည် ၆-၁၁-၂၀၁၆ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁း၅၀ နာရီတွင် အမေရိကန်နိုင်ငံ၊ ချီကာဂိုမြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်ကအားထားရသည့် အုပ်ချုပ်ရေးဌာနကြီးအဖြစ် ကြိုးပမ်းသွားကြရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မှာကြား** စာမျက်နှာ - ၃




# ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး စတင်ဝင်ရောက်

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု တစ်ဟုန်ထိုးတိုးတက်လျက်ရှိရာ အပျော်စီးသင်္ဘောများဖြင့် လာရောက်လည်ပတ်သော ခရီးစဉ်များသည် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုတိုးတက်လာရေးကို များစွာအထောက်အကူဖြစ်စေကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❖

# တိုင်းဒေသကြီးနှင့်ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲနောက်ဆုံးနေ့ ပွဲစဉ်များနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

တိုင်းဒေသကြီးနှင့်ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယနေ့နံနက် ၆ နာရီတွင် စတင်ကျင်းပခဲ့သည်။

အမျိုးသားမာရသွန်ပြိုင်ပွဲတွင် နေမင်းအောင် (ရန်ကုန်တိုင်းဒေသကြီး) က ၃ နာရီ ၁၁ မိနစ် ၃၉ ဒသမ ၅၉ စက္ကန့်ဖြင့် ပထမနှင့် အမျိုးသမီးမာရသွန်ပြိုင်ပွဲတွင် တင်မိုးဝါ (ပဲခူးတိုင်းဒေသကြီး) က ၄ နာရီ ၇ မိနစ် ၈ ဒသမ ၇၂ စက္ကန့်ဖြင့် ပထမဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

အမျိုးသားသံပြားဝိုင်းပစ်ပြိုင်ပွဲတွင် လန်ဒန်မွှေး(ချင်းပြည်နယ်)က ၃၉ ဒသမ ၄၁ မီတာဖြင့် ပထမနှင့် အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် မြတ်သဉ္ဇာဝင်း (မန္တလေးတိုင်းဒေသကြီး)က ၅ ဒသမ ၁၉ မီတာဖြင့် ပထမဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ထွန်းနေအောင်(ပဲခူးတိုင်းဒေသကြီး)က ၅၇ ဒသမ ၉၉ စက္ကန့်ဖြင့် ပထမနှင့် နန်းမြင့်အေး(ကယားပြည်နယ်)က ၆၇ ဒသမ ၄ စက္ကန့်ဖြင့် ပထမဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

အမျိုးသမီး လှံတံပစ်ပြိုင်ပွဲတွင် အေးအေးအောင် (ပဲခူးတိုင်းဒေသကြီး) က ၃၃ ဒသမ ၃၀ မီတာဖြင့် ပထမနှင့် အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲတွင် အေးချမ်းပိုင် (ရခိုင်ပြည်နယ်) က ၁၃ ဒသမ ၉၅ မီတာဖြင့် ပထမဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

# ဆူဇူကီးဖလားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း ဆက်လက်ပြင်ဆင်

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံတို့၌ ကျင်းပမည့် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲစတင်ရန် နီးကပ်လာပြီဖြစ်သောကြောင့် မြန်မာ့လက်ရွေးစင်အသင်းမှာ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာအသင်းသည် ပြိုင်ပွဲအကြိုနောက်ဆုံးခြေစမ်းပွဲအဖြစ် အိုမန်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အင်ဒိုနီးရှားနှင့်ပွဲထက်ပိုကောင်းသည့် ခြေစွမ်းပြသနိုင်ရန် ပရိသတ်များက မျှော်လင့်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များကို ပထမဆုံးအကြိမ် လက်ခံကျင်းပခြင်းဖြစ်ပြီး ထိုက်သင့်သည့်အောင်မြင်မှုရရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီစဉ်လျက်ရှိသည်။ အေဘရာမိုဗစ်ခေတ်လွန် မြန်မာ့လက်ရွေးစင်အသင်းကို ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည်။ ဂျာမန်လူမျိုးနည်းပြ ဂတ်ဖရိုင်းဒရစ်က တာဝန်ယူခဲ့ပြီး တစ်နှစ်စွန်းစွန်းကာလကို ရောက်ရှိလာပြီဖြစ်သည်။ ဂတ်ဖရိုင်းဒရစ်လက်ထက်တွင် မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ယခုမှသာ အဓိက နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ရခြင်းဖြစ်သည်။ တစ်နှစ်ကျော်ကာလအတွင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်နှစ်ပွဲ၊ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲနှင့် နိုင်ငံတကာခြေစမ်းပွဲများသာ ယှဉ်ပြိုင်ကစားခဲ့ပြီး စက်တင်ဘာလမှ အောက်တိုဘာလအထိ ဥရောပနိုင်ငံများတွင် သွားရောက်လေ့ကျင့်ခဲ့သည်။ ဂတ်ဖရိုင်းဒရစ်သည် မြန်မာ့လက်ရွေးစင်အသင်းကို ကိုင်တွယ်ရာတွင် အစပိုင်း၌ ရလဒ်များဆိုးရွားခဲ့ပြီး ပထမဆုံးနိုင်ပွဲကို လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲတတိယနေရာလုပွဲကျမှသာ

စာမျက်နှာ ၈ ကော်လံ ၅ သို့ ◯


နိုဝင်ဘာ ၄ ရက်က မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်း ခြေစမ်းကစားစဉ်။


DECO-LAND GROUP

ONE-STOP TRUSTED PAPER SUPPLIER

**Copy Paper**
Copy Paper
Color Copy Paper

**Printing Paper**
Art Card
Art Paper
Woodfree
Newsprint

**Packaging Paper**
Cast Coated
Duplex
Grey Chip Board
Triplex Paper
Yaeni Paper
Ivory Board
Medium Paper
Test Liner
Kraft Liner
PEC Coated

**Special Paper**
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Perfume Card
Pearlesent Paper
Sticker paper
Tracing Paper

**Stationery paper**
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll



Hot Line : 01 684292, 684405~08